www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဧဒဝတာ
ပီယမျက်နှာဖုံး/ဧဒဝတာ၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၄၊ ဩဂုတ်လ၊ (၅၀၀)အုပ်၊
ဝ၆ဝ - စာ၊ ၁၃.၅ x ၂၁ စင်တီ၊
(၁) ဧဒဝတာ



# ဧဒဝတာ


## ပီယမျက်နှာဖုံး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

တ ဖျတ်ဖျတ်လက်နေသော စတူဒီယိုအခန်းထဲ၌ ဇော်ထက်တစ်ယောက် အားကြိုးမာန်တက်ဖြင့် ဓါတ်ပုံတွေတစ်ပုံပြီး တစ်ပုံ ရိုက်နေလေ၏။ ဖူဇန်ကျော်ကတော့ ပုံးစံအတိုင်း ပို့(စ်)တွေ တစ်ခုပြီးတစ်ခုလုပ်ကာ ဟန်ရေးပြနေသည်။ ဒါမျိုးလုပ်တယ်ဆိုတာ ရှက်နေ၍မဖြစ်. . ။ ထိုမရှက်တတ်သော ဟန်ပန်အမူအရာတွေကို မှ ဇော်ထက်က အမိအရရိုက်ယူလို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာကို နည်းနည်းလေးပြုံးလိုက်. ."

ကင်မရာဘက်လှည့်ကာ မဲ့တရို့လေးပြုံးရင်း လှမ်းကြည့်နေသော သူမမျက်နှာလေးက အသက်ဝင်ကာ ချစ်စရာကောင်းနေ၏။ ဇော်ထက် ကင်မရာကို မျက်နှာနှင့်ခွာလိုက်ပြီး မရိုက်သေးဘဲ တစိမ့်စိမ့်ကြည့်နေမိသည်။ ပြီးမှ . . သက်ပြင်းမောကိုချလျှက် လက်ကျန်ပို့(စ်)များကို ဆက်တိုက်ရိုက်လိုက်တော့၏။

"ဖျတ်! . . ချပ်! . . ချပ်! . ."

ဇော်ထက်က နာမည်ကျော် ဓါတ်ပုံဆရာတစ်ဦးဖြစ်၏။ အနုပညာရှင်ပေါင်းများစွာကို ဓါတ်ပုံရိုက်ပေးခဲ့သော်လည်း လုပ်ငန်းတာဝန်တစ်ခုထက်တော့ မပိုခဲ့. .၊ အချောအလှများ အပေါ်လည်း သူ. . မသာယာခဲ့. .။

သို့သော် သူမနှင့်တွေ့မှ သူ့ရင်က ဗလောင်ဆူလာခဲ့သည်။ မကြုံဖူးသော ရှားပါးသောရင်ခုန်သံကို သူပြန်ကြားနေရသည်။ ပိတ်ဆို့နေသော နှလုံးသားတံခါးတွေက လှိုက်ဖိုခြင်းများစွာဖြင့် တစ်ချပ်ပြီးတစ်ချပ်၊ တစ်ခုပြီးတစ်ခု. . ပွင့်လာခဲ့သည်။

ဇူဇန်ကျော်က ပေါ်ပြူလာမော်ဒယ်တစ်ယောက် ဖြစ်သလို အနုပညာလောက၌ လင်းလက်နေသော ကြယ်တစ်ပွင့်လည်းဖြစ်သည်။ ဇူဇန်ကျော်၏ အလှက 'Hot' ဖြစ်၏။ သို့သော်. . ဇော်ထက်အတွက်တော့ ဇူဇန်ကျော်သည် အေးမြသော စမ်းချောင်းတစ်ခုပမာ ဖြစ်နေလေသည်။

ဇော်ထက်စတူဒီယိုထဲတွင်လည်း သူမပိုစတာများက နေရာယူထား၏။

ထိုစဉ်. . စတူဒီယိုအခန်းထဲသို့ ရှုံ့မဲ့မိုးအပြည့်နှင့် လူတစ်



ယောက်ဝင်လာသည်။ ထိုသူမှာ. . သူတို့နှစ်ယောက်ကို လက်ပိုက်ကြည့်နေလေသည်။

ဇူဇန်ကျော်က ထိုသူအား 'ပြီးတော့မယ်'ဟူသော ပုံစံဖြင့် လက်ဟန်ခြေဟန် လုပ်ပြလိုက်၏။

အားလုံးပြီးတော့ ဇော်ထက်တစ်ယောက် ပင်ပန်းသွားဟန်နှင့်စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။ စောစောက ဝင်လာသူကို လက်ဆွဲခေါ်ကာ ဇူဇန်ကျော် သူ့အနားပြန်ရောက်လာသည်။

"ဆရာ. . ဒါ ဇူဇန်နဲ့ လက်ထပ်တော့မယ့် အမျိုးသား. . ကိုရဲကျော်သူတဲ့. ."

"ဪ. . ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ်"

မသက်သာလို့ လက်ဆွဲနှုတ်ဆက်လိုက်ရသော်လည်း ဇော်ထက်ရင်ထဲ အတော်အောင့်ကာ ကျန်ခဲ့၏။

"ကိုရဲ. . ဒီနေ့ ဇူဇန်နောက်ကျမယ်၊ ပဂ္ဂဇင်းမျက်နှာဖုံးအတွက် ဆက်ရိုက်ရမှာ၊ အဲဒါကြောင့် ဖုန်းတောင်မကိုင်နိုင်ဘူး ကိုရဲ"

"ကိုရဲလည်း ဇူဇန့်ကို အရမ်းတွေ့ချင်နေတာ. .၊ အင်း. . အားလုံးပြီးသွားရင် ဖုန်းဆက်လိုက်လေ ကိုရဲလာခေါ်မယ်. ."

"အင်း. . အိုကေ၊ ဒါဆို. . ဘိုင့်ဘိုင်"

သူတို့ပြောဆိုနေသံကို ဇော်ထက်အတိုင်းသား ကြားနေသည်။ သူ့ရင်တွေလည်း ဗလောင်ဆူလို့နေ၏။

"ငါဘာလုပ်ရမလဲ. . ဇူဇန်လေးကို လက်လွှတ်ရတော့မှာလား. ."

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် တွေးကာ မှုလောင်မိသည်။

ရဲကျော်သူဆိုသူ ပြန်သွားတော့မှ လတ်တလောပူလောင်နေတာတွေ အနည်းငယ် ပြေလျော့နိုင်ခဲ့သည်။ ဗူဇန်ကျော်ကို ဓါတ်ပုံတွေ ဆက်ရိုက်ပေးနေသော်လည်း အလုပ်ထဲ စိတ်မပါနိုင်အောင်ဖြစ်ရလေသည်။

၅ ၅ ၅ ၅



"ရော့. . . ရေနွေးသောက်ကြဦး၊ အဘမှာတော့ ညှော်ခဲစရာဆိုလို့ ဒါပဲရှိတယ်"

"ရပါတယ်. . အဘ"

ဇော်ထက် ရိုသေစွာပြန်ပြောရင်းက ထောင်တန်တစ်အုပ်ကိုအဘဦးဒေဝရှေ့သို့ ချပေးလိုက်သည်။ အတူပါလာသော နေပိုင်ပင်လျှင် အံ့သြစွာဖြင့် သူငယ်ချင်းဖြစ်သူဇော်ထက်ကို ငေးကြည့်မိသည်။ ထိုကိစ္စအတွက် ဤမျှအထိ လက်ဖွာမည်ဟု မထင်ထားခဲ့။

ဇော်ထက်ကတော့ ပြုံးရွှင်စွာဖြင့်. .

"ဘယ်လိုမှ သဘောမထားပါနဲ့အဘ၊ ဒါက အဘကို ဂါရဝပြု ကန်တော့တာပါ၊ တကယ်အောင်မြင်ရင်. . ဒီ့ထက်မကထောင်ကန်တော့ချင်ပါသေးတယ်"

ဇော်ထက်စကားကြောင့် ဦးဒေဝမှာ ခေါင်းတဆတ်ဆတ်

www.burmeseclassic.com



ညိတ်ရင်း တွေးခံထဲသို့ ကွမ်းတံတွေး ထွေးလိုက်၏။ ထို့နောက်. . .

"အင်းလေ. . မောင်ရင်ဘက်က ဒီလောက်တောင် သေချာနေမှတော့ တော်ရုံအချစ်မျိုး မဟုတ်တော့ဘူးဆိုတာ အဘနားလည်ပါတယ်၊ အင်း. . အခုခေတ်လူငယ်တွေဟာ ချစ်မိရင် တကယ့်ကိုအရူးအမူး ဖြစ်တတ်ကြတာကိုး၊ ကောင်းပြီလေ အဘတတ်ဟဲ့ပညာတွေ ပြန်ထုတ်သုံးရတော့မှာပေါ့"

ဇော်ထက်မှာ နီးစပ်ရန် ကြံရာမရသည့်အဆုံး သူငယ်ချင်းနေပိုင်၏ အကြံပေးမှုကြောင့် ဆရာကြီးထံသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

"အဘက မောင်ရင့်ကို သိပ်အစွမ်းထက်တဲ့ မျက်နှာဖုံးတစ်ခု လုပ်ပေးမယ်၊ ပီယမျက်နှာဖုံးလို့ခေါ်တယ် မောင်ရင်. ."

ဦးဒေဝ၏စကားကြောင့် ဇော်ထက်မှာ အံ့ဩသွားဟန်ဖြင့် သူငယ်ချင်းဖြစ်သူနေပိုင်ကို လှမ်းကြည့်လိုက်သည်။

နေပိုင်က လက်မထောင်ပြလိုက်၏။

"ပီယမျက်နှာဖုံး. . . ဟုတ်လား အဘ"

"ဟုတ်တယ်ကွဲ့. . ပီယအရာမှာ တုဖက်ကင်းတဲ့ မျက်နှာဖုံးပေါ့၊ တစ်နည်းပြောရရင် မှော်စွမ်းအားတွေနဲ့ စီရင်ထားတဲ့ မျက်နှာဖုံးပဲ၊ ဒီမျက်နှာဖုံးကိုစွပ်ပြီး ကြည့်ရင်. . အကြည့်ခံရသူက မိမိကို တမ်းတမ်းစွဲ ချစ်ကြိုက်လာလိမ့်မယ်"

အဘ၏စကားကြောင့် ဇော်ထက်ရင်ထဲ ကြည်နူးလှိုင်းခတ်သွားရသည်။ စွဲလွန်းရင်ခုန်ခဲ့ရသော ဖူးရန်ကျော်၏ စွဲမက်ဖွယ် အပြုံးလေးကိုလည်း မြင်ယောင်လာမိ၏။

"ဒါပေမယ့် ဒီမျက်နှာဖုံးနဲ့ ပတ်သက်ပြီး ဆောင်ရန် ရှောင်





ရန်လေးတွေတော့ ရှိတယ်ကွဲ့၊ ဒီစည်းကမ်းတွေကတော့ အတိအကျ လိုက်နာရလိမ့်မယ်နော်. ."

"ဟုတ်ကဲ့ပါအဘ. . အမိန့်ရှိပါ၊ ကျွန်တော် အတိအကျ လိုက်နာပါ့မယ်. ."

"မျက်နှာဖုံးစွပ်ပြီး ကြည့်တဲ့အခါမှာ တဖက်လူရဲ့ မျက်လုံးနဲ့ မျက်လုံးချင်း ဆုံမိရမယ်၊ ဒါ အရေးကြီးတဲ့အချက်ပဲ၊ ဒီလိုဆုံမှ အာနိသင် ရှိလိမ့်မယ်၊ ပြီးတော့ ဒီမျက်နှာဖုံးကို မောင်ရင်ကိုယ်တိုင် ပြုလုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘ. ."

ဦးဒေဝက စာရွက်တစ်ရွက်နှင့် ဆောက်ခုံးတစ်လက် ကို ထုတ်ပေးလိုက်၏။

"မျက်နှာဖုံး ဘယ်လိုလုပ်ရမလဲဆိုတာကို ဒီစာရွက်ထဲ မှာ လိုအပ်တဲ့အစီအရင်တွေကို တစ်ဆင့်ချင်း အတိအကျ အကုန်ရေးထားတယ် မောင်ရင်၊ ဆောက်ခုံကတော့ သစ်သားကို ထွင်းဖို့အတွက်ပေါ့"

ထို့နောက်နှစ်ယောက်သား အဘကိုကန်တော့၍ ပြန်လာခဲ့ကြသည်။ အပြန်လမ်းတွင်တော့ ဇော်ထက်က တက်ကြွစွာဖြင့်. .

"နေပိုင်. . မင်းကို ဘီယာအဝတိုက်မယ်ကွာ"





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၂)

မြိုင်ဝါကွန်ဒို၏ အခန်းအမှတ်(၇၁၂)တွင် တစ်ယောက်သောသူမှာ မအိပ်နိုင်ဘဲ ရှိနေ၏။ နံရံတွင်ကပ်ထားသော ဇူဇန်ကျော်၏ ဓါတ်ပုံရှေ့တွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်ရင်း . . ဓါတ်ပုံတွေကို ငေးကြည့်နေသည်။ ဓါတ်ပုံထဲက ဇူဇန်ကျော်မှာ သူ့ကို ပြုံးပြနေသလို ခံစားနေရ၏။

ကြည့်နေရင်း ဇော်ထက်တစ်ယောက် ဇူဇန်ကျော်ကို ထွေး

www.burmeseclassic.com

www.burmeseclassic.com



ပွေ့ထားချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။ ခါတ်ပုံရှေ့မှထကာ စားပွဲခုံတစ်ခုဆီသို့ ဇော်ထက်လျှောက်သွားသည်။

စားပွဲပေါ်တွင် လက်စသတ်အချောကိုင်ပြီးသော သစ်သား မျက်နှာဖုံးတစ်ခု. . . ။

ထိုစားပွဲခုံရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ခုံပေါ်တင်ထားသော ဓါးတစ်ချောင်းကို လှမ်းယူလိုက်သည်။ ပြီးတော့ ဦးဒေဝပေးလိုက်သော စာရွက်ထဲက နောက်ဆုံးအချက်အတိုင်း သူ၏ ဘယ်ဘက်လက်ဖဝါးကို ဓားဖြင့်လှီးချလိုက်သည်။

"အ!. ."

နာကျင်သွားသော်လည်း ဇော်ထက်ကြိတ်မှိတ်ကာ သည်းခံလိုက်ရသည်။ သူ့လက်ဖဝါးပေါ်မှ သွေးစက်များအား သစ်သားမျက်နှာဖုံးပေါ်သို့ ကျစေသည်။ သစ်သားမျက်နှာဖုံးမှာ ထူးဆန်းစွာပင် ကျလာသောသွေးစက်များကို စုပ်ယူသွား၏။ ဤတွင် ဦးဒေဝပေးလိုက်သော စာရွက်လေးထဲကအတိုင်း 'ပီယမျက်နှာဖုံး'တစ်ခုကို ဇော်ထက် လုပ်ဆောင်လို့ပြီးသွား၏။

မနက်ဖြန်တွင် ဖူဇန်ကျော်နှင့် ဓါတ်ပုံရိုက်ဖို့ရှိသေးသည်မို့ ဇော်ထက် ကြိတ်ပြုံးလိုက်မိသည်။ မျက်နှာဖုံးလေးကို သူ့အိပ်ရာခေါင်းရင်းတွင်ထားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

၃ ၃ ၃ ၃





**နောက်** နေ့ရိုက်ကွင်းတွင် ဖူဇန်ကျော်ကို ဓါတ်ပုံရိုက်ပေးပြီး ဇော်ထက်တစ်ယောက် စောစောစီးစီး ခြေရာဖျောက်နေလိုက်သည်။

"မိငယ်. . အဝတ်အစားအိပ်ယူခဲ့"

"ဟုတ်ကဲ့. . မမ. ."

ဖူဇန်ကျော်က အကူကောင်မလေး မိငယ်ကို ပစ္စည်းတွေသိမ်းခိုင်းလိုက်၏။ ပြက္ခဒိန်မျက်နှာဖုံးအတွက် နှစ်နာရီနီးပါးမျှ ရိုက်ခဲ့ရ၍ တစ်ကိုယ်လုံး ညောင်းညာနေလေပြီ။

"အစ်မ. . ဒါ. . အစ်မပစ္စည်းနဲ့တူတယ်"

ရိုက်ကူးရေးအဖွဲ့မှ ကောင်လေးတစ်ယောက်က ပါဆယ်ဘူးလေးတစ်ခု လာပေး၍ ဖူဇန်ကျော် အံ့ဩသွား၏။

"ဟဲ့. . ဘာလဲ၊ ဘယ်သူလာပေးခိုင်းလိုက်တာလည်း"

ကောင်လေးက ခေါင်းကုတ်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ ခုံပေါ်မှာတွေ့တာ၊ ဘူးပေါ်မှာ အစ်မနာမည်ရေးထားတာတွေ့လို့"

"ဘယ်လိုကောင်လဲဟ. . အူကြောင်ကြောင်နဲ့"

ပါဆယ်ဘူးတွင် စာရွက်အဝါလေးတစ်ရွက်ကို တိပ်ဖြင့်ကပ်ထား၏။ အံ့သြနားမလည်နိုင်စွာဖြင့် ဇူဇန်ကျော်က ဖြုတ်ကြည့်လိုက်သည်။

Happy Birthday Zu Zan ဟုရေးထားကာ အောက်တွင်တော့ 'ကားပါကင်မှာစောင့်နေမယ်' ဟု စာလုံးသေးသေးလေး ဖြင့်ရေးထားသေးသည်။

သူမချစ်သူ၏ စိတ်ဝင်စားဖွယ် Game တစ်ခုဟု တွေးထင်လိုက်ပြီး ပြုံးလိုက်သည်။

"မမ. . မမမွေးနေ့က ဒီနေ့မှမဟုတ်ဘဲ၊ မနက်ဖြန်မှ မဟုတ်လား"

"ဟုတ်တယ် မိငယ်၊ နေအုံး. . ငါကားပါကင်နား သွားကြည့်လိုက်အုံးမယ်"

ဇူဇန်ကျော်က မိငယ်ကို ခဏစောင့်ခိုင်းကာ ခပ်လှမ်းလှမ်းရှိကားပါကင်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ ဒေါက်ဖိနပ်သံ၏ 'တခွပ်ခွပ်' အသံကြောင့်. . ပစ္စည်းတွေသိမ်းဆည်းနေသောရိုက်ကူးရေး အဖွဲ့သားများ သူမကိုလှည့်ကြည့်ကြ၏။

တချို့က ပြုံးပြကြသည်။

တချို့က အာသာငန်းငန်းနှင့်. . .။

အလှတွေဆူဝေနေသော မော်ဒယ်လ်တစ်ယောက်အတွက်ထိုအကြည့်၊ ထိုအပြုံးတွေက မဆန်းတော့ပေ။ သို့သော် ယခုတစ်





ကြိမ် သူတို့က ပြုံးရုံတင်ပြုံးသည်မဟုတ်။ အချင်းချင်းလည်း တစ်ခုခုတို တီးတိုးပြောနေပြန်သည်။

နည်းနည်းတော့ ထူးခြားနေသည်ဟု ဇူဇန်ကျော် တွေးမိသည်။ သို့သော်. . သိပ်များများစားစားတော့ တွေးစရာမရှိ။

ယောကျ်ားသားများ၏ မျက်လုံးတွေ၌ တူညီသောအကြည့်တွေ၊ တူညီသောအဓိပ္ပါယ်တွေကို ဇူဇန်ကျော် သိပြီးဖြစ်၏။

လှပတောင့်တင်းသော မိန်းကလေးတစ်ယောက်အပေါ် ယောကျ်ားသားများ၏အကြည့်သည် တဏှာမျက်ဝန်း၊ တပ်မက်မှုမှလွဲ၍ အခြားမရှိပေ. .။

စည်းချက်ကျကျ လှုပ်ရှားမှုများနှင့်အတူ ဇူဇန်ကျော်က စတူဒီယိုအိမ်ကိုပတ်၍ ကားပါကင်ရှိရာသို့ ကွေ့ဝင်လိုက်စဉ်. .

"ဟယ်!. . အမေ့"

ထောင့်ချိုး၌ကွယ်ကာ ရပ်နေသော လူတစ်ယောက်ကြောင့် ဇူဇန်ကျော် အထိတ်တလန့် ဖြစ်သွားရ၏။ ပိုလန့်စရာကောင်းသည်မှာ ထိုသူမှာ မျက်နှာဖုံးတပ်ထားခြင်းကြောင့်ပင်ဖြစ်သည်။

"ဇူဇန်. ."

"ဟင်!. . ရှင်. . ရှင်"

ရင်းနှီးကြားဖူးသော ခေါ်သံကြောင့် ဇူဇန်ကျော်မှာ ကြောင်အမ်းအမ်းဖြစ်သွားကာ ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

ထိုမှတစ်ဆင့် မျက်လုံး. . .။

ထိုစဉ် ဇူဇန်ကျော်မှာ အညှို့ခံလိုက်ရသလို ဖြစ်သွားသည်။ ချက်ချင်းပင် မျက်လုံးများ မှေးစင်းသွားပြီး သူမ ခေါင်းငိုက်စိုက်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြန်မော့လာတော့ မျက်နှာဖုံးနှင့်ဇော်ထက်ကို ဖူဇန်ကျော် ရုပ်သေကြီးဖြင့် ကြည့်နေ၏။ ထိုမှတဆင့် နှုတ်ခမ်းဖူးလေး ဖြည်းညင်းစွာ လှုပ်ရှားလာပြီး အပြုံးဘက်သို့ ကူးပြောင်းသွားသည်။

ဇော်ထက်လည်း စွပ်ထားသောသစ်သားမျက်နှာဖုံးကို အသာလေး ဆွဲချွတ်လိုက်၏။

"ဟင်. . ကိုဇော်ထက်. . ဒီမှာဘာလာလုပ်နေတာလဲ"

"ဖူဇန့်ကိုစောင့်နေတာလေ"

"ဘာလုပ်ဖို့လဲ ကိုဇော်ထက်ရဲ့"

ဖူဇန်ကျော်၏ နွဲ့တဲ့တဲ့အမူအရာလေးကြောင့် ဇော်ထက်ပြုံးလိုက်သည်။ ပီယမျက်နှာဖုံး အစွမ်းပြလာသည့်သဘောဟု ဇော်ထက် ယုံကြည်လိုက်သည်။

"ကို. . ဖူဇန့်ကို တစ်ခုခုလိုက်ကျွေးချင်တယ်"

"စားမယ်လေ အခုလား"

ခေါင်းလေးညိတ်ကာ ပြောလာသော ဖူဇန်ကျော်အား. .

"ဒါဆို. . ဖူဇန်ဖုံးပြန်ထားလိုက်၊ ပြီးတော့ စောစောက ပါ ဆယ်ဘူးလေး ပြန်ယူလာခဲ့. ."

ဖူဇန်ကျော်က ဇော်ထက်ပြောသမျှကို သေချာမှတ်သားနေ သည်။ ဇော်ထက်က လက်ပိုက်ကာ မေးပွတ်ရင်း တစ်ခုပြီးတစ်ခု မှာနေ၏။

"ဖူဇန့်ကောင်မလေးကို အိမ်ပြန်ခိုင်းလိုက်၊ ဖူဇန်က ညစာ စားပွဲသွားအုံးမယ်ဆိုပြီး ထွက်လာခဲ့. . ၊ ကိုဇော်နဲ့ သွားတယ်ဆိုတာ ဘယ်သူ့မှ မပြောနဲ့နော်၊ ကိုဇော် လမ်းထိပ်ကစောင့်နေမယ်"

"ဟုတ်. . ကိုဇော်"





အခေါ်အဝေါ်တွေပြောင်းကာ ခေါင်းညိတ်ပြရင်း. . ဖူဇန်ကျော် လှည့်ထွက်သွား၏။ သိပ်မကြာလိုက်သော အချိန်လေးအတွင်းမှာပင်. . လမ်းထိပ်ရှိ ဇော်ထက်ကားရပ်ထားရာသို့ ဖူဇန်ကျော် ရောက်လာသည်။ သူမ ကားပေါ်တက်လိုက်သည်နှင့် အသင့်စက်နှိုး ထားသောကားလေးမှာ ဝူးခနဲ မောင်းထွက်သွားတော့သည်။

"ပျော်လား. . ဖူဇန်"

ထိုခဏလေးအတွင်းမှာပင် ဖူဇန်ကျော် ဇော်ထက်ကို လှမ်း ဆော်ကာ နမ်းလိုက်သည်။

"ကိုဇော်. . ကိုဇော့်ကို ဖူဇန် အရမ်းချစ်သွားပြီ သိလား. ."

ဇော်ထက်က အောင်နိုင်သူလေသံဖြင့်. .

"ကိုဇော့်ကို ဘယ်လောက်အထိချစ်လဲ ဖူဇန်"

"အများကြီးပဲ. ."

ကလေးတစ်ယောက်လို ပြန်ပြောလာသော ဖူဇန့်ပါးလေးကို အနမ်းပွင့်လေး ခွေလိုက်ပြီးမှ. .

"ဒါဆို ကိုဇော်နဲ့ လိုက်ခဲ့ပါလား. ."

"လိုက်မယ်လေ. ."

ခေါင်းညိတ်ပြကာ ဖျာဖျာသလဲပြောလာသော ဖူဇန့်ကို ကြည့်ရင်း အရမ်းလွယ်ပါလားဟုတောင် တွေးမိသွားပြီး ဦးဒေဝကို စိတ်ထဲမှ အရမ်းကျေးဇူးတင်နေမိသည်။

"ဟင်း. . ဟင်း. ."

ဇော်ထက် ဝမ်းသာပီတိတွေ ဝဲမျိုနေခိုက်. . သူ့ဘေးနားချ ထားသော သစ်သားမျက်နှာဖုံးလေးကို ဖူဇန်ကျော်ကကြည့်ရင်း.

"ဟင်. . . ဒီမျက်နှာဖုံးလေးက လှလိုက်တာ၊ ဘယ်ကဝယ်



www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ ကိုဇော်"

"ဩော်. . ဒါလား. . ဟို. . အဲဒါ သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးတာပါ။ ဘာရယ်မဟုတ်ပါဘူး. . ဇူဇန် ပျော်သွားအောင်လို့. . နောက်လိုက်တာ"

"အင်း. . ကိုင်ကြည့်လို့ရမလား ကိုဇော်. ."

သူမစကားကြောင့် ဇော်ထက် ရင်ထဲထိတ်ခနဲ ဖြစ်သွားရသည်။ မျက်နှာဖုံးကို နောက်သို့ကွယ်လိုက်ရင်းက. .

"အာ. . ဇူဇန်မကိုင်နဲ့. . ကိုယ်တောင်မျက်နှာတွေ ယားနေပြီ"

ခိုင်လုံမှုမရှိစွာ ဖြေလိုက်၏။

မကိုင်နဲ့ဆိုတော့လည်း လှမ်းနေသည့် ဇူဇန်ကျော့လက်က ချက်ချင်းပင် ပြန်ရုတ်သွားသည်။

အကယ်၍သာ ဇူဇန်ကျော် ယူကြည့်မည်ဆိုပါက မျက်နှာဖုံး အတွင်းတွင် ရေးထိုးထားသော ဇူဇန်ကျော်(အင်္ဂါသမီး) ဟူသောစာတန်းကို တွေ့ရမည်ဖြစ်လေသည်။





မှန်အနက်တွေတပ်ဆင်ထားသော ကားလေးမှာ ဇော်ထက်နေထိုင်ရာ မြရိပ်ဝါကွန်ဒိုဆီသို့ တရွေ့ရွေ့နှင့်. . .

"ကိုဇော့်ကို လက်ထပ်မလား ဇူဇန်"

ဇူဇန်က ပြုံးပြရင်း ခေါင်းညိတ်ပြနေပုံက စက်ရုပ်တစ်ရုပ်နှင့် တူနေ၏။ ဇော်ထက်လိုချင်တာမှန်သမျှ အကုန်ဖြည့်ဆည်းပေးမည့်ပုံပေါက်နေသည်။

ကားလေး ကွန်ဒိုထဲဝင်လာပြီ။ ကားပေါ်က ဆင်းသည်နှင့် ဇော်ထက် မျက်ရိပ်မျက်ခြေ ပြလိုက်ရုံသာ. . .။

ဇူဇန်ကျော် ကားတံခါးပိတ်ရင်း ဇော်ထက်သွားရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။ ဒီကွန်ဒိုကအသစ်ဖြစ်ပြီး လူသိပ်မနေသေးသဖြင့် ရှင်းနေ၏။ (၇၁၂)အခန်းတံခါးဖွင့်လိုက်သည်တွင် လူတစ်ရပ်ခန့်မြင့်သော ဇူဇန်ကျော်၏ နံရံကပ်ဓါတ်ပုံကြီးများက ဆီးကြိုနေသည်။



www.burmeseclassic.com

အခန်းထဲအရောက်. .

"ထိုင်လေ. . ဇူဇန်"

အခန်းထဲ မတ်တပ်ကြီးဖြစ်နေသော ဇူဇန်မှာ ဇော်ထက် ထိုင်လို့ပြောလိုက်မှ သူလက်ညှိုးထိုးပြသော ဆိုဖာခုံတွင် ဝင်ထိုင်လိုက်၏။ အချိန်က ညနေစောင်းဖြစ်နေပြီမို့ ဇော်ထက် ဗိုက်ဆာစပြုလာသည်။ ဆိုဖာခုံပေါ် လှဲချလိုက်ပြီး. .

"ဇူဇန်. . ကိုဇော် ဗိုက်ဆာပြီကွာ. .၊ ကြက်ဥထမင်းကြော် လုပ်ပေး. .၊ ရေခဲသေတ္တာထဲမှာ ကြက်ဥရှိတယ်၊ ထမင်းကတော့ နောက်ဖေးက ထမင်းအိုးထဲမှ. ."

"ဟုတ်ကဲ့. . ကိုဇော်၊ ဇူဇန်လုပ်လိုက်ပါ့မယ်"

ဇူဇန် ဆိုဖာခုံမှထကာ ရေခဲသေတ္တာတံခါး ဆွဲဖွင့်သည်။

"သြော်. . မေ့နေလို့ ချဉ်စပ်ခေါက်ဆွဲတစ်ထုပ်ပါ ပြုတ်ပေးပါဦး. . ဇူဇန်"

ဇူဇန် ခေါင်းညိတ်ပြရင်း ရေခဲသေတ္တာထဲမှ ကြက်ဥတစ်လုံးနှင့် ခေါက်ဆွဲတစ်ထုပ်ကိုယူကာ နောက်ဖေးဝင်သွား၏။ ဒါကိုကြည့်ပြီး သဘောကျနေသူက ဇော်ထက်ပဲဖြစ်သည်။

သို့နှင့်. . မိန်းမလည်းမဟုတ် သမီးရည်းစားလည်းမဟုတ်သော ချစ်သူ၏လက်ရာကို ဇော်ထက် မြိန်ရည်ရှက်ရည် စားသောက်လိုက်သည်။

"အားပါး. . ဗိုက်ပြည့်သွားတာပဲ. . ကောင်းလိုက်တာ ဇူဇန်ရယ်"

ဇော်ထက် အတိုင်းထက်အလွန် သဘောကျသွား၏။

ဇော်ထက် ခုတင်ပေါ်တွင်လှဲလိုက်ရင်း. .





"ဇူဇန်. . ဒီနားခဏလာပါဦး"

"ဟုတ်ကဲ့. . ကိုဇော်"

ဇော်ထက်ဘေးနားအရောက်. .

"တိုခုံပုလေးယူလိုက်. . ပြီးရင် ကိုဇော့်ကိုနှိပ်ပေးစမ်းပါဦးကွာ"

မညည်းမညူဘဲ အခိုင်းအစေတစ်ယောက်လို ဇူဇန်ကျော်လှုပ်ရှားနေလေ၏။ ဒီလိုနှင့် ဇော်ထက်တစ်ရေးတစ်မော အိပ်ပျော်သွားသည်။ နာရီလက်တံ တစ်ချပ်ချပ်မြည်နေရာက အချက်ပေးသံများကြောင့် ဇော်ထက်နိုးသွား၏။

"ဒေါင်!. . ဒေါင်!. . ဒေါင်!. ."

ထိုမြည်သံက ဆယ့်နှစ်ချက်မြည်သွားပြီးနောက် ရပ်တန့်သွား၏။ ခုတင်ဘေးလှည့်ကြည့်တော့ မတ်တပ်ကြီးရပ်ကာ သူ့ကိုစိုက်ကြည့်နေသည့် ဇူဇန်ကျော်ကို တွေ့လိုက်သဖြင့်. . .

"အမလေး!. ."

ဇော်ထက် လန့်သွားပြီး ရင်ဘတ်ကိုဖိကာ အမောဖြေရသည်။ ပြီးမှ. .

"လန့်လိုက်တာ ဇူဇန်ရယ်၊ အသံမပေး ဘာမပေးနဲ့. ."

"ကိုဇော် နိုးသွားမှာစိုးလို့ ဇူဇန်ရပ်စောင့်ပေးနေတာ. ."

နှုတ်ခမ်းလေး ထောင့်ကပ်ကာ သူ့ကိုပြုံးပြရင်း ပြောသည်။

ထို့နောက် မပြောမဆိုနှင့်. . သူမ၏ အပေါ်ပိုင်းအင်္ကျီစကို ဆွဲလှန်ကာ ချွတ်လိုက်၏။ ဇော်ထက် မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ အိပ်ချင်စိတ်တွေလည်း ဘယ်ကိုရောက်သွားသည်မသိ. . ရင်ထဲ လှိုက်ဖိုသလိုကြီး ခံစားလိုက်ရသည်။

www.burmeseclassic.com



ဇော်ထက်မှာ အသားများတဆတ်ဆတ်တုန်လာပြီး ကြက်သီးမွေးညှင်းများပင် ထသွားရသည်။ ဇော်ထက် မျက်လုံးပိတ်ထားလိုက်၏။

ပူနွေးစွတ်စိုသော အထိအတွေ့တစ်ခုက ဇော်ထက်နှုတ်ခမ်းပေါ် ကျရောက်လာသည်။ သူ့တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို ကျင်တက်သွား၏။ အခုအချိန်တွင် သူကျေးဇူးအတင်ချင်ဆုံးပုဂ္ဂိုလ်နှစ်ယောက်မှာ ဦးဒေဝနှင့် သူငယ်ချင်းနေပိုင်ကိုပင် ဖြစ်သည်။

ဣဇန်ကျော်ရဲ့အထိအတွေ့တွေက ရက်ရောစွာဖြင့် သူ့ကိုယ်ပေါ်သို့ ကျရောက်လာ၏။ ဇော်ထက်တစ်ယောက် မိန်းမောစွာ ခံစားရင်း သက်ပြင်းမောတွေကို ခဏခဏ ချနေမိတော့သည်။









# အခန်း (၃)

နောက်ရက်မှာတော့ ဇော်ထက် စတူဒီယိုသို့မသွားဘဲ အခန်းအောင်းနေလိုက်တော့သည်။ သို့သော်. . အခန်းထဲ၌ အလုပ်ရှုပ်နေ၏။ သူလုပ်နေသည်က ဣဇန်ကျော်၏ အလှအပအစုစုတို့ကို ခေါ်ပုံတဖျတ်ဖျတ်ရိုက်ကာ မှတ်တမ်းတင်နေခြင်းဖြစ်သည်။

ဇောထက် မောသွားသဖြင့်. . ရေခဲသေတ္တာထဲမှ အရက်ပုလင်းထုတ်ပြီး မော့ချလိုက်သည်။ ပြီးမှ ဣဇန်ကျော်ကို လက်ယပ်

www.burmeseclassic.com



ခေါ်လိုက်ကာ သူထိုင်နေသောစားပွဲဆီ လာခိုင်းလိုက်သည်။ ဇူဇန်ကျော် ပါးလွှာသော အင်္ကျီလေးနှင့်ပင် ကျောက်ရုပ်တစ်ရုပ်လို ဇော်ထက်ဆီ လျှောက်လှမ်းလာ၏။

ဇော်ထက်က ထိုင်ခုံတွင်ထိုင်ခိုင်းပြီး လက်ထပ်စာချုပ်၌ လက်မှတ်ထိုးခိုင်းလိုက်သည်။ ဇူဇန်ကျော်က ကြည်ကြည်သာသာပင် လက်မှတ်ထိုးပေးလေသည်။

ဒီလိုနှင့် ဒီအခန်းလေးထဲမှာ သူတို့နေလာခဲ့တာ နှစ်ပတ်နီးပါးပင် ရှိသွားပြီ။

ဇော်ထက်ကတော့ စတူဒီယိုသို့ ပုံမှန်သွားနေသော်လည်း ဇူဇန်ကျော်မှာတော့ အနုပညာလောကထဲမှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ ဇူဇန်ကျော် လင်နောက်လိုက်သွားပြီဟု အပြင်တွင် သတင်းတွေပျံ့နှံ့နေ၏။

သူမမှာ အခန်းပြင်သို့လည်းမထွက်၊ ဇော်ထက်မှာခဲ့သည့်အတိုင်း ဆိုဖာခုံလေးပေါ်တွင် သူပြန်အလာကို စောင့်နေ၏။

ဇော်ထက်အိမ်ပြန်ရောက်တိုင်း ဓါတ်ပုံကိစ္စတွေနှင့် အလုပ်ရှုပ်နေတတ်သည်။ ဇူဇန်ကျော်မှာ ခုံတွင်ထိုင်လျက်က ဇော်ထက်ကို ကြည့်ကာ အမြဲပြုံးပြနေတတ်သည်။

ဇော်ထက် အမိန့်ပေးစကား မပြောမချင်း ဇူဇန်ကျော် ထိုင်မြဲထိုင်နေ၏။

ဒီတခါတော့ ဇော်ထက်. . ဇူဇန်ကျော်ဘက် လှည့်ကြည့်လိုက်သည်။ သူမအပြုံးကို အသိအမှတ်ပြုသည့်ပုံစံနှင့် ဇော်ထက် ပြန်ပြုံးပြလိုက်သည်။

"ဒေါင်!. . ဒေါင်!. . ဒေါင်!. . "



အလုပ်လုပ်နေရင်းက ညဆယ့်နှစ်နာရီကိုပင် ထိုးသွားခဲ့ပြီ။ ဇော်ထက်အတွက် ကြွေရုပ်ကလေးတစ်ရုပ်လို လှပကြော့ရှင်းနေသော ဇူဇန်ကျော်မှာ သူ့မခေါ်ပါဘဲ ဆိုဖာထိုင်ခုံပေါ်မှ ရုတ်တရက် ထလာ၏။ အတူချစ်ပွဲနွှဲဖို့ ဇူဇန်ကျော်တစ်ယောက် အဆင့်သင့်ပင် ဖြစ်နေလေပြီ။ အနားရောက်လာသော ဇူဇန်ကျော်၏ အတွေ့ထူးကို မိန်းမောရင်း ဇော်ထက်တစ်ယောက် အာကာသထဲအထိပါ မျောလွင့်သွားတော့သည်။

နောက်ပိုင်းကြာလာတော့ ဒါတွေလည်း ရိုးသွားခဲ့လေပြီ။

အခုတဖန် ဇော်ထက် လိုချင်နေပြန်သောအရာက 'အချစ်စစ်' ဆိုသော စကားစုကိုပဲဖြစ်၏။ ထိုအချစ်စစ်ကို ဇူဇန်ကျော်ထံမှ သူထပ်လိုချင်လာမိသည်။ အခုဟာက အချစ်မပါသော အပြုအစု အထိအတွေ့များသာဖြစ်၏။

ဒီနေ့ စတူဒီယိုတွင် လက်ထပ်တော့မည့် စုံတွဲတစ်တွဲကို သူဓါတ်ပုံရိုက်ပေးခဲ့ရသည်။ ထိုစုံတွဲ၏ တစ်ယောက်ကိုတစ်ယောက် ကြည့်စယ်နေပုံတွေ၊ ပြောဆိုဆက်ဆံနေပုံတွေ၊ အကြင်နာအယုအယတွေက အလုပ်သဘောမဆန်ဘဲ အသက်ဝင်နေ၏။ ဒါတွေက သူ့ရင်ကို လှုပ်ခတ်သွားစေသည်။

ဒါကို ဇော်ထက်ကြည့်ပြီး. . တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာချစ်သော အချစ်စစ်ကို လိုချင်လာသည်။

သူ့ဘက်ကသာ ချစ်မိသော်လည်း ဇူဇန်ကျော့်ထံမှ အချစ်စစ်ကို သူ့မရသေး. .

"ဟင်း. . "

ဇော်ထက် သက်ပြင်းချလိုက်၏။ ဒီတစ်ခါချသော သက်ပြင်း

က ထူးခြားနေပြန်သည်။ ဆိုဖာခုံတွင်ထိုင်နေသော ဇူဇန်ကျော်ကို ကြည့်ပြီး ချလိုက်ခြင်းဖြစ်သည်။ ခုံပေါ်မှ သောက်လက်စ အရက်ခွက်ကို အကုန်မော့သောက်လိုက်သည်။ ရင်ထဲပူလောင်စွာ စီးဝင်သွားမှ နေသာထိုင်သာ ရှိသွားတော့၏။

အခုလို အရုပ်တစ်ရုပ်လို ဇူဇန်ကျော် သူ့အပေါ်ပြုစုနေခြင်းကို သူ့မလိုလားတော့. . ။

ဇူဇန်ကျော်၏ တစ်ကယ့်အချစ်စစ်ကို ဇော်ထက် လိုချင်လာမိသည်။

ထိုင်ခုံမှထကာ ဦးဒေဝပေးလိုက်သော 'ပီယမျက်နှာဖုံး' ပြုလုပ်နည်းစာရွက်ကို အံဆွဲထဲမှထုတ်ယူလိုက်ပြီး ပြတင်းပေါက်မှ ပစ်ချလိုက်သည်။

ထိုစာရွက်လေးမှာ လေထဲတွင် ကြိုးပြတ်သွားသောစွန်လို ကော့လန်ကာ တစ်ရွေ့ရွေ့နှင့် အောက်ကျသွား၏။

ထို့နောက် အံဆွဲထဲမှ ထပ်ထွက်လာသောအရာက သူလုပ်ထားသော သစ်သားမျက်နှာဖုံးလေးပဲဖြစ်၏။ ထိုမျက်နှာဖုံးလေးကို ကြည့်နေရင်း အသားတွေတဆတ်ဆတ်တုန်လာ၏။ ရုတ်တရက်. . နောက်သို့ အရှိန်ယူပြီး နံရံသို့ အားကုန်လွှဲပေါက်လိုက်တော့သည်။

"ခွပ်!. ."

သစ်သားမျက်နှာဖုံးလေးလည်း အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေတော့သည်။





**ကျောက်**ရုပ်တစ်ရုပ်လို သူ့ကိုပြုံးပြနေသော ဇူဇန်ကျော်မှာ ရုတ်ချည်းမျက်နှာတည်သွားလေသည်။ အသိတရားတို့ ပြန်ဝင်လာပြီ ထင်၏။

"ဟင်!. . ရှင်. . ရှင်. . ကိုဇော်ထက်၊ ဇူ. . ဇူဇန် ဘယ်ကို ရောက်နေတာလဲ. ."

"ကိုယ်တို့ လက်ထပ်ပြီးပြီ ဇူဇန်"

"ဟင်!. . မ. . မဖြစ်နိုင်တာ ကိုဇော်ထက်ကလည်း"

ဇူဇန်ကျော် ဆိုဖာခုံပေါ်မှထကာ ပျာပျာသလဲ ပြန်ပြောလိုက်သည်။ ဇော်ထက်က စာချုပ်တစ်ခုနှင့် ဓါတ်ပုံတစ်ထပ်ကို ဇူဇန်ကျော်အား ထုတ်ပြလိုက်သည်။ သူနှင့် ဇူဇန်ကျော် လက်မှတ်ထိုးထားသော လက်ထပ်စာချုပ်ဖြစ်၏။ ထို့နောက် ဓါတ်ပုံတစ်ထပ်. . ဇူဇန်ကျော် ဓါတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံကြည့်နေမိသည်။

www.burmeseclassic.com



ဓါတ်ပုံများက ဇော်ထက်နှင့် သူမတို့ ခုတင်ထက်တွင်နမ်းရှုတ်နေသောပုံများ. . ထို့နောက်တွင်တော့ တစ်ပုံပြီးတစ်ပုံ. . .။

ဇူဇန်ကျော် ဓါတ်ပုံတွေကြည့်ရင်း ရှက်ရှက်နှင့် ချုံးပွဲချငိုလိုက်တော့သည်။

"မဖြစ်နိုင်ဘူး. . မဖြစ်နိုင်ဘူး. . ဒါဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကျွန်မ ကိုရဲကျော်သူနဲ့ လက်ထပ်မှာ. . ကျွန်မသူတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ"

ရဲကျော်သူဆိုသော နာမည်ကြားလိုက်ရ၍ ဇော်ထက် အသည်းနှလုံးကို အပ်နှင့်ထိုးစွလိုက်သလို ခံစားလိုက်ရသည်။

"ဘာတွေဖြစ်ကုန်တာလဲ၊ ကျွန်မ ကိုရဲကျော်သူနဲ့ ဖုန်းပြောချင်တယ်"

ဇော်ထက်က သူ့ဟန်းဖုန်းကို ထုတ်ပေးရင်း. .

"ရော့. . . ဆက်ပါ၊ ဒါပေမယ့် ဇူဇန်က အခုချိန်မှာ ကိုယ့်မိန်းမဖြစ်နေပြီဆိုတာ ခေါင်းထဲထည့်ထားဖို့တော့လိုတယ်"

ဖျက်လို့မရတဲ့အမည်းစက်ကို ဘာလို့လုပ်ခဲ့ရတာလည်းဆိုသည့်အတွေးက ဖုန်းခလုတ်နှိပ်နေသော သူမလက်ချောင်းလေးများကို တဆတ်ဆတ်တုန်ယင်သွားစေသည်။

"ဟလို. ."

တစ်ဘက်မှ ရဲကျော်သူအသံကြားသည်နှင့် ဇူဇန်ကျော် ငိုလေတော့သည်။ ဇော်ထက်နှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း ပြောပြသော်လည်း ရဲကျော်သူက မယုံပေ. .။

သို့နှင့် ဇူဇန်မှာ. . ရဲကျော်သူဆီ ဖုန်းဆက်အပြီး ဇော်ထက်အလိုကျအတိုင်း ကွန်ဒိုဘေးရှိဥယျာဉ်ထဲတွင်တွေ့ဖို့ ချိန်းဆိုလိုက်



သည်။ အချိန်က ညနေစောင်းနေလေပြီ။ မိုးကလည်း ဖွဲဖွဲကျနေသဖြင့် လူရှင်းသည့် ဥယျာဉ်ထဲတွင် သူတို့သုံးယောက်သား ဆုံဖြစ်ကြသည်။

ဇော်ထက်ရှိနေ၍ ဇူဇန်နှင့် ရဲကျော်သူတို့မှာ လွတ်လွတ်လပ်လပ် ပြောဆိုခွင့်မရကြ. .။ ဇော်ထက်က အခြေအနေကို အပြီးပြတ်စေရန် လက်ထပ်စာချုပ်နှင့် ဓါတ်ပုံများကို ရဲကျော်သူအား ပြလိုက်တော့သည်။

ရဲကျော်သူ ကြည့်ရင်း. . ခေါင်းတညိတ်ညိတ်ဖြင့် မျက်ရည်များကျလျှက်. . .

"ကိုရဲ အားလုံးကို နားလည်လိုက်ပါပြီ ဇူဇန်. .၊ ကိုရဲ ဒီမှာမနေချင်တော့ဘူး၊ အင်္ဂလန်ကို အပြီးထွက်သွားတော့မယ်၊ ဒီကိုတော့ ဘယ်တော့မှပြန်လာမှာ မဟုတ်တော့ဘူး ဇူဇန်၊ ကိုရဲရဲ့နှလုံးသားကို ခက်နဲ့ထုပ်ပြီး ဇူဇန့်ကို အပြီးအပိုင် ပေးခဲ့လိုက်ပါပြီ. .၊ ကဲ. . ကိုရဲသွားတော့မယ်"

ရဲကျော်သူ. . ဇူဇန့်ကို ကျောခိုင်းကာ ထွက်သွားတော့၏။

"ကိုရဲ. . ကိုရဲ. . ဇူဇန့်ကို ထားမသွားပါနဲ့. ."

ဇူဇန်ကျော်အော်နေပါသော်လည်း ရဲကျော်သူ လှည့်မကြည့်တော့ဘဲ ကားပေါ်တက်၍ မောင်းထွက်သွားတော့သည်။ ဇူဇန်မှာ ဝမ်းပန်းတနည်းဖြင့် မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။ သူမဘေး၌လာရပ်သော ခြေထောက်တစ်စုံကို တွေ့မှ ငိုနေတာကို ခဏရပ်ကာ မော့ကြည့်လိုက်သည်။

ဇော်ထက်ကိုတွေ့လိုက်၍ ချက်ချင်းမတ်တပ်ထရပ်ကာ. . ဇူဇန်ကျော် ပါးတိုက်ရယ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟားဟားဟား. . အခုတော့ ကျွန်မက ရှင့်လက်ခုပ်ထဲက ရေပေါ့။ ရှင် ကျွန်မခန္ဓာကိုယ်ကိုပဲ ရမယ်၊ ကျွန်မရဲ့အချစ်ကို ဘယ်တော့မှ ရမှာမဟုတ်ဘူး. . ကိုဇော်ထက်၊ ကျွန်မ ရှင်နဲ့လည်း အတူမနေနိုင်ဘူး. ."

အော်ဟစ်ပြောဆိုကာ ဇူဇန်ကျော် လှည့်ထွက်သွားလေသည်။ ဇော်ထက် သူမလက်ကို ဖမ်းဆွဲပြီး တားလိုက်၏။

"ကိုဇော်. . ဇူဇန့်ကို အရမ်းချစ်မိလို့ ဒီလိုဖြစ်သွားရတာပါ"

"လွှတ်စမ်းပါ ရှင့်လက်ကို"

ဇူဇန် ဇော်ထက်လက်ကို ပုတ်ချလိုက်ရင်း ပြောလိုက်၏။

"ပြောစမ်းပါအုံး. . ကျွန်မတို့က ဘာကြောင့်လက်ထပ်တဲ့ အဆင့်အထိ ဖြစ်သွားခဲ့ရတာလဲ၊ ကျွန်မ ဘာမှမမှတ်မိသလို၊ ဘာမှလည်း နားမလည်နိုင်တော့ဘူး"

"ကိုဇော့်ကို နားလည်ပေးပါ၊ ကိုဇော်လေ. . ပီယမျက်နှာဖုံးနဲ့ ဇူဇန့်အချစ်ကို ယူခဲ့မိတယ်၊ ဒါပေမယ့် အဲဒါတွေအားလုံး ပြီးသွားပါပြီ၊ အခု ဇူဇန်က ကိုဇော့်မိန်းမ ဖြစ်သွားပြီ၊ ကိုဇော်ကြိုးစားမယ်၊ ပြီးတော့ ဇူဇန်နဲ့ သာယာတဲ့အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်မယ်"

ဇူဇန်ကျော်. . ဒေါသတွေ ထောင်းခနဲထသွားပြီး ဇော်ထက်မျက်နှာကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်တော့သည်။

"ဖြန်း!. . ဖြန်း!. ."

ဇော်ထက် သူ့အမှားကြောင့် ငြိမ်၍သာအရိုက်ခံနေရသည်။

"ယုတ်မာလှချည်လား. . ပြောစမ်းပါဦး ဘာပီယမျက်နှာဖုံးလဲ. ."





ဇူဇန်ကျော် မေးလိုက်၏။

"ကိုဇော့်အချစ်ကို လက်ခံလာအောင် စီမံထားတဲ့ မျက်နှာဖုံးပါ ဇူဇန်"

တကယ်တော့. . အနိုင်းအစေတစ်ယောက်လို ကျွန်လိုဖြစ်လာအောင်ဟု ဇော်ထက်ပါးစပ်က မထွက်ရဲခဲ့. .။

"ဒါဆို ရှင် ကျွန်မအချစ်ကို လိမ်ယူခဲ့တာပေါ့. . ၊ ဟုတ်လား လူယုတ်မာ"

"ဖြန်း!. . ဖြန်!. . ဖြန်း!. . "

ရိုက်ချက်များက ဇော်ထက်ပါးပြင်ပေါ်သို့ အဆက်မပြတ်ဆပ်ကျလာပြန်သည်။

"ခွေးကျင့်ခွေးကြံ ကြံတဲ့ကောင်. . "

ရိုက်ချက်တွေကို အလူးအလဲခံနေရခိုက် ပါးပြင်၌ စပ်ဖျင်းဖျင်းဖြစ်သွား၍ ဇော်ထက် လက်ဖြင့်ကိုင်ကြည့်လိုက်သည်။ သူ့လက်တွင် သွေးများပေနေသည်ကိုတွေ့၍ ကုပ်ဆွဲခံလိုက်ရပြီဆိုတာ ဇော်ထက်သိလိုက်ရသည်။

ထိုစဉ် ဇူဇန်ကျော်မှာလည်း အကျီကော်လံကိုဆွဲရင်း. . .

"လူယုတ်မာ. . ရှင့်ကို ဒီတစ်သက်မကြေဘူးမှတ်. . "

ဇူဇန်ကျော် သူ့ကိုရိုက်နှက်နေတာက အခြေအနေ အတော်ဆိုးလာသည်မို့. . ဇော်ထက် သည်းမခံနိုင်တော့ဘဲ သူမကို ဆောင့်တွန်းလိုက်၏။

ဇူဇန်ကျော် နောက်ကိုအရှိန်မထိန်းနိုင်ဘဲ လဲကျသွားသည်။

"ခွပ်!. . "

ဆိုသော မြည်သံနှင့်အတူ သူမ၏နောက်စေ့မှ သွေးများ



www.burmeseclassic.com

www.burmeseclassic.com



စီးကျလာလေ၏။ ပန်းအိုးဘေးမှ မခွဲရသေးသော လမ်းခင်းကျောက်တုံးတစ်ခုပေါ် ဇူဇန်ကျော်လဲကျသွားခြင်း ဖြစ်သည်။

ခေါင်းနှင့်ရိုက်မိ၍ ဇူဇန်ကျော် အသံမထွက်နိုင်တော့ဘဲ ငြိမ်ကျသွား၏။

"ဇူဇန်. . ဇူဇန်. . "

မလှုပ်မယှက် ဇူဇန့်ခန္ဓာကိုယ်ကို ပွေ့ချီလိုက်ရင်း ဇော်ထက်တစ်ယောက် အော်ငိုရှုံ့မဲ့လွဲပြီး ဘာမှမတတ်နိုင်တော့. .

"အမလေး. . ဇူဇန်ရယ်. . . "





ဇော်ထက် အခန်းထဲရောက်သည်နှင့် ရေခဲသေတ္တာထဲမှ ဘီစကီတစ်ပုလင်းထုတ်ကာ မော့ချလိုက်သည်။ ဇူဇန့်အလောင်းကိုတော့ ဘာလုပ်ရမှန်းမသိ၍ ကွန်ဒိုဥယျာဉ်ထဲမှာပင် မြှုပ်ထားခဲ့လိုက်သည်။

ထိုကွန်ဒိုတွင်လူသိပ်မရှိသေးသလို ကျယ်ဝန်းသောဥယျာဉ်ထဲ မိုးတွင်းမို့ မည်သူမှရှိမနေခြင်းက သူ့အတွက်အခွင့်ကောင်း ဖြစ်သွားသည်။ ဇော်ထက်အတွက်လည်း အရာရာက ပြီးဆုံးသွားခဲ့ပြီ၊

အခန်းထဲတွင်နှင့် ဇော်ထက်တစ်ယောက် အရက်နာကျကာ အိပ်ပျော်သွားလေသည်။

"ဒေါက်!. . ဒေါက်!. . "

တံခါးခေါက်သံကို ကြားလိုက်ရသည်။ ဇော်ထက် အိပ်ချင်မူးတူးဖြင့် တရေးနိုးလာကာ တံခါးပေါက်နားသွား၍ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် ဘယ်သူမှမရှိ. .။ ဇော်ထက် နည်းနည်းတော့ ကြက်သီးထသွားသည်။ ဖူဇန်များ သူ့နောက်လိုက်လာလေသလား အတွေးနှင့်ဖြစ်၏။

ခေါင်းကုပ်ရင်း အခန်းထဲပြန်ဝင်လာခိုက်. .

"ဒေါက်!. . ဒေါက်!. ."

ထပ်မံထွက်ပေါ်လာသော တံခါးခေါက်သံကြောင့် ဇော်ထက် မျက်နှာကို လက်ဖြင့်ပွတ်သပ်လိုက်ရင်း နောက်သို့အလှည့်. .

"အမလေး!. ."

တွေ့လိုက်ရသည်က တစ်ကိုယ်လုံးပြာနှမ်းကာ ရွှံ့များပေကျံနေသော ဖူဇန်ကျော်ကို တွေ့လိုက်ရသည်။ ဖူဇန်ကျော်နောက်တွင်တော့ တံခါးက ဟောင်းလောင်းကြီး ပွင့်နေသည်။

"အား!. . သွား. . သွား. . မလာနဲ့"

ဇော်ထက် ကြောက်လန့်တကြား နောက်သို့ဆုတ်လိုက်ရာ ဖင်ထိုင်လျှက် လဲကျသွားတော့သည်။ ဖူဇန်ကျော် သူ့ထံတရွေ့ရွေ့တိုးကပ်လာသည်။ အဲ့ဒီနောက်တွင်တော့. . .

"ဝုန်း!"

"အား!. . အမလေး သေပါပြီ"

တစ်ကိုယ်လုံးကိုင်ရိုက်ခံလိုက်ရသလို နာကျင်သွား၍ ဇော်ထက် မျက်လုံးဖွင့်ကြည့်မိသည်။

သူခုတင်ပေါ်မှ ပြုတ်ကျနေခြင်းဖြစ်၏။

"ဟူး!. . တော်ပါသေးရဲ့. . အိပ်မက်ကိုး. ."

ထိုစဉ်. .

"အဟင့်!. . အဟင့်!. ."





ငိုသံကြား၍ အခန်းထဲ ဝေ့ဝဲကြည့်သည်။ အခန်းထောင့်၌ မိန်းမတစ်ယောက် ငိုနေလေ၏။ ငိုနေသောမိန်းမက သူ့ဘက်လှည့်ကြည့်လေရာ ဖူဇန်ကျော်ဖြစ်နေတာတွေ့၍ တံခါးဝဆီ အသည်းအသန် ထပြေးရတော့သည်။

သို့သော် အခန်းတံခါး ဖွင့်လိုက်သည်နှင့် အပေါက်ဝတွင် အပြင်မှ အသင့်စောင့်ကြိုနေသော ဖူဇန်ကျော်က ဇော်ထက်လည်ပင်းကို ဖမ်းညှစ်တော့သည်။

"အု. . အု. . ငါ့ကိုလွှတ်"

ဇော်ထက် အသက်ရှူလို့မရအောင်ကို လည်ပင်းအစ်နေပြီ။

အတင်းရုန်းကာ ဖူဇန့်လက်ကို အတင်းတွန်းဖယ်နေစဉ် ဇော်ထက် အိပ်မက်မှ အမှန်တကယ် လန့်နိုးသွားခဲ့လေတော့သည်။

အိပ်ရာပေါ် လူးလဲထကာ. . တဟွတ်ဟွတ်နှင့် ချောင်းဆိုးနေရ၏။

အိပ်မက်ဟုဆိုသော်လည်း တကယ်ပင် ဖူဇန်ကျော်ကိုယ်တိုင် လည်ပင်းလာညှစ်နေသည့်အလား လည်ပင်းတစ်ခုလုံး နာကျင်လို့နေ၏။


နောက်ရက်များတွင်လည်း ထိုအချိန်မျိုး၌. . ဖူဇန်ကော် ရောက်လာလေမလားဟု တွေးကာ ဇော်ထက် ကြောက်လန့်နေမိတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၄)

တိမ်လွှာ မောလျစွာဖြင့် ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အခန်းထဲ၌ ပုံနေသော ပစ္စည်းပစ္စယများကို ကြည့်ရင်း ရင်မောမိသည်။

သူငယ်ချင်းကောသွယ် သူ့ကိုနှုတ်ခမ်းရွဲ့ပြပြီး. .

"အမလေး တိမ်လွှာရယ် တစ်ကိုယ်ရေသမားမို့ပဲ၊ မိသားစု လိုက်သာပြောင်းရင် ဘယ်လိုများနေမလဲမသိဘူး၊ ကြည့်ပါအုံး. .



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေ. ."

ကေသွယ် ပြောတာလည်း မမှားပေ။ အဝတ်ထည့် ဘီဒိုကပင် အကြီးတစ်လုံး၊ အသေးတစ်လုံးပါနေ၏။ ပန်းကန်စင်တွေရော၊ အပြည့်အစုံပါသည်။ တိမ်လွှာက နံရံတွင်ချိတ်မည့် ပန်းချီကားများပင်မကျန် အကုန်သယ်လာသည်။

"ကေသွယ်ရယ် ငါကတစ်ယောက်တည်းနေတာဆိုပေမယ့် သပ်သပ်ရပ်ရပ် နေချင်တာဟဲ့၊ ဒါကြောင့် ငါ့အဒေါ်ကလည်း ငါ့ အကျင့်ကိုသိလို့ အပြည့်အစုံ ထည့်ပေးလိုက်တာ"

တကယ်တော့ တိမ်လွှာ၏ မိဘနှစ်ပါးစလုံးက ဆုံးပါးသွားကြပြီဖြစ်သည်။ ထိုကြောင့် သူမမှာ အဒေါ်ဖြစ်သူ၏ တိုက်ခန်းတွင် နေခဲ့ရသည်။ ကြာလာတော့ တိမ်လွှာမှာ အဒေါ်၏နေအိမ်တွင် မပျော်ပိုက်တော့၊ အဒေါ်တို့ လင်မယားက အစစအရာရာ ဂရုတစိုက် ပြုလုပ်ပေးသော်လည်း သူမမှာ နေသားမကျဖြစ်ခဲ့ရသည်။

ထိုကြောင့် အဆင်မပြေတော့သည့်အဆုံးတွင် မိဘတွေချန်ထားခဲ့သော မြေကွက်ကို ထုခွဲရောင်းချကာ ကွန်ဒိုတစ်ခု၌ ငှားနေလိုက်ခြင်းဖြစ်သည်။ သူမအခန်းက (၇၁၁)ဖြစ်၏။

"ဒေါက်!. . ဒေါက်!. ."

"ဟော. . လာကြပြီနဲ့တူတယ်"

တံခါးခေါက်သံကြောင့် နှစ်ယောက်သား ထဖွင့်ကြည့်တော့ ထင်သည့်အတိုင်းပင် အခန်းတွင်း၌ ပစ္စည်းများကို နေရာချရန်ခေါ်ထားသော အလုပ်သမားကောင်လေးသုံးယောက်ကို တွေ့ရသည်။

"သြော်. . လာကြ မောင်လေးတို့. ."

နှစ်နာရီနီးပါးမျှ ဝိုင်းဝန်းနေရာချလိုက်ရာ အခန်းလေးမှာ





သပ်သပ်ရပ်ရပ်ဖြင့် နေချင့်စဖွယ် ဖြစ်သွား၏။

"နင်တစ်ယောက်တည်း နေရဲလို့လား"

ကေသွယ်၏ စကားကြောင့် တိမ်လွှာ ပြုံးလိုက်၏။

"ဘာလို့မနေရဲရမှာလည်း၊ ငါမကြောက်တတ်ပါဘူး သတ္တိရှိပါတယ်ဟ"

"ဒါပေမယ့်. . ညရေးညတာ. ."

"ငါ့ကိုယ်ငါ စောင့်ရှောက်တတ်ပါတယ်"

"နင်နေရဲတယ်ဆိုလည်း ပြီးတာပဲလေ၊ ငါတော့ နင့်လိုတစ်ယောက်တည်း မနေရဲဘူး၊ ငါက သရဲကြောက်တတ်တယ်၊ ပြီးတော့ ဒီကွန်ဒိုကလည်း ကြည့်အုံး. . . အခန်းအားလုံး လူပြည့်သေးတာမဟုတ်ဘူး၊ နင်တို့ခုနှစ်လွှာမှာပဲ ကြည့်လေ၊ အခန်းလွတ်တွေအများကြီး ကျန်နေသေးတာ. ."

"အမလေး ကေသွယ်ရယ်၊ ကန်ထရိုက်တိုက်ခန်းမှာနေတဲ့သူတွေလည်း ဘာထူးလို့လဲ၊ ကိုယ့်အခန်းကိုယ်ပိတ်ပြီး နေကြတာလေ၊ အထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဘယ်သူမှမသိဘူး၊ ကိုယ့်ဟာကိုယ် နေကြတာပဲမဟုတ်လား"

တိမ်လွှာ့ စကားကိုတော့ ကေသွယ်မငြင်း. . ၊ ထိုအချက်က ရန်ကုန်လူနေမှုစနစ်၏ ပြယုဒ်တစ်ခုလို ဖြစ်နေသည်။

နယ်မြို့၊ တောရွာများလို. . အိမ်နီးချင်းပတ်ဝန်းကျင်တွေနှင့် နွေးထွေးမှုမရှိကြ၊ အရိုးခံပေါင်းသင်းကြသည့်စိတ်လည်း မရှိကြပေ။

"အေးလေ. . နင်တစ်ခုခုအကူအညီလိုရင် ငါ့ဆီဖုန်းဆက်လိုက်ပေါ့. ."

"အေးပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



“တီတလီ. . တီတလီ. . ”

ထိုစဉ် တိမ်လွှာ့ဟန်းဖုန်းမှ အသံမြည်လာ၏။

“ဟလို. . ”

“. . . ”

“ဟုတ်ကဲ့. . ဒေါ်လေး၊ သမီးဆင်းယူလိုက်မယ်”

ဖုန်းချအပြီး တိမ်လွှာက. .

“ကေသွယ်ရေ ငါ့မိဘဓါတ်ပုံတွေကျန်ခဲ့လို့ ဒေါ်လေးလာပို့နေတယ်၊ ငါ ဆင်းယူလိုက်အုံးမယ်”

တိမ်လွှာ ဆိုဖာပေါ်သို့ ဖုန်းလေးပစ်ချရင်း အခန်းပြင်သို့ အပြေးလေးထွက်သွား၏။ ဘေးခန်းမှ လူတစ်ယောက် ကျောပေးကာ ထွက်လာသဖြင့် ထိုလူကို ဝင်တိုက်မိသွား၏။

“အမေ့!. . ”

ထိုလူမှာ အနည်းငယ်ယိုင်သွားသော်လည်း သူမမှာလဲကျသွားလေသည်။ အနားရောက်လာသော ထိုလူက ဆွဲထူရန် လက်ကမ်းပေးသည်။ သူ့လက်ကို အားယူပြီး တိမ်လွှာ ထလိုက်ရသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအနည်းငယ်နှင့် ယောကျ်ားပီသသော လူတစ်ယောက်. . ။

“ဆောရီးနော်. . အစ်ကို”

ထိုလူကပြုံးကာ သူမကို ခေါင်းပြန်ညိတ်ပြ၏။ တိမ်လွှာသေချာကြည့်မှ မဂ္ဂဇင်းတစ်ခုအင်တာဗျူးတွင် သူမမြင်ဖူးသော ဓါတ်ပုံဆရာ ဇော်ထက်ဆိုသူ ဖြစ်နေသည်။ ထိုလူက. .

“ညီမက ဘေးခန်းမှာနေတာလား၊ အခုမှပြောင်းလာတာထင်တယ်”





တိမ်လွှာပြုံးပြကာ ခေါင်းသာညိတ်ပြလိုက်သည်။

သူ့အကြည့်တွေက စူးရှရဲတင်းနေ၍ တိမ်လွှာ ရင်လှိုက်ဖိုသွားရသည်။

“အဟင်း. . . ကျွန်မသွားလိုက်အုံးမယ်နော် အောက်မှာ အဒေါ်ရောက်နေလို့. . ”

သူမ ထွက်သွားတော့ ဇော်ထက်လည်း တံခါးအမြန်ပိတ်ကာ ဓာတ်လှေကားဆီ လိုက်ထွက်လာသည်။ ဓာတ်လှေကားထဲအရောက် ဇော်ထက်လာနေတာတွေ့၍ မသိစိတ်က ဓာတ်လှေကား တံခါး ပိတ်မသွားအောင် တံခါးဘောင်ကို ကိုင်ထားမိသည်။ ဇော်ထက် လက်လှမ်းပြကာ ပြေးလာနေ၏။

သို့သော် သူတစ်ယောက်တည်းတော့မဟုတ် ခပ်ချောချော မိန်းမတစ်ယောက်. . ဇော်ထက်နောက်က ကပ်လျှက်လိုက်ပါလာသည်။

ဇော်ထက် ဓာတ်လှေကားထဲ ရောက်လာသော်လည်း သူမ တံခါးကို မလွှတ်သေး. . ဇော်ထက်နောက်က အမျိုးသမီးကို စောင့်နေရသေးသည်။

“ညီမ တံခါးပိတ်လိုက်တော့လေ. . ကိုယ်အထဲရောက်နေပြီ”

ထိုအမျိုးသမီး ဓာတ်လှေကားထဲရောက်မှ ဖိကိုင်ထားသော လက်ကို တိမ်လွှာ လွှတ်လိုက်ရ၏။ ဇော်ထက်က သူမကို ကွက်ကြည့် ကွက်ကြည့် ကြည့်နေသော်လည်း တိမ်လွှာ စကားမပြောရဲသေး. .

ဇော်ထက်ကိုစိုက်ကြည့်နေသော အမျိုးသမီးကိုသာ သူမ ကြည့်နေမိသည်။ အကျီအဝါနှင့် ထိုအမျိုးသမီး၏ အသားအရေမှာ



www.burmeseclassic.com

www.burmeseclassic.com



သာမန်အသားအရေထက် ပိုဖြူလွှန်းသည်ဟု သူမခံစားရသည်။

"တင်. ."

ထိုစဉ် မြေညီထပ်သို့ ဓာတ်လှေကား ဆိုက်ရောက်သွားပြီး မြည်သံလေးနှင့်အတူ တံခါးပွင့်သွား၏။ အပြုံးလေးနှင့် ခေါင်းညိတ်နှုတ်ဆက်သွားသော ဇော်ထက်ကို အလားတူအပြုံးလေးဖြင့် တုန့်ပြန်လိုက်သော်လည်း. . သူ့နောက်ကလိုက်သွားသော အမျိုးသမီးကတော့ သူမကို ငဲ့စောင်းကြည့်ကာ ထွက်သွားလေသည်။

လင်မယားလား. . ၊ သမီးရည်းစားတွေလား တိမ်လွှာတွေးရင်း ထွက်လာခဲ့သည်။ ကိုယ်နှင့်မဆိုင်သည့်ကိစ္စမို့ ခေါင်းထဲက ထုတ်လိုက်စဉ်. .

"ဟယ်. . သမီးရယ် ကြာလိုက်တာ. ."

ဒေါ်လေးအသံကြားမှ အတွေးတို့ လေထဲပျောက်ကွယ်သွားသည်။

"အဟင်း. . ဓာတ်လှေကားစောင့်နေရလို့ ဒေါ်လေးရဲ့"

ခါတ်ပုံများထည့်ထားသော စက္ကူပုံးလေးကို သူမလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒေါ်လေး သွားအုံးမယ်၊ မြို့ထဲဝင်စရာ ရှိသေးလို့"

ဒေါ်လေး ငှားလာသောတက္ကစီပေါ် ပြန်တက်သွား၏။

တက္ကစီမောင်းထွက်သွားမှ ထိုနေရာမှ သူမလှည့်ထွက်လာလိုက်သည်။ လျှောက်လာရင်း စက္ကူပုံးထဲမှ အဖေအမေ၏ပုံများဆီ အကြည့်ရောက်သွားသည်။ အဖေနှင့်အမေကို တိမ်လွှာ သတိရသွားကာ မျက်ရည်ဝဲတက်လာ၏။

အတွေးတို့ စိတ်ထဲဖြန့်ကျက်နေသဖြင့် အောက်တွင် အထပ်





ရှိနေသည်ကို သူမ မမြင်လိုက်. .

"ဒုတ်!. ."

"အမလေး!. ."

သူမ ထိုအထစ်ကို တိုက်မိသွားပြီး စက္ကူပုံးလေးနှင့်အတူ ချော်လဲသွားတော့သည်။

"အမေ့!. ."

မှန်ဘောင်ဓါတ်ပုံလေးများ ပြန့်ကျဲသွား၏။ သူမရင်ထဲ စိတ်မကောင်းဖြစ်သွားရသည်။ တချို့မှာ မှန်များအက်ကွဲသွား၏။ ဓါတ်ပုံမှန်ဘောင်လေးများကို စက္ကူပုံးထဲပြန်ကောက်ထည့်နေစဉ် အနားသို့ အဝါရောင် စာရွက်ခေါက်လေးတစ်ရွက် လွင့်လာလေ၏။

တိမ်လွှာ ထိုစာရွက်ခေါက်လေးကို ကောက်ယူကာ ကြည့်လိုက်သည်။ ပီယမျက်နှာဖုံး ပြုလုပ်ပုံခေါင်းစဉ်အောက်တွင် ပြုလုပ်ပုံအဆင့်ဆင့်ကို အသေးစိတ်ရေးထားသည်။ မြင်သူတကာ စွဲလန်းသွားစေမည့် မျက်နှာဖုံးဖြစ်ကြောင်းလည်း ရေးထားသေးသည်။

ဘာရယ်မဟုတ် တိမ်လွှာ စိတ်ဝင်စားသွားပြီး ထိုစာရွက်အဝါလေးကိုပါ စက္ကူပုံးထဲ ထည့်ယူလာခဲ့လိုက်သည်။ ထိုစာရွက်လေးသည်ကား ဇော်ထက် သူ့အခန်းမှ ပစ်ချခဲ့သော စာရွက်လေးပဲ ဖြစ်တော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ကျောင်း**ပြီးလို့ဘွဲ့ရတော့ လုပ်ငန်းခွင်မှာအသုံးဝင်မည့် Business Management သင်တန်းကို တက်ဖြစ်ခဲ့သည်။ E-major Queen အဖြစ် တစ်ကျောင်းလုံးက ကင်ပွန်းတပ်ခြင်း ခံခဲ့ရသော တိမ်လွှာမှာ ယခုသင်တန်းမှာလည်း အထင်ပေါ်ဆုံးဖြစ်နေ၏။

သို့သော် သင်တန်းစတက်သည့်နေ့မှာပင် သင်ခန်းစာထဲ၌ စိတ်မဝင်စားဘဲ ဖြစ်နေရ၏။

တစ်ယောက်သောသူ၏ပုံရိပ်က သူမရင်ကို သိမ်မွေ့စွာ တိုး ဝင်လာခဲ့သည်။ ယောကျ်ားပီသတဲ့ ကျောပြင်ကြီးနဲ့ သပ်ရပ်တိကျတဲ့ မျက်နှာကို မျက်လုံးထောင့်စွန်းက တိမ်လွှာ မြင်လိုက်ရသည်။

တိမ်လွှာ သက်ပြင်းချသံတောင် ထိုလူကြားသွားမလား စိုး ရိမ်နေရ၏။

အလယ်တွင် လူသွားလမ်းသာခြားပြီး တစ်ဖက်ခုံတွင် ထိုင်





နေသော ထိုလူကို သူ့သူငယ်ချင်းတွေ လှမ်းခေါ်လိုက်သောကြောင့် နာမည်လေးတစ်ခုကို သိခွင့်ရခဲ့သည်။

သူ့နာမည်က 'ကောင်းမြတ်'. . ၊ ထိုနာမည်လေးကို မမေ့ အောင် စိတ်ထဲမှာကြိမ်ဖန်များစွာ တိတ်တခိုး ရွတ်နေမိသည်။ ထိုလူ က ယောကျ်ားပီသပြီး ကြည့်ကောင်းသော ရုပ်သွင်မျိုးရှိ၏။ အထူး သဖြင့် နှုတ်ခမ်းနီးမလေးတွေ၏ရင်ကို တုန်လှုပ်စွဲငြိသွားစေမည့် မင်းသားတစ်ပါးဟု တိမ်လွှာ မှတ်ချက်ချမိသည်။

သူမကိုယ်တိုင်လည်း ရင်တလှပ်လှပ်ဖြစ်ခဲ့ရပြီ။

စာထဲစိတ်မဝင်စားဘဲ ကောင်းမြတ်ကို ခိုးခိုးကြည့်နေရတာ လည်း အမောပင်၊ သူမ ခိုးကြည့်နေတုန်း ကောင်းမြတ်က ဖျတ်ခနဲ လှည့်ကြည့်တာနှင့်ဆုံကာ အိုးမလုံအုံပွင့်ပြီး ကမန်းကတန်း မျက်နှာ လွှဲရတာကလည်း သုံးကြိမ်ရှိနေလေပြီ။

ပြုံးရင်းပြန်လှည့်သွားသော ကောင်းမြတ် အမူအရာကြောင့် တိမ်လွှာ့ခမျာ အသက်ရှူတာတွေ အမှားမှားအယွင်းယွင်း ဖြစ်သွား ရသည်။

စာသင်ချိန်ပြီးတော့ ကောင်းမြတ်က အခန်းထဲမှ အရင် ထွက်သွားသည်။ တိမ်လွှာလည်း ပစ္စည်းများသိမ်းကာ အိမ်ပြန်ဖို့ တံခါးဂိတ်သို့ လျှောက်လာလိုက်သည်။

ထိုအချိန်တွင် ကောင်းမြတ်က Mr. Brown တွင်ထိုင်ရင်း Sunkist တစ်ဘူးမှာသောက်ကာ ဖုန်းပြောနေသည်။

လျှောက်လာရင်း တိမ်လွှာ့အကြည့်တွေ. . ထိုဆိုင်ထဲသို့ ရောက်သွား၏။ တိမ်လွှာလည်း. . အာခေါင်ခြောက်လာသလိုလို ဖော်ဘယ်ရီမစ်(စ်)ရှိတ် သောက်ချင်လာသလိုလို ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ သူမခြေလှမ်းတွေက ထိုဆိုင်ထဲသို့ လှမ်းမိလျက်သားဖြစ်သွားသည်။

ယခုမှတွေ့ဖူးသည့် ကောင်းမြတ်ဆိုသောလူအပေါ် သူမ စိတ်ဝင်စားနေမိပြီ။ သူနှင့် မလှမ်းမကမ်းစားပွဲတွင် တိမ်လွှာ ဝင်ထိုင်ရင်း စတော်ဘယ်ရီမစ်(စ်)ရှိတ် တစ်ခွက်မှာကာ တစ်ငုံချင်း စုပ်သောက်နေ၏။ သူမကို ကျောပေးထိုင်နေ၍သာ တော်သေးသည်။ ကောင်းမြတ်နှင့် မျက်နှာချင်းဆိုင်အနေအထားမှာ ထိုင်လောက်အောင်တော့ တိမ်လွှာသတ္တိမကောင်းသေး. . ။

ထိုစဉ်. . .

"ဒေါက်!. . ဒေါက်!. . ဒေါက်!. . "

တိမ်လွှာ မျက်မှောင်ကြုတ်ကာ အံ့ဩသွားရသည်။ အသံက လက်ချောင်းထိပ်ဖြင့် သူမ စားပွဲခုံကိုခေါက်လိုက်သော အသံမျိုးဖြစ်၏။ စားပွဲဝိုင်းတွင်လည်း သူမတစ်ယောက်တည်းရှိ၏။

ခုံအောက် ငုံ့ကြည့်တော့လည်း ဘာမှမရှိ. . ။

အေးစိမ့်သောမစ်(စ်)ရှိတ် သောက်နေရသော်လည်း တိမ်လွှာရင်ထဲ မအေးနိုင်ဘဲ လှုပ်ရှားလို့သွားသည်။ ပိုဆိုးသည့်အချက်က ကောင်းမြတ်၏ ကျောပြင်ကျယ်ကြီးကို ငေးစိုက်ကြည့်နေတုန်းမှာပင် သူက ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်၍ဖြစ်သည်။

"အို!. . "

သူခိုးလူမိသလို ဖြစ်သွားရသော တိမ်လွှာမှာ. . ပါးစပ်အဟောင်း သားလေး ဖြစ်သွားသည်။ ကောင်းမြတ်က လက်ထောင်ပြကာ ခေါင်းငြိမ့်ရင်း ပြုံးပြနေသည်။ ကြောင်အမ်းအမ်းဖြင့် ပြန်ပြုံးပြလိုက်ရင်းမှ တစ်ကိုယ်လုံး ထူပူစွာဖြင့် ခေါင်းငုံ့ပစ်လိုက်တော့သည်။





ယောကျ်ားတစ်ယောက်ရဲ့ အင်မတန်အားပြင်းတဲ့ အပြုံးကို တိမ်လွှာ ပထမဦးဆုံး မြင်ဖူးလိုက်ခြင်းဖြစ်သည်။ ထိုစဉ် သူမခုံဘေးမှ ဒူးပေါ်စကဒ်လေးနှင့် ကောင်မလေးတစ်ယောက် ဖြတ်သွား၏။

"ကိုကောင်း. . ရောက်နေတာကြာပြီလား"

ကောင်မလေးလှမ်းပြောလိုက်သံကို ကြားလိုက်ရပြီး တခစ်ခစ်ရယ်သံများနှင့်အတူ စကားသံများကြောင့် တိမ်လွှာတစ်ယောက် သိလိုစိတ်များဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း ပြန်မော့ကာ ကြည့်လိုက်၏။

"ဟင်!. . "

အံ့ဩမှုနှင့်အတူ သူမရင်ထဲ ကျင်စက်နှင့် အတို့ခံလိုက်ရသလို ခံစားလိုက်ရသည်။

"အမလေး. . ရှက်လိုက်တာ ငါ့ကိုလက်ပြတာမှ မဟုတ်ဘဲ"

သူသဘောကျသော ကောင်းမြတ်ဘေးတွင် ထိုကောင်မလေး ဝင်ထိုင်သွား၏။ အသက်က သူမနှင့်ရွယ်တူလောက်သာရှိသည်။ သို့သော် သူမထက်သာသည့်တစ်ချက်က ထိုမိန်းကလေးသည် ရေတင်းခေတ်ဆန်လွန်းနေသည်။

ဒူးအထက် တစ်ထွာလောက်သာရှိသော မီနီစကဒ် အနက်ရောင်လေးနှင့် ခါးပေါ်ကိုယ်ကျပ်အဖြူလေး ဝတ်ဆင်ထားပုံကိုကြည့်၍ သူမ၏ ခေတ်ရှေ့ပြေးစရိုက်ကို ကောင်းစွာ ခန့်မှန်းလိုက်မိသည်။

အဝတ်အစားတင် မကပါ။ ပြောဟန်ဆိုဟန်ကလည်း ဖက်ဖက်တာတင်း ရှိလှသည်။ ကောင်းမြတ်ကလည်း ထိုကောင်မလေး ပခုံးကိုဖက်၍ ခေါင်းချင်းထိနေကြသေးသည်။

တိမ်လွှာ့ရင်ထဲ တစစ်စစ် ခံစားနေရသည်။ ဖူးစာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဦးရာလူ ဖြစ်ရောသတဲ့လား။ တဒင်္ဂ အတွေ့နောက်ကျမှုသည် ဘဝ တစ်သက်စာ နောက်ကျမှုဖြစ်ရမည်လား. . . နာကျင်ကြေကွဲသွားရ သည်။

ဆက်မကြည့်လိုတော့၍ ထိုင်ရာမှထမည် ပြင်လိုက်စဉ် မှာပင် မယုံနိုင်လောက်အောင် ထူးခြားအံ့သြဖွယ်မြင်ကွင်းကို တိမ် လွှာ မြင်လိုက်ရသည်။

ကောင်းမြတ်၏ ကျောကုန်း၌ ကုပ်ခွစီးထားသော နောက် ထပ်မိန်းမတစ်ယောက်. . .။

"အား!. . အမလေး. . "

"ဒုန်း!. . ခလွမ်း!. . ချွမ်း!. . "

"ဟ!. . ဟ!. . ဘာဖြစ်တာလဲ. . "

ကြောက်လန့်တကြား အော်ဟစ်ရင်း. . စားပွဲမှ တိမ်လွှာ ထလိုက်စဉ် ခန္ဓာကိုယ်နှင့်တိုက်မိ၍ မစ်(စ်)ရှိတ်ခွက် ကျကွဲသွားသည်။ ဝရုန်းသုန်းကား အခြေအနေတစ်ရပ်ကြောင့် ဆိုင်ထဲရှိ လူအားလုံး၏ အကြည့်တ သူမဆီ ကျရောက်လာတော့သည်။

အထိတ်တလန့်ဖြစ်နေသော သူမကိုကြည့်ရင်း လူတွေအား လုံး အံ့အားသင့်နေကြသည်။ သို့သော် ဘေးနားရောက်လာသော ယောကျ်ားသားများ တစ်ပုံတစ်ပင်ဖြစ်နေသည်။

"ညီမ. . ဘယ်နာသွားလဲ"

"အစ်ကို ဘာအကူညီပေးရမလဲ ညီမ"

"ရပါတယ်. . "

ကောင်းမြတ်တို့ အတွဲကလည်း သူမကို သေချာကြည့်နေ ၏။ တိမ်လွှာ၏ တကိုယ်လုံး၌ ရှက်စိတ်၊ ကြောက်လန့်စိတ်များက





ဖုံးအုပ်နေတော့သည်။

အကြည့်များအောက်မှ ဝုန်းခနဲ အငွေ့ပျံပြီး ပျောက်ကွယ် သွားလျှင် ကောင်းပေမည်။

ကျောခိုင်းသွားသော ကောင်းမြတ်ပခုံးပေါ်တွင်တော့ ဘာ ဆိုဘာမှ မရှိတော့. . .။

"ဟိုမောင်လေး. . ဒီမှာ ကျကွဲသွားတဲ့ ဖန်ခွက်အတွက် အ လျှော်ပေးခဲ့တယ်. . "

ငါးထောင်တန်တစ်ရွက်ကို စားပွဲပေါ်တင်ပေးခဲ့ပြီး. . . ဖွန် ကြောင်နေသည့် ပုရိသများကြားမှ တိုးထွက်လာခဲ့သည်။ အပြေးတစ် ပိုင်းနှင့်ထွက်သွားသော တိမ်လွှာကိုကြည့်ရင်း လူတွေတစ်ယောက် တစ်ပေါက်ပြောကာ ကျန်ရစ်ခဲ့သည်။

"သူ့ကြည့်ရတာ. . . တစ်ခုခုကိုတွေ့ပြီး အသည်းအသန် ကြောက်သွားတဲ့ပုံပဲ. . "

"ဟာ. . ဒီမှာဘာကြောက်စရာမှ မရှိတာ၊ ဒါဆို မင်းကိုမြင် သွားလို့ဖြစ်လိမ့်မယ်. . "

"ဟား. . ဟား. . "

ထိုးရပ်လာသော တက္ကစီပေါ်သို့ တိမ်လွှာ ကမူးရှူးထိုး ပြေး တက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ထို**အချိန်တွင် မိုးကလည်း သဲကြီးမဲကြီး ရွာချလာသည်။ အိတ်ထဲတွင် ထီးထည့်လာသည်မို့ သူမအတွက် အဆင်ပြေသွား၏။ တစ္ဆေစီပေါ်မှအဆင်းတွင် ထီးဖွင့်ကာ ကွန်ဒိုအဝင်ဝသို့ လျှောက်လာခဲ့သည်။ ကွန်ဒိုက ခြောက်ချားစရာကောင်းလောက်အောင် လူသွားလူလာရှင်းနေသည်။ ထိုစဉ်. . မိုးရွာထဲ ထီးမပါဘဲလျှောက်လာသော မိန်းမတစ်ယောက်. . သူမရှေ့မှ ဖြတ်လျှောက်သွား၏။

တစ်ကိုယ်လုံးမိုးရေတွေစိုရွှဲနေသော ထိုအမျိုးသမီးက ပတ်ဝန်းကျင်ကို ဂရုစိုက်သည့်ပုံမပေါ်ပေ။ သူမ ဦးတည်လျှောက်လှမ်းနေသည်က ကွန်ဒိုအဝင်ဝသို့ဖြစ်သည်။ ဒေါက်မြင့်ဖိနပ်စီးထားသော ထိုအမျိုးသမီး၏ ခြေသံတွေက. . တဝွပ်ဝွပ်နှင့် အသည်းယားစရာကောင်းလှသည်။ တိမ်လွှာ အံ့အားသင့်ကာ ထိုအမျိုးသမီးကို လိုက်ကြည့်နေမိသည်။

ဟင်. . ဒါ ဟိုဓါတ်ပုံဆရာနောက်က ပါသွားတဲ့ အမျိုးသမီး





ထဲ ဓါတ်ပုံဆရာလည်း ပါမလာပါလား၊ ဒါဆို. . သူတို့အချင်းချင်း ရန်ဖြစ်ပြီး ဒီအမျိုးသမီးပြန်လာတာပဲ ဖြစ်ရမယ်. . ။

တိမ်လွှာ သူ့ဟာသူတစ်ယောက်တည်းတွေးပြီး အဖြေထုတ်နေ၏။ အမျိုးသမီးက ကွန်ဒိုအဝင်ရှိ လှေကားထစ်တွေကို တစ်လှမ်းချင်း လှမ်းတက်သွား၏။

ဒေါက်မြင့်ဖိနပ်နှင့် ခြေသလုံးတို့တွင် ရွှံ့ဗွက်များပေကျံနေသည်။ တိမ်လွှာလည်း နောက်မှကပ်လိုက်သွား၏။ အမျိုးသမီးခြေသံတွေက ဓာတ်လှေကားဆီ ခပ်သွက်သွက်လျှောက်သွားနေ၏။

"တီ. ."

ထိုစဉ် ခလုတ်မနှိပ်ပါပဲ ဓာတ်လှေကားတံခါး ပွင့်သွားလေသည်။ သို့သော် ဓာတ်လှေကားထဲမှထွက်လာသူ တစ်ယောက်ကိုမှ မတွေ့ရ. . ။ အမျိုးသမီးက ဓာတ်လှေကားထဲသို့ ဝင်သွားလေပြီ။ တံခါးပြန်မပိတ်ခင် သူမကိုစောင့်ဖို့ လှမ်းအော်ရသည်။

"အစ်မရေ. . အစ်မ. . ခဏ. . ခဏလေး ကျွန်မလိုက်ဦးမယ်"

ဓာတ်လှေကားထဲမှ အမျိုးသမီးမှာ သူမကိုဘာမှပြန်မပြောဘဲ စိုက်ကြည့်နေ၏။ တိမ်လွှာအနားအရောက်တွင် ဓာတ်လှေကားတံခါး ပိတ်သွားလေသည်။

"ဟင်း. . ဘယ်လိုမိန်းမလဲမသိဘူး. . ခဏလေးတောင် မစောင့်နိုင်ဘူး"

ထိုစဉ် အိပ်ငိုက်နေသော လုံခြုံရေးဝန်ထမ်း ဦးတင်ဌေး နိုးလာကာ တစ်ယောက်တည်း အော်ပြောနေသော တိမ်လွှာကိုကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . ဘယ်သူနဲ့စကားပြောနေတာလဲ"

တိမ်လွှာလည်း ရှည်ရှည်ဝေးဝေး မရှင်းပြချင်တာနဲ့. . .

"ဘာမှမဟုတ်ပါဘူး ဦးလေး၊ ဓာတ်လှေကားက ကြာလို့"

စိတ်ပျက်လက်ပျက်ဖြင့် ပြောင်းလဲနေသော နံပါတ်တွေကို မော့ကြည့်ရင်း ဓာတ်လှေကားပြန်ဆင်းအလာကို စောင့်ရတော့မည်။ နံပါတ်က (၇)ဂဏန်းတွင် ရပ်တန့်သွား၏။ ပြီးတော့မှ နံပါတ်များ နည်းသွားကာ ဓာတ်လှေကားအောက်ပြန်ဆင်းလာသည်။

သူမအပေါ်ရောက်သည်နှင့် အခန်းသို့လျှောက်လာလိုက်သည်။ ထီးကိုရေခါကာ ခေါက်သိမ်းပြီး ဘေးခန်းရှေ့မှအဖြတ်. . . အထဲ၌ အခန်းမီးပွင့်နေတာတွေ့၏။ စောစောက အမျိုးသမီးဖြစ်မှန်း တိမ်လွှာ မမြင်ဘဲသိနေသည်။ ထိုစဉ်. .

"ဂျောက်!. ."

အခန်းထဲ မီးခလုတ်ချလိုက်သံနှင့်အတူ ထိုအခန်းတစ်ခုလုံး မှောင်သွား၏။

"ခလွမ်း!. . ခွမ်း!. ."

မှန်ချပ်တွေအား ရိုက်ခွဲနေသောအသံ ဖြစ်၏။ ဓါတ်ပုံဆရာဆိုသူနှင့် ရန်ဖြစ်နေတာပဲဖြစ်မည်ဟု တိမ်လွှာ ထင်လိုက်သည်။ သူမ အခန်းထဲအရောက် သက်ပြင်းကို ရေနှင့်မျှောချလိုက်ရသည်။ ရေချိုး ချိုး အဝတ်အစားလဲ စားသောက်ပြီးသည်နှင့် အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်တော့သည်။

အိပ်ရာထဲ သူမဟန်းဖုန်းလေးကို လှမ်းယူလိုက်ပြီး ဓါတ်ပုံဖိုင်ကို ဖွင့်ကြည့်သည်။ ဓါတ်ပုံတွေ တစ်ပုံပြီးတစ်ပုံကြည့်ကာ သူမ သဘောကျနေမိသည်။ ထိုပုံများက ကောင်းမြတ်ပုံများဖြစ်၏။ အ





တန်းချိန်တွင် သူမ ခိုးရိုက်ထားသော ပုံများပင်. . .

"ဟွန်း. . ဒီက သူကိုသဘောကျပါတယ်ဆိုမှ အမူအရာတွေ အမျိုးမျိုးလုပ်နေ. . ၊ မျက်နှာသိပ်မများနဲ့သိလား. ."

တစ်ယောက်တည်း စကားတွေပြောကာ ပြုံးပျော်နေ၏။ ကျောင်းတုန်းက လာနှယ်တာတွေ၊ တကောက်ကောက်တွေ၊ တစ်ပူစာစာတွေ၊ အလေးအနက် ရည်ရွယ်ချဉ်းကပ်လာသူတွေလည်း ရှိပါရဲ့. . ၊ ဒါပေမယ့် သူတို့ကို အကဲခတ်လိုက်တဲ့အခါ တွေ့ရတဲ့အပြစ်အနာအဆာတွေက တစ်မျိုးပြီးတစ်မျိုးပေါ်နေ၏။ ထို့ကြောင့်. . လိုအပ်သလို နှစ်သိမ့်ချော့မော့ ရှောင်ထွက်ခဲ့သည်။

တိမ်လွှာရဲ့ ယောကျ်ားတစ်ယောက်အပေါ် တိုင်းထွာတဲ့ပေတံနဲ့ စံနှုန်းကပဲ မြင့်နေသလား၊ သူတို့ဘက်ကပဲ တိုနေ၊ ပုနေ၊ စံမမီတာလား မဆိုနိုင်တော့ပေ။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

တံခါးခေါက်သံကြောင့် တစ်ရေးနိုးလာခဲ့သည်။

"ဟင်. . ဒီအချိန်ကြီး ဘယ်သူများလဲ"

နာရီကြည့်တော့ ဆယ့်နှစ်နာရီတိတိသို့ ညွှန်ပြနေ၏။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

တံခါးနားရောက်မှ တံခါးခေါက်သံမှာ သူမအခန်းမှမဟုတ်ဘဲ. . ဘေးခန်းတံခါးအား ဆက်တိုက်ခေါက်နေသောအသံမှန်းသိ၍ စိတ်ပျက်လက်ပျက်ဖြင့် နားပိတ်ကာ ခုတင်ဆီသို့ပြန်လာခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၅)

ဝရာမက နာရီကြည့်ကာ အတန်းစဖို့ပြင်သည်။ ဒီကြားထဲ တိမ်လွှာက ကောင်းမြတ်ကို ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။ ပလေကပ်လုံချည်အပြာကွက်စိပ်နှင့် ရှပ်အင်္ကျီအဖြူလက်တိုတို သပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ ကောင်းမြတ်ဟာ ထိုင်နေကျနေရာလေးတွင်ထိုင်နေရင်း သွားလေးတွေလက်အောင် ပြုံးနေလေသည်၊

တကယ်တော့ သူမကသာ တဖက်သတ်စွဲလန်းရင်း တိတ်



www.burmeseclassic.com

www.burmeseclassic.com



တခိုးချစ်နေမိ၍ ယခုလို ခံစားနေရခြင်းဖြစ်သည်။ ကောင်းမြတ်က တော့ မည်သည့်ခံစားမှုမျှ ရှိပုံမရ. . ၊ အရှုံးဖြစ်နေရသူက သူမပင် ဖြစ်နေ၏။ ကောင်းမြတ် မိမိအပေါ် ချစ်ကြိုက်ပြီးမှ သစ္စာဖောက်ကာ နောက်တစ်ယောက်နှင့် တွဲခြင်းလည်းမဟုတ်. . ။ သူနဂိုကပင် မိမိ ထက်ဦးစွာ ချစ်သူရနေခြင်းသာ ဖြစ်သည်။

သည်လိုတွေးမိတော့လည်း အရှုံးထနေမိသော ကိုယ့်စိတ် ကိုယ်သာ အပြစ်တင်နေမိတော့သည်။

"ဆရာမ. . သမီးကို ဝင်ခွင့်ပြုပါ"

တံခါးတစ်ချပ်တည်းသာ ဖွင့်ထားသောအခန်းဝမှ ကောင်မ လေးတစ်ယောက် ဝင်ခွင့်တောင်းနေ၏။

"မင်းနာမည်"

"စံပယ်ပါဆရာမ"

"ဘာလို့နောက်ကျတာလဲ. . ဒီနေ့က သင်ခန်းစာအသစ် တက်မယ်ဆိုတာ မှာထားတယ်မဟုတ်လားကွယ်"

စံပယ်ဆိုသောကောင်မလေးက လက်ညှိုးတစ်ချောင်းကို ပါးစပ်ရှေ့ကန့်လန့်ခံလိုက်ရင်း. .

"ကား. . ကားပျက်နေလို့ပါ ဆရာမ"

"ကဲ. . ဝင်ထိုင် အတန်းစမယ်၊ နောက်တစ်ခါ နောက်မကျ စေနဲ့. . ကြားလား စံပယ်. . "

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာမ. . "

တိမ်လွှာ၏ မှတ်ဉာဏ်ထဲတွင် 'စံပယ်' ဟူသောအမည်နာမ အသစ်တစ်ခု တိုးလာခဲ့၏။ အတန်းပြီးလို့ ထွက်လာချိန်တွင်တော့ တိမ်လွှာ သင်တန်းရှိ စာကြည့်တိုက်ထဲသို့ ဝင်ခဲ့၏။ သူမ လိုချင်သော





စာအုပ်ကိုရှာရင်း တစ်နေရာအရောက် စာအုပ်စင်ကိုမှီကာ စာအုပ် တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေသော ကောင်းမြတ်ကို တွေ့ရလေ သည်။ စာအုပ်စင်ကိုကွယ်ကာ တိမ်လွှာ ချောင်းကြည့်မိသည်။

ထိုအခိုက်မှာပင် ကောင်းမြတ်က သူမရှိရာဆီ လှမ်းကြည့် သဖြင့် ခေါင်းလေးပုကာ ပုန်းလိုက်ရသေးသည်။ တိမ်လွှာ စိတ်က လည်းမလုံ. . သူခိုးလူမိမှာလည်း စိုးနေသည်။ နောက်တစ်ကြိမ်ထပ် ချောင်းတော့ စောစောကနေရာတွင် ကောင်းမြတ်မရှိတော့. . . ။

ဟိုကြည့်ဒီကြည့်နှင့် ကောင်းမြတ်ကို အမောတကောလိုက် ရှာမိသည်။ စိတ်စောစွာ စာအုပ်စင်တစ်ခုကိုအဖြတ် လူတစ်ယောက် နှင့်တိုက်မိကာ တိမ်လွှာချော်လဲတော့သည်။

"အ!. . "

သို့သော် သူမအောက်သို့လဲကျမသွား. . ၊ ခါးကို ထိုလူက သိုင်းဖက်ထား၍ ဖြစ်သည်။ မော့ကြည့်မှ ဖက်ထားသောပုဂ္ဂိုလ်မှာ ကောင်းမြတ်ဖြစ်နေမှန်း သိလိုက်ရသည်။

"အို!. . "

တစ်လောကလုံး တရိပ်ရိပ်လည်နေပြီး ကောင်းမြတ်ရင်ခွင် ထဲမှ မထွက်ချင်ဘဲဖြစ်နေမိသည်။

ထိုခဏတာလေးက လုံခြုံမှုရနေတဲ့ ရင်ခုန်မှုတစ်ခုပါပဲ. . လက်မအနည်းငယ်သာ ဝေးကွာတော့တဲ့ နှလုံးသားနှစ်စုံဟာ မကြာ ခင်မှာပဲ ထိသွားတော့မလား. . ။ တိမ်လွှာ ရင်ခုန်နှုန်းတွေ မြန်နေ လေသည်။

တိမ်လွှာ. . ကောင်းမြတ် နှလုံးသားဆီ ပိုနီးကပ်ချင်မိသည်။

သူမ ရင်ခုန်သံကိုလည်း ကြားစေချင်သည်။



www.burmeseclassic.com

"ဪ . . အတန်းထဲက မဟုတ်လား"

"တုတ်"

ရင်ခွင်ရော ပါးပြင်ပါ ရသလောက် ထပ်တိုးကပ်လိုက်ချိန်တွင် ကောင်းမြတ်က ဖက်ထားသောလက်ကို ဖြေလျှော့ပေးလိုက်သည်။ နှစ်ယောက်သား ခဏမျှ ဘာပြောရမှန်းမသိ ဖြစ်သွားကြသည်။ ကောင်းမြတ်က ခေါင်းကုပ်ရင်း . . .

"အဟီး . . သွားအုံးမယ်နော်"

"ဟို . . ဟို . . ကိုကောင်းမြတ် ခဏလေး"

အခွင့်အရေးရတုန်း တိမ်လွှာ ချည်းကပ်တော့သည်။

ကောင်းမြတ်ခြေလှမ်းတွေ တုန့်ခနဲဖြစ်ကာ . . နောက်ပြန်လှည့်လာသည်။

"ကိုကောင်းမြတ်လက်ထဲက စာအုပ်လေး ဖတ်ချင်လို့ အဲဒါ ခဏလောက် ပြန်ငှားပါလားဟင် . . "

ထိုစဉ် . . .

"ဟာ . . ကိုကောင်းရယ် ဘယ်တွေပျောက်နေတာလဲ၊ ရှာလိုက်ရတာ"

ရုတ်တရက် မိန်းကလေးတစ်ယောက်၏အသံကို တိမ်လွှာကြားလိုက်ရသည်။ မျက်နှာလေးဆူပုတ်ကာ . . ကောင်းမြတ်အေးရောက်လာသဖြင့် တိမ်လွှာ ပြောလက်စ,စကားပင် ပျောက်သွားရသည်။ ထိုမိန်းကလေးက တိမ်လွှာ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး . .

"သူကဘယ်သူလဲ ကိုကောင်း၊ ဟိုတနေ့က ဖန်ခွက်ကျကွဲတဲ့တစ်ယောက် မဟုတ်လား"

မေဖူးက သရော်သောပုံစံနှင့် တိမ်လွှာ့ကိုကြည့်ကာ ပြောသည်။

"ကိုယ်တို့ အတန်းကပါ၊ ရော့ . . ညီမဖတ်ချင်ရင် ယူသွားလေ"

ကောင်းမြတ်ပေးသော စာအုပ်လေးကို လှမ်းယူခိုက် . .

"ကျေးဇူးပဲ . . ကျွန်မဆက်ဆက်ပြန်ပေးပါ့မယ်"

"ဟွန်း . . ကိုကောင်းနော်၊ မေဖူး ရှုပ်ရှုပ်ယှက်ယှက်လုပ်တာ မကြိုက်ဘူး . . "

မျက်စောင်းလေးထိုးပြီး မဲ့ကာရွဲ့ကာလုပ်ပြသွားသော မေဖူးဆိုသော ကောင်မလေးကိုကြည့်ပြီး တိမ်လွှာ ပြုံးမိသည်။ စိတ်ထဲမှာတော့ မေဖူးကို အတ်အလင်း စစ်ကြေငြာပစ်လိုက်ချင်သည်။

သို့သော် . . အချစ်ပြိုင်ပွဲ၏ မြေတလင်းကလည်း ဘာမှ မရေရာသေးတာကို ပြန်သတိရသွားသည်။ သို့နှင့် ကောင်းမြတ်ပေးခဲ့သော စာအုပ်ကလေးပိုက်ကာ တိမ်လွှာ ကျန်ခဲ့တော့၏။

စာကြည့်တိုက်ထဲမှထွက်လာပြီး လမ်းပေါ်ရောက်တော့ တိမ်လွှာတစ်ယောက် ကံဆိုးမှုတစ်ခု ကြုံလိုက်ရ၏။

ခိုချီးက တိမ်လွှာ၏ကျောကုန်းပေါ် 'ဗွက်'ခနဲ ကျလာသည်။ အဖြူရောင်အင်္ကျီလည်း စွန်းထင်းသွား၏။

"ဟယ် . . ဒုက္ခပါပဲ၊ ဒီခိုစုတ်ကလည်း အကျင့်ပုတ်တယ်"

ကျောင်းသားတစ်ချို့က သူမအဖြစ်ကိုကြည့်ရင်း ရယ်ကုန်ကြ၏။ အိတ်ထဲတွင် တစ်ရှူးပါသော်လည်း ထိုတစ်ရှူးဖြင့် သုတ်လို့ကမဖြစ်။ အကွက်လိုက်ကြီး မည်းညစ်သွားမှာကို မြင်ယောင်မိသည်။ အကောင်းဆုံးက Toilet ထဲ သွားရန်ပင်ဖြစ်၏။

Toilet က မိန်းကလေးသီးသန့်ဖြစ်သော်လည်း အင်္ကျီချွတ်







www.burmeseclassic.com

www.burmeseclassic.com



ရန် မငွံမရဲ ဖြစ်နေသည်။ မချွတ်လို့ကလည်း မရ။ ခိုချိုးက ကျောကုန်းမှာဖြစ်နေ၍ နောက်ဆုံးတော့ တိမ်လွှာ အင်္ကျီချွတ်လိုက်ရသည်။

အတွင်းခံလေးနှင့် ခိုချိုးပေနေသောနေရာကို ဘေစင်တွင် ရေဆေး၏။ သို့တိုင်အောင် ဝါကျင်ကျင်အကွက်ကြီးက ကျန်နေသေးသည်။ အဆိုးဆုံးက ရေစိုအကွက်ကြီးကြောင့် စိတ်ညစ်သွား၏။

"ရော့. . ဒီအင်္ကျီ ထပ်ဝတ်ထားလိုက်. . "

"ဟင်. . "

အနီးကပ်ပေါ်လာသောအသံကြောင့် သူမ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

စံပယ်ဆိုသော ကောင်မလေး။ သူ့လက်ထဲက အင်္ကျီလက်ရှည်အထွက်လေးကို လှမ်းပေးနေ၏။

"ဒါတို့ဝတ်လိုက်၊ တို့မှာ တီရှပ်ပါတယ် ပြဿနာမရှိဘူး"

စံပယ်က ဖျင်းဘောင်းဘီရှည်၊ တီရှပ်နှင့် အပြင်မှဖလပ်ပင် အင်္ကျီလက်ရှည်ကို ဝတ်ဆင်ခြင်းဖြစ်သည်။

စံပယ်တွင် တီရှပ်တစ်ထည်ရှိနေသေး၍ တိမ်လွှာ အားနာနာနှင့်ပင် လှမ်းယူလိုက်၏။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်. . "

စံပယ်၏အင်္ကျီက သူမနှင့်အနေတော် ဖြစ်နေသည်။

"တို့နာမည်က တိမ်လွှာပါ။ အင်းယားမှာ တစ်ခုခုသွားစားရအောင်လား စံပယ်. . တို့ကျွေးပါရစေ၊ ခင်မင်မှု အထိမ်းအမှတ်ပေါ့"

"ကောင်းသားပဲ၊ ဘယ်လောက်မှ မဝေးတော့ဘူး. . လမ်းလျှောက်သွားကြရအောင်"





သို့နှင့် နှစ်ယောက်သား ကန်ဘောင်သို့ ရောက်လာခဲ့သည်၊ အုန်းသီးကြော်ကိုစားရင်း စကားတွေပြောဖြစ်၏။ ပြောရင်းမှ စံပယ်၏ ထူးခြားမှုများကို သတိပြုလာခဲ့မိသည်။

စံပယ်သည် လောကီပညာရပ်များ၊ စိတ်နယ်လွန်ဖြစ်ရပ်များတွင် ပိုမိုစိတ်ထက်သန်သူဖြစ်ကြောင်း သိလာရသည်။

စကားပြောနေရင်း တိမ်လွှာ၏မျက်လုံးအစုံက တစ်စုံတစ်ခုကို သတိပြုမိသွားသည်။

ထိုအရာမှာ လက်ချင်းချိတ်၍ လျှောက်လာနေသော စုံတွဲတစ်တွဲပင်ဖြစ်၏။ ထိုစုံတွဲမှာ အခြားသူမဟုတ်. . .

သူမ တဖက်သတ်စွဲလန်းနေသော ကောင်းမြတ်တို့စုံတွဲပင်ဖြစ်သည်။

"တိမ်လွှာက သူတို့အတွဲကို စိတ်ဝင်စားလို့လား. . .၊ အဲဒီကောင်းမြတ်ဆိုတဲ့ကောင်က အရမ်းရုပ်တာ"

"လူကြည့်တော့ မထင်ရဘူးနော်"

တိမ်လွှာ၏ မှတ်ချက်စကားကြောင့် စံပယ်က ခပ်တိုးတိုးရယ်လိုက်သည်။ သူ့ရယ်သံက အသက်မပါသလို ပုံစံမျိုးဖြစ်နေ၏။

"သစ်ကောက် ဝါးကောက်သာ လူမြင်တာ၊ လူကောက်တာကို လူမမြင်ဘူး တိမ်လွှာရဲ့၊ လောကနီတိ စကားပုံရှိတယ်လေ. . . ရေသဖန်းသီးမှည့်တို့သည် အပြင်၌ရှုချင်စဖွယ် အဆင်းရှိသော်ငြား အတွင်း၌ ပိုးလောက်အတိပြီး၏တဲ့၊ အပြင်ဝိဟိဒ္ဓိနဲ့ အတွင်းအဇ္ဈတ္တကို အတူတူလို့ သတ်မှတ်လို့မရနိုင်ဘူး တိမ်လွှာ"

စံပယ်က ဆက်၍. . .

"ကောင်းမြတ်က ရည်းစားတွေသိပ်များတယ်၊ အခုတွဲနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်မလေးက တွဲတာမကြာသေးဘူး၊ ကောင်းမြတ်ရဲ့ အရင်ရည်းစားက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်ဆိုပဲ၊ သံလျင်တံတားပေါ်က ခုန်ချသွားတာလေ"

"ဟင်!. . ဘာလို့သတ်သေရတာလဲ"

"ဒီကောင်ပေါ့. . သူ့စိတ်ကြိုက် ခြေတော်တင်ခဲ့ပြီးမှ ဗိုက်ထွက်လာတော့ ကောင်းမြတ်က မယူနိုင်ဘူးလို့ ခါးခါးသီးသီး ငြင်းတယ်၊ ပြီးတော့ ဒီကောင်မလေးနဲ့ တွဲတာတွေ့သွားလို့ စကားများကြတယ်၊ ကောင်းမြတ်က သူ့နဲ့ရတာမဟုတ်ဘူးတဲ့၊ ကောင်မလေးလည်းရှက်ရှက်နဲ့ သူ့ဟာသူအဆုံးစီရင်သွားတာ"

"ဖြစ်မှဖြစ်ရလေဟယ်"

"အင်း. . . သေသွားတဲ့ ကောင်မလေးက ခင်ရူပါတဲ့၊ သူ့မှာအကျင့်တစ်ခုရှိတယ်၊ သူ့လက်တွေက အငြိမ်မနေဘူး၊ အလိုလိုနေရင်း တစ်ဒေါက်ဒေါက်နဲ့ ခုံကိုခေါက်နေတတ်တယ်၊ သေတော့. . မကျွတ်ဘူးနဲ့တူတယ် စာသင်ချိန်မှာ သူထိုင်နေကျခုံက အသံတွေမြည်နေတယ်လေ၊ တစ်ဒေါက်ဒေါက်နဲ့ တစ်ချိန်လုံး ခေါက်နေတဲ့အသံပေါ့၊ ရပ်သွားလိုက်. . ပြန်မြည်လာလိုက်. . ဆက်တိုက်မြည်လိုက်နဲ့ စာသင်လို့ကိုမရဘူး ဖြစ်ခဲ့တာ၊ နောက်ဆုံး အဲဒီခုံကို စာသင်ခန်းထဲက ထုတ်လိုက်ရတဲ့အဆင့်ထိ ဖြစ်သွားခဲ့တယ်"

စံပယ်ထံမှ ကြားရသောစကားတွေက အထူးအဆန်းတွေဖြစ်နေ၏။

"သေသွားတာတောင် မကျွတ်ဘဲ ဘာလို့များ လိုက်ခြောက်နေလဲမသိဘူးနော်"

"တိမ်လွှာကလည်း အဲဒီခင်ရူပါက ကောင်းမြတ်ကို သိပ်ချစ်တာ. . အစွဲအလမ်းကကြီးတယ်လေ၊ သေတော့. . . ကောင်းမြတ်စိတ်နဲ့ သေခဲ့ရတာမဟုတ်လား၊ ဒီတော့မကျွတ်ဘဲ သရဲဖြစ်နေတာပေါ့"

"ဘုရား. . ဘုရား. . ဒါနဲ့ စံပယ်က ဘာလို့ ဒီလောက်သိနေရတာလဲ. ."

"ကောင်းမြတ်အကြောင်းက လူတိုင်းပြောနေလို့ မသိချင်မှအဆုံး. . တိမ်လွှာရေ ဘာလဲ. . ရှင် ဒီကောင့်ကိုသဘောကျနေတယ် မဟုတ်လား"

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော စံပယ်၏စကားကြောင့် သူမမှာ ထိတ်ခနဲ ဖြစ်သွားရသည်။

"ဘာလို့ ဒီလိုမေးတာလဲ စံပယ်"

"မညာပါနဲ့ တိမ်လွှာ၊ ရှင့်မျက်လုံးတွေက သက်သေပဲလေ"

တိမ်လွှာမှာ စံပယ့်ကိုဖုံးကွယ်ရန် မလွယ်ကူမှန်းသိ၍ ဝန်ခံလိုက်ရတော့သည်။

ထိုမှသာမက Mr. Brown တွင် ထိုင်စဉ်က ကောင်းမြတ်အားကုန်းပေါ်မှ အမျိုးသမီးအကြောင်း ပြောပြလိုက်၏။

"အဲဒီကောင်မလေးက ခင်ရူပါပဲ တိမ်လွှာ"

တိမ်လွှာ သက်ပြင်းကို ဖြည်းညှင်းစွာချရင်းမှ ကြေကွဲသောလေသံဖြင့်. . .

"ဝန်ခံရရင် တိမ်လွှာ သူ့ကိုသဘောကျခဲ့တယ်၊ အခု စံပယ်ပြောပြတဲ့ အကြောင်းတွေကြားတော့၊ တိမ်လွှာ အတော်လေး လန့်သွားမိတယ်၊ ဒါပေမယ့် သူ့ကိုတစ်ဖက်သတ် ချစ်နေတဲ့စိတ်ကလည်း ဖျောက်ဖျက်လို့ကိုမရဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒုက္ခ . . ဒုက္ခ. . ဒီမယ် သူငယ်ချင်း . . လောကမှာ တကယ်ချစ်တဲ့သူက အရှုံးပါ . တွဲနေတဲ့ ကောင်မလေးတွေကို သူက တကယ်မချစ်တော့ သူပဲနိုင်နေတာပေါ့။ သူကနင့်ကို တကယ်ချစ်လာရင်. . နင်နိုင်ပြီ တိမ်လွှာ. . "









# အခန်း (၆)

ပဂ်လာဆောင် နှစ်ပွဲဆက်သွားရ၍ ဇော်ထက်အတော်ပင်ပန်းသွား၏။ အိမ်ရောက်တော့ ရှုပ်ပွနေသောပစ္စည်းများကို ကျော်ခွရင်း . . ခုတင်ပေါ် ပစ်လှဲချလိုက်၏။ ချဉ်စော်နံနေသော အနံ့အသက်တ နှာခေါင်းထဲတိုးဝင်လာ၍ ဇော်ထက် ရေချိုးဖို့ သတိရသွားသည်။

သို့နှင့် ရေချိုးပြီး အခန်းထဲကထွက်လာခိုက် မျက်လုံးထောင့်က လူရိပ်ကို တွေ့လိုက်သည်။ ချက်ချင်းဆိုသလို ဇော်ထက် လှည့်ကြည့်လိုက်၏။ လူရိပ်တော့မဟုတ် ဖုဇန်ကျော်၏ နံရံကပ်ပါတ်ပုံ

www.burmeseclassic.com



ဖြစ်နေသည်။ စိတ်ပျက်လက်ပျက်နှင့် အကြည့်က အလုပ်စားပွဲသို့ ရောက်သွားသည်။

"ဟင်!. ."

သူ. . အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ပစ်ခွဲခဲ့သော ပီယ မျက်နှာဖုံးလေးက ခုံပေါ်တွင် အကောင်းအတိုင်း ပြန်ရောက်နေ၏။

ခုလိုဖြစ်ပျက်နေတတ်သော သူ့အခန်းထဲကိုရောက်လျှင် ကြောက်စိတ်ပျောက်အောင် ရဲဆေးတင်ဖို့သာ ရှိတော့သည်။

ဒီတော့ ရေခဲသေတ္တာတံခါးဆွဲဖွင့်ကာ ပုလင်းထုတ်၍ မော့ သောက်လိုက်တော့သည်။

ဒီညလည်း (၁၂)နာရီမတိုင်ခင် ဖုဇုန်တံခါးလာခေါက်လေ မလား. . ဇော်ထက် တွေးပူမိသည်။ တစ်ကိုယ်လုံးလည်း နုံးချိကာ မူးဝေလာပြီမို့ ကြောက်စိတ်ကို အိပ်ချင်စိတ်က အနိုင်ယူသွားတော့ သည်။ ခဏကြာတော့ 'ခေါ. . ခလူးဖြင့် ဇော်ထက် ဟောက်တောင် ဟောက်နေလေပြီ။ ဒီလိုနှင့်ညက အမှောင်ကမ္ဘာထဲ တိုးဝင်လျှက်. .

အိပ်နေရင်း ချမ်းစိမ့်လာသဖြင့် နိုးသွား၏။ စောင်ကို ရင် ခေါင်းထိ ဆွဲခြုံလိုက်ကာ တစ်ဖက်သို့စောင်းပြီး ပြန်အိပ်လိုက်သည်။ ဇော်ထက် ကျောပေးထားသော ခုတင်ဘက်အခြမ်းမှ တစ်ယောက် ယောက် တက်လိုက်သလို အိကျသွားသည်။ မအိပ်ခင်က သောက် ထားသောအရှိန်ကြောင့် ထိုအခြင်းအရာကို ဇော်ထက် သတိမထား မိလိုက်. .။

ဇော်ထက်ခြုံထားသော စောင်အောက်သို့ တစ်စုံတစ်ခု တိုး ဝင်သွား၏။

နောက်ကျောက ယားကျိယားကျိဖြစ်လာမှ အသိစိတ်တို့





လှုနဲ့ပြန်ကပ်သွားကာ မျက်လုံးဇတ်ခနဲ ပွင့်သွားသည်။

သူလည့်ကြည့်လိုက်တော့ စောင်ထဲမှ ဆံပင်အုံကြီးထိုးထွက် လာ၍ အသည်းအေးသွားရသည်။ ဇော်ထက် စောင်ကိုလှန်ချလိုက် သည်။ သူ့ဗိုက်ပေါ် ခေါင်းမှေးတင်ထားလျှက် မိန်းမတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"အ. . အ. ."

အော်ဖို့ အားကုန်ကြိုးစားသော်လည်း. . အသံက လည် ချောင်းဝတွင် တစ်ဆို့နေသည်။

"ကျွန်မ ရှင့်ကြောင့်သေရတာ၊ ရှင်သေမှ ကျွန်မကျေနပ်နိုင် မယ်"

"အား!. ."

ဇော်ထက် ခုတင်ပေါ်မှ လိမ့်ချလိုက်၏။

"ဝုန်း!"

အောက်ရောက်တော့ ကြောက်ကြောက်နှင့် မျက်နှာကိုဝပ် ထားမိသည်။ ထိုစဉ်. .

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

အပြင်က ဘယ်သူလဲ. .၊ ကုတင်ပေါ်ကြည့်တော့ ဘယ်သူ မှမရှိတော့ပြီမို့ သူမ လာပြီဆိုတာ သဘောပေါက်သွားသည်။

အရင်ဆုံး အခန်းမီးတွေကို အကုန်လိုက်ဖွင့်ရသည်။ ပြီးမှ စောင်ကိုခေါင်းမြီးခြုံထားလိုက်ရတော့သည်။

တံခါးခေါက်သံကတော့ အဆက်မပြတ် ထွက်ပေါ်နေဆဲ

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ စံပယ်နှင့် အလယ်လွန်ကာ ကွန်ဒိုသို့ မိုးချုပ်မှ ပြန်ရောက်၏။ ဓါတ်လှေကားရှေ့အရောက်. . ကျောမလုံသဖြင့် နောက်လှည့်ကြည့်မိသေးသည်။ ဘယ်သူမှမရှိ။ ခလုတ်နှိပ်လိုက်သည်နှင့် ဓါတ်လှေကားတံခါး ပွင့်သွား၏။ ဓါတ်လှေကားထဲမှာ ဘယ်သူမှမရှိဘဲ သူတစ်ယောက်တည်းမို့ နည်းနည်းတော့ စိတ်ထဲလန့်နေမိသလို ခံစားရသည်။ နံပါတ်ခုနစ်ကို နှိပ်လိုက်သည်။

ဓါတ်လှေကားတံခါးက 'ကျီ'ခနဲ ပြန်ပိတ်သွား၏။ သို့သော် ပိတ်လုပိတ်ခင် အခြေအနေမှာပင် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို တိမ်လွှာ ကြုံလိုက်ရ၏။

ပိတ်တော့မည့် တံခါးနှစ်ခုကြားသို့ တိုးဝင်လာသော ခြေဖဝါးတစ်ဖက်ကို တွေ့လိုက်ရပြီး တံခါးက ပြန်ပွင့်သွားသည်။

"အို!. . "





ပွင့်သွားသောတံခါးမှ ဝင်လာသော မိန်းမတစ်ယောက်၏ ပုံကြောင့် တိမ်လွှာမှာမကြည့်ရဲလောက်အောင် တုန်လှုပ်၍ တဖက်သို့ဖင် မျက်နှာလွှဲလိုက်မိသည်။

ဘေးခန်းမှအမျိုးသမီးဖြစ်၏။ တစ်ကိုယ်လုံး ညိုမည်းနေ၏။ ရွှံ့များ၊ သွေးကွက်များကလည်း တကိုယ်လုံးအနှံ့ ပေကျံနေ၍ မျက်နှာတစ်ခုလုံးမှာလည်း သွေးခြောက်များက ဖုံးအုပ်နေသည်။

အဝါရောင် အပေါ်အောက်ဝမ်းဆက် ဂါဝန်ကို ဝတ်ထားပြီး ဓာတ်လှေကားထဲသို့ တစ်လှမ်းချင်း ဝင်လာ၏။ သူ့မျက်လုံးအစုံက တိမ်လွှာ့ကို စိုက်ကြည့်နေသည်။ သူမပုံစံက ခပ်တည်တည်ကြီးမို့ တိမ်လွှာ စကားမပြောရဲ။ အကူအညီလိုအပ်နေသည့်ပုံလည်း မပေါ်ချေ။

ထိုအခိုက်မှာပင် ဓါတ်လှေကားတံခါးက ပိတ်သွားပြီးနောက် ငြိမ့်ခနဲ အပေါ်သို့တက်သွားတော့၏။ ထိုအမျိုးသမီးက တိမ်လွှာ့ နောက်နားတွင် ကပ်ကာရပ်နေလိုက်၏။ သူမ နောက်ကျောဘက်တွင် လူတစ်ယောက်ရောက်နေ၍ တကိုယ်လုံးအကြောများ တောင့်တင်းသွားရသည်။

ခုနစ်လွှာသို့ မြန်မြန်ရောက်ပါစေဟုလည်း ဆုတောင်းရတာအမောပင်။ ဤမျှတိုတောင်းလှစွာသော အချိန်လေးကိုပင် အတော်သည်းခံနေရ၏။

ထိုမိန်းမသည် လှုပ်ရှားခြင်းလည်းမရှိ၊ စကားလည်း တစ်ခွန်းမှမဆိုဘဲ တောင့်တောင့်ကြီး ရပ်နေသည်မှာ ကျောက်ရုပ်တစ်ရုပ်နှင့် တူလှသည်။ ထိုသို့နေခြင်းကပင် သူမအတွက် ကံကောင်းနေသေး၏ဟု တိမ်လွှာ ဖြေသိမ့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ!. . ကျီ!. ."

မါတ်လှေကားက (၇)လွှာမှာရပ်၍ တံခါးပွင့်သွားသည်။ တိမ်လွှာမှာ ယခုတိုင်အောင် တုပ်တုပ်မျှပင် မလှုပ်ရဲသေး။ သူမဘေးမှ အပြင်ကိုတစ်လှမ်းချင်း ထွက်သွားသည့် ခြေအစုံကို ကြည့်ရင်း တိမ်လွှာ သက်ပြင်းတွေချနေရသည်။

ငါ့နှယ်နော် ဒီမိန်းမနဲ့ ခဏခဏဆုံနေတာ. . ဘယ်လိုရေစက်လည်း မသိပါဘူး. . .။

တိမ်လွှာမှာ အနီးကပ်မလိုက်ရဲ၍ ခပ်ခွါခွါမှ ခြေဖျော့နင်းကာ လိုက်လာနေရသည်။ အဝါရောင်မိန်းမက မါတ်ပုံဇော်ထက် အခန်းရှေ့အရောက်တွင် ရပ်လိုက်၏။

ထို့နောက်တွင်တော့ လက်ကိုမြှောက်၍ အခန်းကို ထုရိုက်လေတော့သည်။ ခပ်ဖွဖွထုရိုက်ခြင်းမဟုတ်။ လက်ကို တအားလွှဲ၍ အားကုန်ထုရိုက်နေခြင်းသာဖြစ်၏။

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!. . ."

ထိုဖြစ်ရပ်ကြောင့် တိမ်လွှာ ရပ်သပ်ရှုမော အံ့ဩဘနန်းဖြစ်ကာ ငေးကြောင်ကြည့်နေမိသည်။ ထိုမိန်းမကတော့ မနားတမ်း ဆက်ထုနေ၏။

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!. . ."

ထုရိုက်သံက ဆူညံစွာထွက်ပေါ်နေ၏။

ဤမျှ ကျယ်လောင်သောအသံကို တခြားအခန်းက လူတွေ ဘာကြောင့် မကြားကြတာလဲ၊ ဘာကြောင့် တစ်ယောက်မှ ထွက်မကြည့်ကြတာလဲဆိုတာ တိမ်လွှာ စဉ်းစား၍မရတော့။ ထို့အပြင် ဤမျှအားနှင့် ဆက်တိုက်ထုရိုက်နိုင်လောက်အောင် ဤမိန်းမ၏လက်က သံမဏိနဲ့များ လုပ်ထားလေသလားဟု တွေးလိုက်မိသည်။

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!. . ."

ယောကျ်ားတစ်ယောက်ပင် ဤမျှကြာကြာ ထုရိုက်နိုင်မည် မဟုတ်။ အဝါရောင် မိန်းမကတော့ တဒုန်းဒုန်း ထုရိုက်နေဆဲ ဖြစ်သည်။ ဘာကြောင့် ဒီလိုထုရိုက်တာလဲ၊ သူဘာလိုချင်လို့လဲ၊ ဤမျှ ကျယ်လောင်သောအသံကို မကြားကြလေဘူးလား၊ အထဲက မါတ်ပုံဆရာ ဘာကြောင့် ထွက်မလာတာလဲ. . ။

တိမ်လွှာ့အတွေးထဲ၌ မေးခွန်းတွေက ပြည့်နှက်နေ၏။ အဖြေကတော့ တစ်ခုမှ ထွက်မလာပေ။ သူ့အခန်းကို သွားချင်ရင် ထိုမိန်းမကို ဖြတ်ကျော်သွားရမည်ဖြစ်၏။

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!. . ."

ဘုရားရေ. . ဒီမိန်းမ ဘယ်အချိန်ထိများ ထုနေအုံးမှာလဲ၊ သူ့လက်တွေ ဘာမှမဖြစ်ဘူးလား၊ လူမှ ဟုတ်ရဲ့လားနော်. . .၊

သူနဲ့နီးလာလေလေ ကြောက်စိတ်က ပိုလာလေဖြစ်၏။ ထိုမိန်းမ နောက်ကျောက ဖြတ်သွားဖို့ကိုပင် စိတ်ကမလုံမလဲ ဖြစ်နေရသည်။ သူမကတော့ ဘာကိုမှ ဂရုစိုက်ပုံမပေါ်။ စက်ရုပ်တစ်ရုပ်လို တံခါးကို ထုမြဲထုနေ၏။

တိမ်လွှာ အသက်ပင် ရဲရဲမရှူရဲတော့. . ၊ သူ့နောက်ကျော တည့်တည့်အရောက်တွင် ဝုန်းခနဲ ပြေးမိတော့သည်။ အိတ်ထဲက သော့ကိုထုတ်၍ တံခါးကိုအမြန်ဖွင့်ကာ အထဲဝင်လိုက်သည်။ အထဲရောက်မှ စိတ်နည်းနည်းအေးသွား၏။

ထူးဆန်းသည်က အခန်းထဲရောက်သည်နှင့် တဒုန်းဒုန်းအသံကို မကြားရတော့။ တမ်လွှာစိတ်ထဲတွင် မတင်မကျဖြစ်လာကာ





www.burmeseclassic.com

www.burmeseclassic.com



သိလိုစိတ်များစွာဖြင့် တံခါးကိုအသာပြန်ဟ၍ ကြည့်သည်။

“ဟင်! . . . မရှိတော့ပါလား”

အံ့ဩစရာပင်။ တဒုန်းဒုန်း ထုရိုက်နေသောမိန်းမကို အရိပ်အယောင်မျှပင် မတွေ့ရတော့။ အခုတော့လည်း ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်လျှက် . . .။

ဖန်တကောင်းထဲမှ ရေတစ်ခွက်ငှဲ့ပြီး မော့သောက်ချလိုက်သည့်တိုင် တိမ်လွှာ့ရင်ထဲ အမောမပြေနိုင်ဖြစ်နေတော့၏။

“အင်း . . အထဲကဖွင့်ပေးလိုက်လို့ ဝင်သွားတာဖြစ်မှာပါ”

၅ ၅ ၅ ၅



ညအိပ်ဝတ်စုံကို လဲအပြီးမှာတော့ စာရေးစားပွဲတွင် သူမ ဝင်ထိုင်လိုက်သည်။ ကောင်းမြတ်အကြောင်း အတွေးထဲဝင်လာ၍ တိမ်လွှာ သက်ပြင်းမောကိုချမိသည်။ အံဆွဲဖွင့်လိုက်စဉ် . . . သူမ ကောက်ရခဲ့သော စာရွက်ကလေးဆီ အကြည့်က ရောက်သွားပြန်သည်။

စာရွက်ထဲမှအညွှန်းကို သေချာစွာဖတ်အပြီးတွင်တော့ တိမ်လွှာ ပြုံးလိုက်တော့သည်။ ကောင်းမြတ်ဘေးက မေဖူးဆိုသော ကောင်မလေးကို မျက်လုံးထဲပြေးမြင်ယောင်သွား၏။

“မင်းရဲ့ကောင်းမြတ်ကို ငါ့ဆီရောက်မလာအောင် ဆွဲထားပေတော့ မေဖူးရေ”

နူးညံ့သိမ်မွေ့သော ရက်စက်ခြင်းတစ်ခုကို မကျူးလွန်ရန် တိမ်လွှာ၏ ဆင်ခြင်တုံတရားက အကြိမ်ကြိမ်အဖန်ဖန် တားနေပါ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သို့သော် သူမ၏ နှလုံးသားတော်မွတ်နေမှုက ဆန့်ကျင်ဘက် လူသားနှင့် နီးစပ်လိုခြင်း၊ လက်ပွန်းတတီးရှိလိုခြင်းက အပြင်းအထန်ပင် ကျူးလွန်ရန် တိုက်တွန်းနေပြီဖြစ်သည်။

သူမကိုယ်တိုင် တောင့်တနေသောဆန္ဒနှင့် ဆင်ခြင်တုံတရား အပြင်းအထန်တိုက်ခိုက်နေကြလေသည်။

နောက်ဆုံးတွင်တော့. . . 'အကြံကုန် ဂဠုန်ဆားချက်'ဟု ပြောမလား။ 'မိုက်တွင်းနက်သည်'ဟုပင် ဆိုလေမလားမသိ၊ တိမ်လွှာကတော့ ရှုသွပ်စွာပင် ပီယမျက်နှာဖုံးကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

နောက်နေ့သင်တန်းမသွားတော့ဘဲ လိုအပ်သည်များကို သွားဝယ်ရသည်။ လက်လေးလုံးခန့်အထူရှိသော လေးထောင့်သစ်သားတစ်တုံး၊ ထွင်းရန် ဆောက်တို့ကိုဝယ်လာခဲ့သည်။ အခန်းရောက်သည်နှင့် စိတ်လောစွာပင် စတင်အကောင်အထည်ဖော်လေသည်။

စားပွဲခုံပေါ် ထိုသစ်သားတုံးကိုတင်ကာ ဘေးတွင် ပြုလုပ်ရမည့်အညွှန်းစာရွက်ကို ချထားလိုက်၏။

ထို့နောက်တွင်တော့ သစ်သားပေါ်တွင် မျက်နှာပုံကို ခဲဖြင့် အရာပေးသည်။ ခဲအရာအတိုင်း ဆောက်နှင့်ထွင်းကာ ပုံဖော်သည်။

ပြဿနာက တစ်ခုပဲရှိသည်။ တိမ်လွှာ ဆောက်တွေ၊ လွှတွေ၊ တူတွေ တစ်ခါမှကိုင်ဖူးသည်မဟုတ်။ ထို့အတွက် လုပ်ကာစ၌ အခက်အခဲကြုံရ၏။ ဆောက်ကို မှောက်ခုံထိုးရမလား၊ ပက်လက်ထိုးရမလားပင် သူမ,မသိ။

သို့သော် 'မုဆိုးစိုင်ချင်' ဆိုသည့်အတိုင်း လုပ်ရင်းကိုင်ရင်းမှ အထာညက်လာသည်။ ဆောက်သွားကို သိလာ၏။ သစ်အကြော





ကို သဘောပေါက်လာသည်။ အလုပ်ထဲမှာလည်း စွဲနစ်ဝင်လာခဲ့သည်။ ဤပီယမျက်နှာဖုံးမှာ ထူးခြားသည့်ဆွဲဆောင်မှုမျိုး ရှိ,မရှိတော့မသိ၊ လုပ်ကိုင်နေရသောသူပင် ပျော်နေမိတာတော့ အမှန်ဖြစ်၏။ အညွှန်းကိုကြည့်လိုက် ထွင်းလိုက်နှင့် ပီယမျက်နှာဖုံးမှာ ရုပ်လုံးပေါ်လာလေပြီ။ ထိုစဉ် ရုတ်တရက်. .

"ရှပ်!. . အား!. ."

ဆောက်ကို အပေါ်ယံရှပ်ထိုးလိုက်စဉ် ဆောက်သွားက တိမ်လွှာ၏ ဘယ်လက်ညှိုးကို ရှပ်ထိသွားသည်။ နူးညံ့သူမို့ သွေးတွေက ရဲခနဲ ဖြာထွက်လာ၏။ တတောက်တောက်ဖြင့် နီစွေးစွေးသွေးများက မျက်နှာဖုံးပေါ် ကျသွားသည်။ နောက်မှ တစစ်စစ်နာကျင်နေသောလက်ကို သတိရပြီး ချက်ချင်းပင်ဘေစင်၌ ရေဖြင့်ဆေးကာ သွေးတိတ်ဆေးမှုန့် နည်းနည်းဖြူး၍ ပလာစတာကပ်လိုက်၏။

ထိုစဉ်မှာပင် မျက်နှာဖုံး၌ ထူးခြားသော အပြောင်းအလဲတစ်ခုက လျှပ်တပြက်အတွင်း ဖြစ်ပေါ်သွားသည်ကို တိမ်လွှာတစ်ယောက် မသိလိုက်ချေ။ မျက်နှာဖုံးပေါ်ရှိ သွေးစက်များအား နူတ်ခမ်းနေရာမှ စုပ်ယူသွားခြင်းကြောင့်ဖြစ်သည်။

တိုတောင်းသော တဒင်္ဂအချိန်လေး အတွင်းမှာပင် မျက်နှာဖုံးပေါ်၌ သွေးစက်များပျောက်ချင်းမလှ ပျောက်သွား၏။ သွေးစက်ကျခဲ့သည်ဆိုသော သွေးကွက်ရာပင် ရှိမနေတော့။ မျက်နှာဖုံး၏ ခါးလွှာသော မျက်နှာပြင်သည်လည်း ထိုခဏ၌ ပန်းရောင်သမ်းသွားပြီး ချက်ချင်းပင် နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။

တိမ်လွှာ ပြန်ရောက်လာပြီး စားပွဲတွင်ဝင်ထိုင်ကာ မျက်နှာဖုံးကိုကြည့်တော့ အံ့ဩသွားရသည်။ မျက်နှာဖုံးပေါ်တွင် စွန်းထင်း



www.burmeseclassic.com

www.burmeseclassic.com



နေသော သွေးစက်များကိုသုတ်ရန် ရေစိုအဝတ်တစ်ခုကိုပင် ယူလာခဲ့သေးသည်။ သို့သော် မျက်နှာဖုံး၌ မည်သည့်သွေးစက်မှ ရှိမနေတော့။

"ဒါ. . ဘယ်လို ဖြစ်တာလဲ၊ သွေးတွေက ချက်ချင်းအငွေ့ပျံသွားတာလား"

ဘယ်လိုမှစဉ်းစားမရသည့်အဆုံး မျက်နှာဖုံးကို သံဂျိတ်တွင်ချိပ်၍ ဇာပဝါအနက်ဖြင့်အုပ်ကာ အိပ်ရာဝင်ခဲ့လိုက်တော့သည်။









# အခန်း(၇)

မိုး ရွာခဲ့၍. . ရာသီဥတုက အေးစိမ့်စိမ့် ဖြစ်နေသည်။ သို့တိုင်အောင် တိမ်လွှာမှာ အိပ်မပျော်နိုင် ဖြစ်နေ၏။ အတွေးတွေ အလည်း ချာချာလည်နေသည်။ မျက်နှာဖုံးအား အစီအမံများဖြင့် သက်စသတ်အချောကိုင်နေရသည်မို့ ဒီနေ့လည်း တိမ်လွှာ သင်တန်း သွားဖြစ်. . ။

ဒီမျက်နှာဖုံးကို သုံးသင့်သလား။ ကောင်းမြတ်၏ အရှုပ်အထွေးဇာတ်လမ်း၌ မိမိဝင်သင့်သလားကို. . . တိမ်လွှာ မစဉ်းစားတတ်



www.burmeseclassic.com

www.burmeseclassic.com



တော့။

"ဟူး. ."

သူမ ဘာလုပ်ရမှန်းမသိ၍ ညရောက်ပြီမို့ အိပ်ဖို့သာပြင်မိသည်။ မီးလင်းနေလျှင် မအိပ်တတ်သည့်အတွက် တိမ်လွှာမှာ အိပ်ခန်းထဲတွင် မီးထွန်းအိပ်လေ့မရှိ။ သို့သော် တစ်ယောက်တည်းဖြစ်၍ ညရေးညတာ အခက်မကြုံရန် အိမ်ရှေ့ဧည့်ခန်းတွင် မီးတစ်ပွင့်ကို ဖွင့်ထားခဲ့သည်။ အိပ်ခန်းထဲသို့ ခပ်မှိန်မှိန်ကျနေသော အလင်းရောင်လောက်ဆိုလျှင် သူမအတွက် လုံလောက်နေပြီ။

ထိုစဉ်မှာပင် ထူးခြားသောဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လေသည်။ ဂျိတ်၌ချိပ်ထားသော မျက်နှာဖုံးသည် ဆတ်ခနဲတစ်ချက် တုန်ခါသွား၏။ သူ့ကိုအုပ်ထားသော ဇာပဝါအနက်မှာလည်း ပါးစပ်ပေါက်မှ လေနှင့်မှုတ်လိုက်သလို အနည်းငယ် ရှန်းတွန့်ထွက်လာသည်။

ဇာပဝါသည် လူတစ်ယောက် အသက်ရှုနေသကဲ့သို့ ဖောင်းလိုက်ပိန်လိုက် ဖြစ်နေ၏။ တစ်စထက်တစ်စ လျော့ကျလာသော ပဝါသည် နောက်ဆုံး၌ ဖူးခနဲလေတစ်ချက်ကြောင့် လွင့်စဉ်လျှောကျသွားလေသည်။

လူတစ်ယောက်မျက်နှာ၏ အင်္ဂါရပ်များအတိုင်း ပါဝင်ဖွဲ့စည်းထားသော မျက်နှာဖုံးက အဖြစ်ပြောစရာဆို၍ မျက်စိနှစ်လုံးနေရာတွင် အပေါက်နှစ်ပေါက် ဖြစ်နေခြင်းသာရှိသည်။ တိမ်လွှာတော့ ဒါကိုအမှုမဲ့အမှတ်မဲ့နှင့် အိပ်သွားလေသည်။

သို့သော် အခြေအနေတစ်ရပ်က စတင်လေပြီ။ မျက်နှာဖုံး၏ မျက်လုံးပေါက်နှစ်ပေါက်နေရာ၌ မျက်လုံးသဏ္ဌာန်တစ်ခု ပေါ်လာပြီး စတင်လှုပ်ရှားနေ၏။





ဘယ်ညာဝဲယာ ဝေ့ဝဲကြည့်နေရင်း တိမ်လွှာ အိပ်နေသော ကုတင်အရောက်တွင် ရပ်တန့်သွားသည်။ အိပ်ပျော်နေပြီဖြစ်သော တိမ်လွှာကို စူးရဲစွာစိုက်ကြည့်နေ၏။

ထိုအချိန်တွင် တိမ်လွှာသည် ထိတ်လန့်ဖွယ် အိပ်မက်ဆိုးတစ်ခုကို မြင်မက်နေရ၏။ အိပ်မက်ထဲတွင် မိမိအိပ်နေသော ခုတင်ခြေရင်း၌ မိန်းကလေးတစ်ယောက် ရပ်နေသည်။

သူနှင့် သက်တူရွယ်တူလောက်ရှိမည့် ထိုမိန်းကလေးသည် ကိုယ်ခန္ဓာတောင့်တင်းကာ အချိုးအစား ကျလှသော်လည်း မျက်စိနှစ်လုံးက သာမန်ထက် ပြူးကျယ်နေ၏။

ထို့ပြင် သူမ၏လျှာသည် အနည်းငယ်မျှ အပြင်သို့ထွက်နေပြီး သွားရည်တမြားမြား စီးကျနေသည်။ ဖီးလိမ်းထားခြင်း မရှိသော ဆံပင်များကလည်း ဖွာလန်ကြဲနေ၏။

"ရှင်. . ရှင် ဘယ်သူလဲ၊ ကျွန်မအခန်းထဲက အခုချက်ချင်း ထွက်သွား. ."

"ငါ့နာမည် ခင်ရှုပါပဲ တိမ်လွှာ"

တိမ်လွှာ ကြောက်လန့်စွာ အော်ဟစ်မောင်းထုတ်လိုက်သည်။

"နင်နဲ့ငါ ဘာမှမဆိုင်ဘူး၊ ဘာလို့ ငါ့ဆီလာနေတာလဲ"

"ဟားဟားဟား. . နင်အခုတော့ ကြောက်နေပြီပေါ့။ ဘာလို့ ငါ့ချစ်သူကို လိုချင်နေရတာလဲ၊ မရဘူးမှတ်. . နင်တစ်သက်လုံး မရနိုင်ဘူးမှတ်ပါ တိမ်လွှာ. . ဟားဟားဟား"

လက်သည်းချွန် ကောက်ကောက်ကြီးများဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်ခါအောင် ရယ်မောရင်း မှုန်ဝါးကာ. . ကွယ်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည်။

တိမ်လွှာတစ်ကိုယ်လုံး ချွေးများစို့ရွှဲလျက် အိပ်ရာထက်မှ ဝုန်းခနဲ နိုးလာခဲ့၏။

ရေနစ်ရာမှ ရုန်းကန်ထွက်လာသော သမင်တစ်ကောင်လို တိမ်လွှာသည်လည်း တုန်လှုပ်မောဟိုက်ရင်း ရင်အစုံက လှိုင်းခတ်နေတော့သည်။

သူမအား စိုက်ကြည့်နေသော မျက်နှာဖုံးမှ မျက်လုံးတစ်စုံကို တော့ သူမ မသိလိုက်တော့။ စူးရဲသော မျက်လုံးအစုံမှာ တိမ်လွှာကို မျက်တောင်မခတ် စိုက်ကြည့်လို့နေလေပြီ။





**ကောင်း**မြတ် အိပ်ခါနီး နဖူးပေါ် လက်တင်ကာ အတွေး နယ်ချဲ့နေသည်။ ဟိုတစ်နေ့က အမှတ်တမဲ့တိုက်မိသော ကောင်မ လေးအကြောင်း ဖြစ်သည်။ နာမည်ဘယ်သူမှန်းမသိသော သူမရဲ့ နူးစင်းသောအလှက ကောင်းမြတ်ရင်ကို အခုန်မြန်စေသည်။

သူစာအုပ်ငှားခဲ့သော ကောင်မလေးအကြောင်း တွေးရင်း ကောင်းမြတ် အိပ်ပျော်သွားတော့သည်။ ထိုစဉ် . . ခုတင်ဘောင်ကို တဒေါက်ဒေါက်နှင့် ခေါက်နေသောအသံကိုတော့ ကောင်းမြတ်မ ကြားတော့ . . ။

အိပ်မက်ထဲတွင် ကောင်းမြတ်ကင်မရာတစ်လုံးနှင့် လျှောက် ရိုက်နေ၏။ သူရောက်နေသောနေရာက အိမ်အိုကြီးတစ်လုံးထဲတွင် ဖြစ်သည်။ သို့သော် . . သူတစ်ယောက်တည်းတော့မဟုတ်၊ သူ့လိုပင် ကင်မရာတစ်လုံးနှင့် လိုက်ရိုက်နေသော မိန်းကလေးတစ်ယောက်ကို

www.burmeseclassic.com



လှမ်းတွေ့လိုက်သည်။

သူနှင့်မလှမ်းမကမ်းသို့ ထိုမိန်းကလေး ရောက်လာနေပြီ။ သေချာကြည့်မှ မအိပ်ခင်က အတွေးထဲလှမ်းမိုးနေသော အမည်မသိ ကောင်မလေးဖြစ်နေ၏။ သူ့ကိုတွေ့သွားပြီး ပြုံးကာ ခေါင်းညိတ်ပြ၏။

"ညီမနာမည် ဘယ်လိုခေါ်လဲ"

"တိမ်လွှာပါ အစ်ကို"

ထိုစဉ်. .

"ဂုတ်!. ."

ဇော်ထက် အုတ်ခဲကျိုးတစ်ခုကို တက်နင်းမိ၍ ချော်မလဲ အောင် မနည်းထိမ်းလိုက်ရသည်။ ကိုယ်ရှိန်သတ်ကာ တိမ်လွှာဆို သောကောင်မလေးဆီ လှမ်းကြည့်တော့ သူမက,မရှိတော့. .။

ကောင်းမြတ် ဆက်လျှောက်လာရာ အုတ်ခုံတစ်ခုပေါ်တွင် ကြွေအိုးလေးတစ်လုံးနှင့် ဖုန်တက်နေသောဓါတ်ပုံမှန်ဘောင်တစ်ခု ကို တွေ့ရလေသည်။ ကောင်းမြတ် ကင်မရာကိုလွယ်ကာ ကြွေအိုး အဖုံးလေးကို ဖွင့်ကြည့်လိုက်သည်။ ထောင်းခနဲ ထွက်လာသောအနံ့ အသက်ကြောင့် အဖုံးကို အမြန်ပြန်ပိတ်လိုက်ရ၏။

အထဲ၌ လူတစ်ယောက်၏ အရိုးပြာမှုန့်များဖြစ်၏။

အရိုးအိုးပိုင်ရှင်က ဖုန်တက်နေသော ဓါတ်ပုံမှန်ဘောင်ထဲ မှလူ ဖြစ်နိုင်သည်။ ထို့ကြောင့် ဓာတ်ပုံမှန်ဘောင်လေးကို ကောက် ယူကာ ဖုန်သုတ်ပြီး ကြည့်လိုက်သည်။

"ဟင်!. . ခင်. . ခင်ရူပါ ဓါတ်ပုံပဲ"

စိုးရွံ့ထိတ်လန့်စွာ ဓါတ်ပုံမှန်ဘောင်လေးအား သူ့နေရာ





သူ ပြန်ထားလိုက်စဉ်. . .

"ဖြောင်း!. ."

"ဟာ!. ."

ကောင်းမြတ်လက်ကို မမြင်ရသော တစ်ယောက်ယောက်မှ ဖြတ်ရိုက်လိုက်သဖြင့် ဓာတ်ပုံမှန်ဘောင်လေး လွတ်ကျသွားသည်။ အရိုက်ခံလိုက်ရသော ကောင်းမြတ်လက်က အရိုးအိုးလေးကိုလည်း ဆက်တိုက်,တိုက်မိသွားသည်။

"ခွမ်း!. ."

အရိုးအိုးလေး အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသလို ပြာ မှုန့်များလည်း လေထဲဝဲလွင့်ကာ ကောင်းမြတ်မျက်လုံးတွေ ကြိမ်းစပ် သွားတော့သည်။ မျက်လုံးကိုပွတ်ရင်း ကြည့်ရာ ပြာမှုန့်များကြားတွင် လက်စွပ်လေးတစ်ကွင်းကို တွေ့လေ၏။

ထိုလက်စွပ်လေးကို ကောင်းမြတ် ကောက်ယူကြည့်လိုက် သည်။

"ဟင်!. ."

လက်စွပ်ကိုကြည့်ရင်း ကောင်းမြတ် အံ့အားသင့်သွားသည်. ခင်ရူပါ. . သူ့ကို ထိုလက်စွပ်လေး လက်ဆောင်ပေးခဲ့သလို သူမတွင် လည်း ပုံစံတူတစ်ကွင်းရှိသည်။ သူ့လက်ညှိုးတွင် ဝတ်ထားသောအ သားတူလက်စွပ်မှာ ခင်ရူပါ ဆုံးသွားကတည်းက အခုချိန်ထိ လုံးဝ ချွတ်၍မရတော့။

သူပဲဝလာလို့လား၊ လက်စွပ်ပဲသေးသွားလို့ပဲလားဆိုတာ ကောင်းမြတ် မတွေးတတ်တော့. .။

ထိုစဉ်. . မြင်နေသော အမြင်အာရုံများ ပြောင်းလဲသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတစ်ခုပေါ်သို့ သူရောက်သွား၏။ သူနာပြုများက တွန်းလှည်း တစ်စီးကို အရှိန်ဖြင့်တွန်းလာနေသည်။

တွန်းလှည်းပေါ်တွင် ခင်ရူပါအလောင်းကို တင်လာခြင်းဖြစ် သည်။ ရေများစိုရွှဲလျှက် တစ်ကိုယ်လုံးဖြူဖွေးကာ ဖောရောင်နေ သည်။ တွန်းလှည်းက သူ့ဘေးမှ ဖြတ်သွားစဉ် လှည်းပေါ်မှ ခင်ရူပါ ၏လက်က ကောင်းမြတ်လက်ကို ဖမ်းဆွဲလေတော့သည်။

"ဟာ!. . သွား. . သွား"

ကောင်းမြတ် အတင်းရုန်းကာ တွန်းဖယ်နေတော့သည်။

ရုန်းကန်ရင်း တွန်းဖယ်ရင်းနှင့် ကောင်းမြတ် အိပ်ရာမှလန့် နိုးသွားတော့၏။









# အခန်း (၈)

မေဖူး . . . မှန်တင်ခုံရှေ့တွင်ထိုင်ရင်း ငိုနေမိသည်။ ကောင်းမြတ်ကျောပေါ်မှ မိန်းမကို သူလည်းမြင်ခဲ့ရပြီ။ ကြောက်လွန်း ၍ ကောင်းမြတ်ဘေးမှ ထွက်ပြေးခဲ့ရသည်။ မျက်နှာသုတ်ပဝါကို သိမ်းယူလိုက်ပြီး မျက်ရည်တို့ကို မေဖူး သုတ်လိုက်သည်။

သူမ ငိုနေပါသော်လည်း မှန်ထဲကပုံရိပ်မှာ လှုပ်ရှားမှုမရှိဘဲ ငြိမ်နေသဖြင့် မှန်ဆီသို့ မေဖူးအကြည့်ရောက်သွား၏။

www.burmeseclassic.com



"ဟင်!. ."

မှန်ထဲမှ မေဖူးမှာ သူ့ကိုကြည့်ကာ ပြုံးနေလေသည်။ မျက်လုံးတို့ပွတ်ပြီး မေဖူး သေချာပြန်ကြည့်မှ ပုံရိပ်က နဂိုအတိုင်းပြန်ဖြစ်သွား၏။

ထိုစဉ်. .

"ဝဝေါ!. . ဝဝေါ!. ."

ရေချိုးခန်းဆီမှ ရေဖွင့်ချလိုက်သံကို ကြားရပြန်သည်။

အိပ်ခန်းနှင့်တွဲလျက်ရှိသော ရေချိုးခန်းတံခါးဆီ လှမ်းကြည့်တော့ တံခါးက သူ့အလိုလိုပွင့်လာ၏။

"ဟင်!. ."

စိုးထိတ်မှုက ငယ်ထိပ်တက်ဆောင့်သွား၏။ ရေချိုးခန်းဆီ မေဖူး တစ်လှမ်းချင်းတိုးကာ လျှောက်သွားသည်။ ရေကျသံတွေက တော့ အတိုင်းသား ကြားနေရဆဲ၊ ရေချိုးခန်းတံခါးကို တွန်းဖွင့်လိုက်တော့ အထဲမှာဘယ်သူမှမတွေ့. . ။

အထဲဝင်ကာ ရေပန်းကိုပိတ်လိုက်သည်။ လှည့်အထွက်တွင် မေဖူးအား ကြမ်းတမ်းသောလက်တစ်ဖက်က လှမ်းဆွဲလိုက်လေတော့သည်။

"အား!. . အား!. ."

မေဖူး ကြောက်ကြောက်နှင့် ကုန်းအော်မိသည်။ နောက်လှည့်ကြည့်တော့ ကောင်းမြတ်ကျောပေါ်က သူမမြင်ခဲ့ရသောမိန်းမ ဖြစ်နေသည်။ ရေတွေစိုရွှဲနေသော ထိုမိန်းမက သူ့ဆီတိုးကပ်လာချိန်တွင် အားကုန်ရုန်းကန်ကာ အခန်းထဲမှ ပြေးထွက်ခဲ့တော့သည်။

မေဖူး လှေကားမှ အောက်ထပ်သို့ဆင်းမည်အပြု လှေကားမှတက်လာသော ရေစိုမိန်းမကို တွေ့လိုက်ရပြန်သည်။ ဒီတော့. . မေဖူး လှေကားအတိုင်း အပေါ်သို့တက်ပြေးရသည်။ ခေါင်မိုးပေါ်သို့အရောက်တွင် မေဖူးပြေးစရာမြေမရှိတော့. . ။

တစ်ယောက်တည်း ကြောက်လန့်ကာ ငိုနေမိတော့သည်၊ ထိုအချိန်တွင် လေကလည်း တရကြမ်းတိုက်လာသလို ကျီးကန်းတစ်ကောင် တအာအာအော်ရင်း ခေါင်မိုးပေါ်သို့ လာနားလေ၏။

ရုတ်တရက် ကျောဘက်မှ အထိအတွေ့တစ်ခု လာထိသည်ကို မေဖူးသိလိုက်သည်။

မေဖူး လှည့်မကြည့်ရဲ။ သူမ၏ လက်မောင်းနှစ်ဖက်အား နောက်မှ လက်တစ်စုံက ဖမ်းဆုပ်ကိုင်လိုက်သည်။ ထို့နောက် သူမကို တရွေ့ရွေ့ ရှေ့သို့တွန်းခေါ်သွားသည်။

မေဖူး အကိုင်ခံထားရသော လက်မောင်းကို ငုံ့အကြည့်. .

"အမလေး!. ."

ရေနူးနေသော. . သွေးမရှိသည့် လက်ကြီးနှစ်ဖက်ကို အသည်းထိတ်ဖွယ် မေဖူး မြင်နေရသည်။ တဖြည်းဖြည်းနှင့် မေဖူး ခေါင်မိုးနားသို့ ရောက်လာလေပြီ။ သူမခြေလှမ်းတွေ တွန်းကန်ထားသော်လည်းမရ. . ။

နောက်ဆုံး ရေစိုမိန်းမက မေဖူးကို ခေါင်မိုးပေါ်မှ တွန်းချလိုက်လေတော့သည်။

"အား!!. ."

၆ ၆ ၆ ၆







www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ တိမ်လွှာ ကျောင်းသွားမှဖြစ်တော့မည်။ စိတ်တိုင်းကျအလှပြင်အပြီးမှာတော့ ကောင်းမြတ်ဆီမှငှားခဲ့သော စာအုပ်လေးအပြင် သူမစမ်းသပ်မည့် ပီယမျက်နှာဖုံးကိုပါ အိတ်ထဲသို့ထည့်လိုက်၏။ စံပယ်ဖြူ အကျီကိုလည်း မှတ်မှတ်ရရ ထည့်လိုက်သေးသည်။

ဓာတ်လှေကားက အောက်ကိုရောက်နေ၍ ခလုတ်နှိပ်ကာ ခေါ်လိုက်၏။ သို့သော် တော်တော်နှင့်တက်မလာသေး. . ။

"အမလေးနော်. . ကြာလိုက်တာ ကျောင်းနောက်ကျတော့မှာပဲ"

ငါးမိနစ်ခန့်အကြာ ဓါတ်လှေကား ပြန်တက်လာ၏။ တံခါးပွင့်ပွင့်ချင်းမှာပင် အထဲမှယောကျ်ားလေးဦးက လေးလံသော အရာတစ်ခုကို သယ်ထုတ်လာသည်မို့ တိမ်လွှာ ဘေးသို့ကပ်ပေးလိုက်ရ၏။





"လုပ်ပါကွ. . သေချာ,မပါကွ. . အတော်လေးတာ"

သူတို့က ထိုလေးလံသောအရာကို ကြိုးစားပမ်းစား သယ်ထုတ်နေကြသည်။ ကြည့်လိုက်တော့ မီးခံသေတ္တာကြီးတစ်လုံး ဖြစ်နေ၏။ တိမ်လွှာက အပေါ်တွင်ကပ်ထားသော စာရွက်လေးကိုကြည့်ပြီး အံ့အားသင့်သွားသည်။

'ဇော်ထက်၊ အခန်းအမှတ် (၇၁၂)၊ မြရိပ်ဝါကွန်ဒို' ဖြစ်ပြီး တဆက်တည်း တိမ်လွှာ၏မျက်ဝန်းထဲ၌ အဝါရောင်ဝတ်စုံဝင်ေ အမျိုးသမီး၏ တံခါးထုရိုက်နေဟန်ကိုပါ ဖျတ်ခနဲမြင်ယောင်လာသည်။ စိတ်ရှုပ်စရာကိစ္စများကြောင့် တွေးမနေတော့ဘဲ အောက်ဆင်းခဲ့တော့၏။

ကျောင်းရောက်တော့ ဆရာမ မလာသေး၍စောင့်နေခိုက် သူ့ရှေ့ခုံမှ ကောင်မလေးနှစ်ယောက် စကားပြောနေသံကိုကြားနေရသည်။ ပုံမှန်လေသံဖြင့် ပြောနေကြသော်လည်း စားပွဲဝိုင်းက ကပ်နေ၍ တိမ်လွှာ ပီပီသသကြားနေခြင်းဖြစ်၏။

"ခေါင်မိုးပေါ်က ခုန်ချသွားတာတဲ့ဟယ်၊ ဘာလို့ကိုယ့်အသက်ကိုယ် မနှမျောတာလည်း မသိဘူးနော် ငါတော့မလုပ်ရဲပါဘူး"

"အေးလေ. . အဲဒါ အစိမ်းသေပေါ့၊ အခန့်မသင့်ရင် အဖမ်းငါးရာ ငါးကမ္ဘာခံရတယ်တဲ့၊ ဟိုကောင် ကောင်းမြတ်ကတော့ ကြွေပြီဆို"

"အမယ်လေး. . ကောင်းမြတ်လား ကြွေပါလိမ့်မယ်. . ဒီကောင်က ပွေးပဲ၊ နောက်ထပ် ဘယ်သူနဲ့များ ထပ်တွဲမလဲ စောင့်ကြည့်ရအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာပဲနော်၊ သူနဲ့တွဲခဲ့တဲ့ ကောင်မလေးတိုင်း ကိုယ့်ဘာသာကိုယ် သတ်သေသွားကြတာ အတော်ထူးဆန်းတယ်၊ ဘာကြောင့်လဲဆိုတာတော့ သိချင်လိုက်တာ"

"သိချင်ရင် နင်တွဲကြည့်ပါလား၊ ဟိုမှာပြတ်နေတုန်းလေ"

"အမယ်လေး နင်သာတွဲ၊ ငါတော့ကြောက်တယ်. . ခစ်ခစ်ခစ်"

တိမ်လွှာတစ်ယောက် နားထောင်နေရင်းမှ ခေါင်းနားပန်းကြီးသွားသည်။ စိတ်ထဲမှာလည်း အတော်တုန်လှုပ်သွား၏။ အတန်းချိန်စတော့လည်း သူမ စိတ်မပါတော့၊ အချိန်မြန်မြန် ကုန်ပါစေဟုသာ ဆုတောင်းမိသည်။ ယနေ့အတန်း၌ ပျက်ကွက်သူ တစ်ယောက်ရှိကြောင်း ဆရာမက ထုတ်ပြောသည်ကိုတော့ တိမ်လွှာ သတိပြုမိလိုက်၏။

ထိုတစ်ယောက်မှာ စံပယ်ပင် ဖြစ်သည်။ စံပယ်မှာ အတန်းပျက်ရက် လွန်စွာများပြားနေပြီဖြစ်ကြောင်းလည်း အတန်းဆရာမက ထုတ်ပြောလေသည်။

စံပယ့်အင်္ကျီပြန်ပေးရန် ယူလာခဲ့၍ သူ့အိမ်လိုက်သွားရန် တိမ်လွှာဆုံးဖြတ်လိုက်သည်။ လောလောဆယ် သူ့ကိစ္စလည်း လုပ်ရဦးမည်မို့. . အတန်းပြီးပြီးချင်း ကောင်းမြတ်သွားရာနောက်သို့ တကောက်ကောက် လိုက်သွားလိုက်သည်။

လောကကြီးက ပြောင်းပြန်ဖြစ်နေ၏။ တွေ့သမျှ ပုရိသ. . ကြီးကြီးငယ်ငယ်တွေ တိမ်လွှာ့ကို လည်ပြန်ကြည့်သွားကြတာကိုလည်း သိနေရင်းနှင့်ပင် ကောင်းမြတ်အချစ်ကိုရဖို့ သူမ ကြိုးစားနေမိသည်။



ကောင်းမြတ်က စာကြည့်တိုက်ထဲ ဝင်သွား၏။

တိမ်လွှာလည်း နောက်မှလိုက်ဝင်သွားကာ. .

"ကိုကောင်းမြတ်"

ကောင်းမြတ် ခြေလှမ်းတို့ တုန့်ခနဲရပ်သွားပြီး နောက်လှည့်ကြည့်၏။

"ဟိုနေ့က အစ်ကို့ဆီကငှားသွားတဲ့ စာအုပ်ပြန်ပေးချင်လို့"

"ဩော်. . ရပါတယ်၊ ကျွန်တော်ပြန်အပ်လိုက်မယ်၊ ငှားခလည်း ကျွန်တော်ပဲရှင်းလိုက်ပါ့မယ်"

"အို. . အားနာစရာကြီး"

တစ်မျိုးတစ်ဖုံ သားနားသပ်ရပ်ပြီး လန်းဆန်းမွေးကြိုင်နေတဲ့ ကောင်းမြတ်လက်ထဲသို့ တိမ်လွှာ စာအုပ်ထည့်ပေးလိုက်သည်။

"ကျွန်မကို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်လို့ ထပ်ပြောပါရစေ. ."

"ဒီလောက်လည်း ကျေးဇူးတင်စရာမလိုပါဘူး၊ ဒါနဲ့ ဒီကနာမည်က. . တိမ်လွှာများလား"

ကောင်းမြတ် အိပ်မက်ထဲကနာမည်ကို ပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်. . တိမ်လွှာပါ။ ကိုကောင်းမြတ် ဘယ်လိုလုပ်သိသလဲ. ."

"အိပ်မက်. . အဲ. . သူငယ်ချင်းတစ်ယောက်ဆီက"

ကောင်းမြတ်က. . သူမကို စိုက်ကြည့်နေတုန်း၊ အကြည့်ခံ့ရသူမဆီမှမခွာသေး၊ တိမ်လွှာလည်း ကောင်းမြတ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း တိမ်လွှာ ချစ်နေတာသိလားလို့ စိတ်ထဲအားပါးတင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

တိမ်လွှာ့မျက်ဝန်းကို ကိုကောင်းမြတ် ဖတ်တတ်ရဲ့လား၊ အို. . သူကြည့်နေတယ် သူကြားသွားတဲ့ပုံပဲ. .။

ကောင်းမြတ်က ပြုံးပြီး သိသာတယ်ဆိုရုံလေး ခေါင်းဆတ်ပြ၏။ ဝမ်းသာလိုက်တာ ကိုကောင်းမြတ်ရယ်. . ဟု တိမ်လွှာစိတ်ထဲမှပြောရင်း အစိုးရိမ်လွန်ကဲစွာနှင့် အိတ်ထဲမှ ပီယမျက်နှာဖုံးကိုထုတ်ကာ ကြည့်လိုက်လေတော့သည်။

နှစ်ယောက်သား အချစ်တစ်ခုကို မွေးဖွားသွားချိန်တွင် မလိုအပ်ပါဘဲ တိမ်လွှာ ပီယမျက်နှာဖုံးကို ထုတ်သုံးလိုက်မိပြီ. .။

ကောင်းမြတ်အကြည့်က မျက်နှာဖုံးတပ်လိုက်သော တိမ်လွှာကို အံ့အားသင့်စွာ ကြောင်ကြည့်နေ၏။ မျက်နှာဖုံး၏ မျက်လုံးပေါက်နေရာသို့လည်း ကောင်းမြတ်အကြည့်တွေ ရောက်သွား၏။

တိမ်လွှာ ဖျတ်ခနဲ မျက်နှာဖုံးကို အိတ်ထဲပြန်ထည့်ကာ ပြေးထွက်သွားလေသည်။

ကောင်းမြတ် ခဏတော့ ကြောင်တောင်တောင် ဖြစ်နေ၏။ ပြီးမှ ချက်ချင်း တိမ်လွှာနောက်သို့ ပြေးလိုက်လေသည်။ တိမ်လွှာ့ကို ရှာမတွေ့သည့်အဆုံးတွင်မှ စာကြည့်တိုက်ထဲ ပြန်ဝင်လာလိုက်၏။

ကောင်းမြတ်နှလုံးသားက ခုချိန်မှစတင်၍ တိမ်လွှာမှတိမ်လွှာ ဖြစ်သွားလေပြီ။

စင်ပေါ်မှစာအုပ်ကို လှမ်းယူလိုက်သော်လည်း တိမ်လွှာကို တွေ့လိုတွေ့ငြား လိုက်ကြည့်နေသေး၏။ ထိုအချိန်တွင် စာအုပ်စင်အကွယ်မှ ချောင်းကြည့်နေသူက တိမ်လွှာပင် ဖြစ်သည်။

ကောင်းမြတ်မှာ ဇက်ကြောတက်လာသလိုပုံစံနှင့် မျက်နှာ





မဲ့ရွဲ့ကာ လက်တစ်ဖက်က သူ့ဇက်သူ လှမ်းနှိပ်နယ်နေ၏။

အစ်ကို. .။

တိမ်လွှာ စိတ်ထဲမှ လှမ်းခေါ်လိုက်သည်။ ကောင်းမြတ်ကတော့ မသက်သာသေးသည့်ပုံစံနှင့် ဇက်ပိုးကိုဆက်နှိပ်နေဆဲ. .။ ကောင်းမြတ် ကျောပေးထား၍ သူမကိုတော့မတွေ့။ ထိုစဉ် ကောင်းမြတ် ကျောကုန်းနေရာ၌ မည်းနက်နေသော မီးခိုးငွေ့တွေ ရုတ်တရက် ပေါ်လာ၏။

မီးခိုးငွေ့မှ လူ့ပုံစံပြောင်းသွားကာ ကောင်းမြတ်ကို ကုပ်ခွစီးထားသော မိန်းမတစ်ယောက်ကို တိမ်လွှာတွေ့လိုက်ရလေသည်။

"ဟင်!. . ခင်ရှုပါ"

အသံမထွက်မိအောင် တိမ်လွှာပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်ရသည်။ သို့သော် ကုပ်ပိုးပေါ်မှမိန်းမက တိမ်လွှာ့ကို ဖျတ်ခနဲ လှည့်ကြည့်လေ၏။ ထိုအကြည့်က ကြောက်တတ်သူဆိုရင် နေရာမှာတင် မေ့လဲသွားနိုင်သည်။

မျက်ကြောများနီရဲနေကာ တိမ်လွှာ့ကို ဝါးစားတော့မည့်အလား ဒေါသထွက်နေ၏။ တိမ်လွှာ နောက်သို့တစ်လှမ်းချင်းဆုတ်ကာ စာကြည့်တိုက်ထဲမှ ပြေးထွက်လာခဲ့ရတော့သည်။

ထိုသရဲမကိုတော့ ဘယ်သူမှတွေ့ပုံမရ. .။





www.burmeseclassic.com







# အခန်း (၉)

တက္ကစီဖြင့် စံပယ်နေထိုင်ရာ တောင်ဥက္ကလာ၊ နန္ဒာဝန်ဈေးအနီးရှိ တစ်ထပ်တိုက်လေးရှိရာသို့ တိမ်လွှာ ရောက်လာခဲ့သည်။ စံပယ်တို့ခြံက ပေလေးဆယ်ခြောက်ဆယ် ခြံဝင်းလေးဖြစ်၏။

ခြံတံခါး တွန်းဖွင့်ဝင်လိုက်သည်နှင့် ပန်းပင်ရေလောင်းနေသော စံပယ့်အမေက. .

“ဘာကိစ္စများပါလဲ”

အသံရှင်က အသက်ငါးဆယ်ဝန်းကျင်ခန့် ဥပမိန့်ကောင်း

www.burmeseclassic.com



၍ အပြုံးချိုသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်၏။

"ဒါ စံပယ်တို့အိမ် ဟုတ်ပါတယ်နော်၊ သမီးက သူ့သူငယ်ချင်းပါ"

"ဟုတ်ပါတယ်သမီး. . ဧည့်သည်တွေရောက်နေသေးလို့ ခဏစောင့်ဦးနော်"

သဘောကောင်းပုံရသော စံပယ့်အမေက. . တိမ်လွှာ့ကို ဆက်တီတစ်ခုတွင် နေရာချပေးသည်။ တိမ်လွှာ ဧည့်ခန်းရှိ ဆိုဖာတွင်ထိုင်နေရာမှ ထူးဆန်းသောအသံများကို စတင်ကြားရလေသည်။

". . . . . . . . . . . . . . . . . . . . . . . . . . . . ."

အသံမှာ အံ့ဖွယ်ပါယ်ဖေါ်ရခက်သော အသံမျိုးဖြစ်၍ နားလည်ရခက်နေ၏။ မိန်းမတစ်ယောက်၏ ဗလုံးဗထွေးညည်းသံတစ်ခုဖြစ်၏။

"ဟင်း!. . ဟင်း!. . ဟင်း!. . အင်း!. . "

အသံက ထွက်ပေါ်နေဆဲ။ ဧည့်ခန်းနှင့်ကပ်လျက် မှန်ခန်းတစ်ခုထဲမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ ဖိုတိုဂရေးမှန်များ တပ်ထား၍ အထဲကိုမမြင်ရ။ သို့သော် တရုတ်ကပ်မှန် တပ်ထားသော နေရာတစ်ခု ရှိနေသေးသည်။

စိတ်ဝင်စားမှုကို မအောင့်နိုင်သည့်အဆုံး တိမ်လွှာ အသာထကာ ထိုမှန်အနီးသို့ ချဉ်းကပ်လိုက်သည်။ ဧည့်သည်တစ်ယောက်က ထိုအပြုအမူမျိုး မလုပ်သင့်သည်ကို သိသော်လည်း သူမစိတ်ကို မထိန်းနိုင်ခဲ့. . ။

တိမ်လွှာ တရုတ်ကပ်မှန်ကို လက်မဖြင့် အသာလေးတွန်းတင်ပြီး ကြည့်လိုက်သည်။





"ဟင်!. . ဒါ. . ဘာ. . ဘာဖြစ်တာလဲ"

သူတွေ့လိုက်ရသည်က စံပယ့်ကို ပုံစံတစ်မျိုးဖြင့် တွေ့လိုက်ရခြင်း ဖြစ်သည်။ စံပယ့်ရှေ့ ကော်ဇောပေါ်တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိုင်နေ၏။ လင်မယားဖြစ်ပုံရ၏။ ထူးခြားသည်က သူတို့နှစ်ဦးစလုံး၏မျက်နှာ၌ ဝမ်းနည်းပူဆွေးမှုများ ထင်ဟပ်နေခြင်းပင်ဖြစ်သည်။ အမျိုးသမီးဖြစ်သူက တရှုပ်ရှုပ် ငိုကြွေးနေ၏။

သူတို့ရှေ့တွင် ငါးပေမျှရှည်လျားသော စားပွဲပုလေးတစ်လုံးချထားပြီး စားပွဲထိပ်တွင် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော စံပယ်ထိုင်နေ၏။ သို့သော် စံပယ်၏သွင်ပြင်က သူမ တွေ့ဖူးနေကျသွင်ပြင်မျိုးတော့မဟုတ်. . ။

သူမက တင်ပျဉ်ခွေထိုင်လျက် သူ့ရှေ့စားပွဲပေါ်တွင် ချထားသောဓါတ်ပုံကို သေချာကြည့်နေ၏။ ထို့နောက် ဘေးရှိ ကွမ်းအစ်ထဲမှ ကွမ်းရွက်တစ်ရွက်ကိုယူကာ ဓါတ်ပုံကိုတို့ထိလိုက်သည်။

လက်ပက်လက် အနေအထားဖြင့် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလိုက်ပြီး မျက်လုံးမှိတ်ကာ ညာလက်ပေါ်သို့ ထိုကွမ်းရွက်ကိုတင်သည်။

ထိုအတူးအဆန်းမြင်ကွင်းကို တိမ်လွှာ မျက်တောင်မခတ်ငိုက်ကြည့်နေသလို စံပယ့်ရှေ့ရှိ လင်မယားမှာလည်း အသက်ရှူဖို့ပင်မေ့နေသည့်အလား ထင်ရသည်။

"ကဲ. . ဒီဓါတ်ပုံပိုင်ရှင်၊ သင့်မိဘတွေ ရောက်နေကြပြီ၊ ကျုပ်ခန္ဓာကိုယ်ကို ခေတ္တဝင်ရောက် အသုံးပြုလို့ရပါပြီ"

ထိုသို့ပြောပြီးသည်နှင့် စံပယ့်တစ်ကိုယ်လုံး တုန်ခါသွားသည်။ ရှေ့နောက်ဝဲယာ ယိမ်းထိုးလှုပ်ယမ်းနေခြင်းဖြစ်၍ အပင်များ



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပျံ့နေသည်။ လင်မယားနှစ်ယောက်မှာလည်း စံပယ်ကိုကြည့်ပြီး ကြောက်လန့်နေကြသည်။ ယောကျ်ားက မိန်းမပခုံးကို အသာပွေ့ဖက်ပေးထားရသည်။

ထိုစဉ်. . စံပယ် ခေါင်းငိုက်စိုက်ကျသွားပြီး ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားသည်။ တစ်ခုထူးဆန်းနေသည်က တစ်ကိုယ်လုံး လှုပ်ယမ်းနေသော်လည်း ဆန့်တန်းနေသောလက်နှစ်ဘက်မှာ ငြိမ်မြဲငြိမ်နေ၏။ မြင်နေရသည့်ပုံအရ. . သူမလက်နှစ်ဖက်လုံးကို တစ်ယောက်ယောက်မှ ဖမ်းကိုင်ထားသလို ထင်ရသည်။

ပြီးနောက် တဖြည်းဖြည်း ခေါင်းမော့လာကာ နှုတ်ခမ်း မထိတထိပွင့်လာသည်။ လက်ပက်လက်အနေအထားဖြင့် လက်ချောင်းများမှာ စုနေရာက ဖြန့်ကားလာ၏။ ကွမ်းရွက်တင်ထားသောလက်မှာ အောက်သို့တဖြည်းဖြည်း ကျသွား၏။ ထို့နောက်တွင် ကွမ်းရွက်ကို ဆုပ်ကာ လုံးခြေလိုက်တော့သည်။

ဦးစွာလှုပ်ရှားလာသည်မှာ စားပွဲပေါ်တင်ထားသော သူမလက်ချောင်းကလေးများဖြစ်၏။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

အသံကြား၍ကြည့်တော့ သူမ လက်ချောင်းလေးများက ခုံကိုခေါက်နေခြင်းဖြစ်သည်။ ချက်ချင်းဆိုသလိုပင် စံပယ် ငိုလေတော့သည်။

"အဟီး. . အဟီး. ."

ငိုနေရင်း ခေါင်းမော့လာသော စံပယ်မှာ မျက်ဖြူလန်နေလေပြီ။ သူမ မျက်လုံးနှစ်လုံးက မျက်ဆံမရှိပဲ ဖြူဖတ်ဖြူရော်ကြီးဖြစ်နေ၏။ ငိုတာရပ်သွားမှ စံပယ်နှုတ်ခမ်းလေး မပွင့်တပွင့်ဟလာ





တာ တိုးညင်းသော စကားသံတစ်ချို့ ထွက်ပေါ်လာသည်။

"မေမေ. ."

"ဟင်!. . သမီး. . သမီးလေး"

ဇနီးသည်မှာလည်း စံပယ့်ကိုကြည့်ရင်း ရင်ခေါင်းသံကြီးဖြင့် အော်ငိုလေတော့သည်။

"သမီး ခင်ရှုပါ့ပါ မေမေ"

ဒီတော့မှ ပိုဆိုးတော့သည်။ ယောကျ်ားဖြစ်သူက လှမ်းဆွဲထားရသည်။ မယုံနိုင်သော ဖြစ်ရပ်ဆန်းကို မျက်မြင်မို့ ကြုံတွေ့လိုက်ရ၍ တိမ်လွှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ဟင်. . စံပယ့်ကိုယ်ထဲဝင်နေတာ ခင်ရှုပါပဲ"

တိမ်လွှာ ကြည့်နေရင်းက ကြက်သီးမွေးညင်းတွေ ထောင်ထသွားရသည်။

"သမီးအခု ဘယ်ဘုံဘုံဝကို ရောက်နေလဲ"

ခင်ရှုပါ၏အမေက ငိုသံပါကြီးနှင့် မေးလေ၏။

"သမီး သိပ်ချစ်ရတဲ့သူဘေးမှာ အမြဲရှိနေတယ် မေမေ"

"ဟင်!. ."

"အဲဒါ. . ဘယ်သူလဲဟင်"

"ကိုကောင်းမြတ်. . သမီးရဲ့ချစ်သူ"

"သမီးအတွက် ရည်စူးပြီးလှူတာ ရလားသမီး"

"မရဘူးမေမေ၊ သမီးရဲ့စွဲလမ်းမှုကြောင့် အမေတို့လုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုတွေ ဘာတစ်ခုမှမကြားရဘူး ဖြစ်နေတယ်"

ချောင်းကြည့်နေသော တိမ်လွှာ မျက်နှာတစ်ချက်မဲ့သွားပြီး

"မှွန်း. . နင်က ဘယ်တော့မှကျွတ်မှာ မဟုတ်ဘူး၊ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ချင်းမတူတာတောင် လိုက်ပြီးစွဲလမ်းနေသေးတယ်"

ထိုစဉ်. . .

စံပယ်မှာ တိမ်လွှာရှိရာဘက်သို့ ချက်ချင်းလှည့်ကြည့်လေ၏။ စံပယ် လှည့်ကြည့်ခြင်းမဟုတ်. . စံပယ့် ကိုယ်ထဲဝင်ပူးနေသော ခင်ရူပါ ကြား၍ လှည့်ကြည့်ခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ခြေသံကြားလိုက်ရ၍. . တိမ်လွှာ ကမန်းကတန်းဖြင့် ဆိုဖာပေါ် ပြန်ပြေးထိုင်ရင်း စားပွဲပေါ်မှ ဂျာနယ်တစ်စောင်ကို ကြွန္တြေမပျက် ယူဖတ်နေလိုက်သည်။ စံပယ့်အမေ ရောက်လာ၏။

"သမီး ပျင်းနေပြီလား၊ ကော်ဖီသောက်ပါအုံး"

တိမ်လွှာ ခေါင်းညိတ်ပြလိုက်သည်။ နောက်ထပ်ဆယ်မိနစ်ခန့် ထပ်စောင့်အပြီးမှာတော့ အခန်းထဲမှ ညှိသည်လင်မယားနှစ်ယောက် ထွက်လာကြ၏။ နှစ်ယောက်စလုံး မျက်နှာမကောင်းကြပေ။ အမျိုးသမီးမှာ ငိုထား၍ မျက်လုံးများ နီအစ်နေ၏။ သူတို့နှင့် မရှေးမနှောင်းပင် စံပယ်ထွက်လာသည်။

"တိမ်လွှာ စောင့်နေရတာ ကြာရောပေါ့"

"ငါရောက်နေတာ သိလို့လား စံပယ်. . ."

စံပယ်က ကလေးတစ်ယောက်လို ပေါ့ပါးသွက်လက်သောဟန်ဖြင့် ဆိုဖာတွင် ဝင်ထိုင်လိုက်ပြီး. .

"သိတယ်. . နင်စရောက်ကတည်းက သိတယ်၊ ငါ့အမေနဲ့ စကားပြောနေတာရယ်၊ နင်ငါ့ကို လာချောင်းကြည့်တာလည်း သိတယ်. ."

"ဟင်!. . တကယ်. ."





တိမ်လွှာ စံပယ့်ကိုကြည့်ရင်း. . ဇောချွေးများ ပျံလာတော့သည်။ ရင်ထဲမှာလည်း တလှပ်လှပ်ဖြင့်. . အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရသည်။

"ကဲ. . သမီးတို့ လွတ်လွတ်လပ်လပ် စကားပြောကြနော်"

"ဟုတ်. . ဟုတ်ကဲ့ပါ အန်တီ. ."

စံပယ့်အမေကတော့ လူကြီးဆန်စွာဖြင့် နှုတ်ဆက်ကာ. . နောက်ဖေးဝင်သွား၏။ အခန်းထဲ၌ နှစ်ယောက်တည်း ကျန်တော့မှ စံပယ်ကို အထူးအဆန်းသတ္တဝါသဖွယ် ကြည့်ရင်း တိမ်လွှာ အတင်းမေးတော့သည်။

"ပြောစမ်းပါ စံပယ်. . နင်ဘယ်လိုသိနေတာလဲ၊ နင်. . နင် စောစောက ဘာတွေလုပ်နေတာလဲ"

သူ့စကားကြောင့် စံပယ် သဘောကျကာ တခစ်ခစ်ရယ်၏။

"ငါက ကြားခံမီဒီယာ လုပ်ပေးတာပါ၊ ငါ့ခန္ဓာကိုယ်ကို ခဏငှားတဲ့သဘောပေါ့၊ ဒီလိုဝိညာဉ်တွေ ပူးဝင်လို့ရအောင်ကလည်း ငါးပါးသီလလုံအောင် စောင့်ထိန်းပြီး သစ္စာဆိုမှ လုပ်လို့ရတာလေ၊ စောစောကဝင်လာတာ သေသွားတဲ့ ခင်ရူပါဝင်လာတာ၊ သူ့မိဘတွေက စကားပြောချင်လို့ ငါ့ကိုအကူအညီလာတောင်းတာ၊ သူဝင်လာတော့ ငါ့စိတ်ဝိညာဉ်ကို ခန္ဓာကိုယ်က ခဏဘေးဖယ်ပေးရတယ်"

"ခင်ရူပါ ဝင်လာပြီးပြောမှုအရဆိုရင် ကောင်းမြတ်ဘေးမှာ တစ်ချိန်လုံးရှိနေတဲ့ပုံပဲနော် စံပယ်"

"ဟုတ်မှာပေါ့၊ သေပြီးသွားသူဟာ ဘယ်ဘုံဘဝမှ မရောက်သေးပဲ ဝိညာဉ်ဘဝနဲ့ရှိနေမှ ခေါ်လို့ရတာ၊ နို့မို့ဆို ခင်ရူပါကို ခေါ်ဖို့ရှာ မဟုတ်ဘူး၊ ဥပမာ. . နတ်ပြည်ရောက်သွားတဲ့ သူတွေဆို အခု



www.burmeseclassic.com

www.burmeseclassic.com



လို ခေါ်လို့မှမရတာ”

“ငါတို့မျက်စိနဲ့ မမြင်နိုင်ပေမယ့် ဝိညာဉ်လောကဟာ အတော်ထူးဆန်းတယ်နော်”

“ကဲ. . လာ အထဲသွားကြမယ်”

စံပယ်ခေါ်၍ စောစောက သူမထွက်လာသောအခန်းထဲ တိမ်လွှာ လိုက်ဝင်လာခဲ့သည်။ အခန်းထဲတွင် ဘုရားဆင်းတုတော်တွေ အများကြီးတွေ့ရ၏။ သူတို့နှစ်ယောက် ထိုင်လိုက်ကြပြီး. .

“ဒီပညာက ငါတို့ဘိုးဘွားတွေ လက်ထက်ကတည်းကပညာလေ. . တိမ်လွှာ၊ နင်ပြောလိုက်တာကို ခင်ရှုပါ အကုန်ကြားနေရတယ်၊ တချို့ဆို ကျောပေးထိုင်နေပေမယ့် စောင်းမြောင်းပြောလို့ ထွေးခံနဲ့ နောက်ပြန်ကြီး ကောက်ပေါက်တာတွေလည်းရှိတယ်၊ အခု ထွေးခံနဲ့ အပေါက်မခံရတာဘဲ နင့်ကံကောင်းတယ်မှတ်”

စံပယ့်စကားကြောင့် တိမ်လွှာ ပြုံးလိုက်၏။

“ကဲပါ. . ဒါတွေခဏဖယ်ထားပါဦး၊ နင်အခု ဘာလာလုပ်တာလဲ”

အိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ကာ စားပွဲခုံပေါ် တင်ပေးလိုက်၏။ စံပယ့်အင်္ကျီလေးဖြစ်သည်။ ဆက်လက်၍ ကောင်းမြတ်၏ ချစ်သူ မေဖူးတစ်ယောက်. . ခေါင်မိုးပေါ်မှ ခုန်ချသတ်သေသွားကြောင်းကိုလည်း ပြောပြလိုက်သည်။ သို့သော်. . မေဖူးသတင်းနှင့် ပတ်သတ်၍ စံပယ်မှာ အံ့ဩဟန်မပြ. .။

“မေဖူး ခုန်ချသေတာ မဟုတ်ဘူး၊ အမှန်က တွန်းချခံလိုက်ရတာ”

သူ့စကားကြောင့် တိမ်လွှာ မျက်လုံးပြူးသွားရသည်။





“ဘာ!. . ဘယ်လို. . ဘယ်လို. . မေဖူးက တွန်းချခံရတယ်ဟုတ်လား၊ ဘယ်သူတွန်းချတာလဲ. . ကောင်းမြတ်လား”

“မဟုတ်ဘူး. . ခင်ရှုပါ”

“ဟင်!. . ”

“ဟုတ်တယ် သူငယ်ချင်း. . ခင်ရှုပါ တွန်းချလိုက်တာပဲ၊ အများအမြင်မှာတော့ သူ့ဘာသာ ခုန်ချသေတယ်ပေါ့”

“ဒါ. . တကယ်. . တကယ်ပဲလား၊ နင်က ဘယ်လိုလုပ် သိနေတာလဲ”

“ဪ. . ပြောပြီးပြီပဲ၊ ငါက ဝိညာဉ်လောကနဲ့ ဆက်စပ်နေတာပဲ. . သိတာပေါ့၊ ငါတရားထိုင်တဲ့အချိန်တိုင်း သူတို့တွေ ငါ့ဆီ ဘေးနားလာပြီး ပြောပြတတ်တယ်လေ”

“ခင်ရှုပါက ဘာကြောင့်ဒီလိုလုပ်တာလဲ”

“အချစ်လေ. . ၊ သူ မပိုင်ဆိုင်ရတော့တဲ့အချစ်ကို နောက်တစ်ယောက်ပိုင်သွားမှာ မလိုလားဘူး၊ အတ္တကြီးပြီး တကိုယ်ကောင်းဆန်တဲ့အချစ်ပေါ့၊ ဒီအစွဲများတွေကြောင့်ပဲ ဒီဘဝကိုရောက်နေတာ ဒီသရဲမဘဝက ရုန်းမထွက်နိုင်ဘဲ တဝဲဝဲလည် ဖြစ်နေရတာပေါ့ တိမ်လွှာရယ်. . ”

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ဘာမှမသိအောင် မူးယစ်နေလိုက်ချင်သည်။ သို့တည်းမဟုတ် မှတ်ဉာဏ်တွေ တစ်ခါတည်း ကွယ်ပျောက်သွားပြီး ရူးသွပ်နေသူတစ်ယောက်လို ဖြစ်လိုက်ချင်သည်။

ဒီရက်ပိုင်းအတွင်း ဇော်ထက်၏ဘဝမှာ တစ်စက္ကန့်မျှ စိတ်ချမ်းမြေ့စရာ မရှိခဲ့။ ဇူဇန်ကျော်သည် သူ့အားတောက်လျှောက် ဒုက္ခပေးနေခဲ့သည်။ သူ့ဆီ ဇူဇန်ကျော် မကြာခဏရောက်လာတတ်သည်။

ကောင်းသောရောက်လာခြင်း မဟုတ်။ အငြိုးကြီးစွာဖြင့် လက်စားချေရန် ရောက်လာခြင်းမင်. . . ။

မီးခံသေတ္တာကိုကြည့်ရင်း သူဝင်နေရမည့် ရက်များကိုတွေ့ ကာ ရင်မောမိသည်။ သူ့အတွက် လုံခြုံသောနေရာဆိုတာ မရှိတော့ မည်သည့်နေရာသို့ ရှောင်တိမ်းပုန်းရမှန်းလဲ မသိတော့။ နေပိုင့် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပြီး. . နှစ်ယောက်သား ဦးဒေဝ



ရောက်ခဲ့သည့်အကြောင်းကို ပြန်စဉ်းစားမိသည်။

လမ်းတွင်ကားမောင်းရင်း နေပိုင်က. .

"မင်းတို့ခါတ်ပုံဆရာတွေထဲက နာမည်ကြီးတစ်ယောက် တော့ ရှောသွားပြီနော်. ."

"နေပါဦး မင်းကဘယ်လိုသိတာလဲ"

နေပိုင်က နောက်ခန်းမှ ဂျာနယ်ကိုလှမ်းယူကာ ဇော်ထက် ပေါင်ပေါ် တင်ပေးလိုက်သည်။ ဇော်ထက်ကြည့်လိုက်မှ ခါတ်ပုံ(. .) မှန်း သိသွားသည်။

"ဩော် ဒီကောင်ကိုး. . အဲဒီကောင် အတော်ဆိုးတာ 'အေ' ကိုက်ပြီးသေသွားတာပဲဖြစ်မယ်၊ ဂျာနယ်မဂ္ဂဇင်းအဖုံးတွေမှာ ပါချင် ရင်တို့. . နာမည်ကြီးချင်ရင်တို့ ကောင်မလေးတွေ သူ့ဆီသွားကြတာ များတယ်၊ ဒီကောင်က ပိုက်ဆံလည်းယူတယ်၊ ခါတ်ပုံရိုက်ရင်လည်း သူ့စတူဒီယိုအခန်းမှာ အရိုက်များတယ်၊ ရိုက်ခါနီးမှာ ဆက်ဆီပို့(စ်) ထွက်အောင်ဆိုပြီး ပေါက်ကရစကားတွေပြောလေ့ရှိတယ်၊ ပို့(စ်)ဆို လည်း ဆက်ဆီပို့(စ်)မှ ရိုက်ချင်တာ. . .၊

အင်း. . ဓာတ်ပုံရိုက်ပြီးပြီဆိုတာနဲ့ သူ့စတူဒီယိုအခန်းထဲမှာ ခုတင်ကအဆင်သင့်လေ. . ပါချင်ရာလေးတွေ ပေးဆပ်ရတော့တာ ပေါ့"

နေပိုင်က ခေါင်းတညိတ်ညိတ်ဖြင့် ဇော်ထက်ပြောတာကို ထောက်ခံရင်း. .

"မင်းတို့ ခါတ်ပုံဆရာတွေထဲမှာတင် မဟုတ်ပါဘူးကွာ၊ ဘိုး မဂ္ဂဇင်းထုတ်နေတဲ့ ကြောင်သူတော်ကြွက်သူခိုးရုပ်နဲ့ ဧရာတ်တိုအဲ ကြည့်ပါလား၊ သူ့မဂ္ဂဇင်းအဖုံးမှာ ပါချင်ရင် သူနဲ့အသူအိပ်ရမယ် ဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး အမြဲတောင်းတဲ့ကောင်လေ၊ အမျိုးကောင်းသားသမီးနဲ့ သွားတွေ့တော့ အရှက်ပြန်းပြန်းကွဲတာပဲ မဟုတ်လား၊ သူ့မဂ္ဂဇင်းအဖုံးက တာဘာမယ်လေးတွေနဲ့ ဟိုတယ်ပေါင်းစုံမှာတွေ့ရတတ်တယ်လေ၊ ငါ့နှယ် အဲဒီတရုတ်ရဲ့ကားကို တွေ့တာနဲ့ သူ့မိန်းမဆီလှမ်းပြီး ဖုန်းဆက်လိုက်ချင်တယ်၊ ဒီမှာဂျို့ ခင်ဗျားယောက်ျား ဘယ်ဟိုတယ်မှာ သောင်းကျန်းနေပါတယ်လို့ပေ့ါ. . ဟား. . ဟား”

နှစ်ယောက်သား ရယ်လိုက်ကြ၏။

“အလကားပါကွာ. . စောင်ရေလေး တစ်ထောင်ဝန်းကျင်လောက်နဲ့ ကြော်ငြာသမားတွေကို စောင်ရေ သုံးလေးသောင်းပြောပြီး ညာဝါးနေတာ မသိတာမှတ်လို့. . ကြော်ငြာထည့်တဲ့ကောင်တွေကို သူ့မဂ္ဂဇင်းစာအုပ် ချုပ်တဲ့နေရာကို လိုက်ပြလိုက်ချင်တယ်၊ အဲဒါမှ အကုန်လန်ပြေးကြမှာ. . ဟား. . ဟား”

နေပိုင်က ဖော်ထက်ဘက်လှည့်ပြီး. .

“မင်းလည်း ဘာထူးလို့လည်း”

“ဟာ. . ငါကတစ်ယောက်ဆိုတစ်ယောက် အတည်ချစ်ခဲ့တာပါကွာ”

ဦးဒေဝဆီအရောက်. . .

“မောင်ရင် ညဆယ့်နှစ်နာရီမထိုးခင်မှာ လုံခြုံစိတ်ချရတဲ့ ပုံးတစ်ခုထဲမှာ ဝင်နေရမယ်၊ အဲဒီလို တစ်လတိတိလုပ်ရမယ်၊ မီးခံသေတ္တာကြီးကြီးတစ်လုံးဆို ပိုကောင်းတယ်မောင်ရင်၊ လေရှူပေါက်လေးတွေတော့ ဖောက်ထားပေါ့၊ မီးခံသေတ္တာ ပတ်ပတ်လည်မှာ ကပ်ရမယ့် အင်းစမတွေကိုတော့ အဘပေးလိုက်မယ်”

ဒီလိုနှင့် သူငယ်ချင်းဖြစ်သူနေပိုင်၏ အကူအညီဖြင့် မီးခံ





သေတ္တာကြီးတစ်လုံး သူ့အခန်းသို့ ရောက်လာခြင်းဖြစ်သည်။ သူ့အတွက် တဒင်္ဂလောက်တော့ လုံခြုံမှုပေးနိုင်မည်ဟု ယူဆမိသည်၊

ဦးဒေဝက သူတတ်စွမ်းသမျှ အကူညီပေးလိုက်၏။ စက္ကူဘူးလေးတစ်ခု ထည့်ပေးလိုက်သည်။ ဖွင့်ကြည့်တော့ အထဲ၌ အင်းစမများ ဆွဲထားသော ဆီစိမ်စက္ကူများ ထွက်လာသည်။ ထိုအင်းစာရွက်များကို မီးခံသေတ္တာအနှံ့ လိုက်ကပ်လိုက်၏။

ကပ်အပြီး စိတ်ရှုပ်ရှုပ်ဖြင့် အရက်ပုလင်းထုတ်ကာ ထပ်သောက်နေလိုက်သည်။ နာရီကိုကြည့်တော့ ညဆယ်တစ်နာရီခွဲနေပြီ။ အိပ်ချိန်တန်ပြီဟု သိလိုက်စဉ်မှာပင် သူ့နားထဲ၌ ခြေသံတစ်ခုကြားလိုက်ရသည်။ ကော်ရစ်တာတစ်လျှောက် ခပ်ပြင်းပြင်းလျှောက်လာသော ခြေသံဖြစ်၏။ ထိုခြေသံကြားလိုက်ရသည်နှင့် ဖော်ထက်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွားသည်။

“ဒီတစ်ခါတော့ ဖူဇန် အခန်းထဲထိ မဝင်နိုင်ကောင်းဘူးထင်ပါရဲ့”

ခြေသံက တဖြည်းဖြည်း ကျယ်လောင်လာသလို ပို၍နီးကပ်လာမှန်း သိလိုက်ရသည်။ နောက်ဆုံးတွင် ခြေသံသည် သူ့အခန်းရှေ့တွင် ရပ်တန့်သွား၏။ ထိုနောက်တွင်တော့. . .

“ဒုန်း!. . ဒုန်း!. . ဒုန်း!. . ”

အခန်းတံခါးကို ထုရိုက်သံက ထွက်ပေါ်လာ၏။ ထုရိုက်နေသူမှာ ဖူဇန်ကျော်ဆိုတာ အတပ်သိနေ၍ ဖြစ်သည်။

ဖော်ထက်က ထိုင်ရာမှထ၍ အင်းစမများ ကပ်ထားသော မီးခံသေတ္တာရှိရာ လျှောက်သွားလိုက်၏။ တံခါးကို ထုရိုက်သံ တဒုန်းဒုန်းက ထွက်ပေါ်နေဆဲ ဖြစ်သည်။ လောခ်ချထားသော တံခါးလက်



www.burmeseclassic.com

တိုင်ဘူကို ဆွဲခါလှုပ်ယမ်းနေသံကိုလည်း ကြားနေရသည်။

ထိုအခြေအနေအတွက် တစ်ခုတည်းသောအဖြေက မီးခံသေတ္တာထဲသို့ ဝင်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အထွေအထူး မစဉ်းစားတော့ဘဲ မီးခံသေတ္တာထဲသို့ဝင်၍ တံခါးပိတ်နေလိုက်သည်။ မှောင်မည်းနေသော အခန်းကျဉ်းလေးထဲ၌ ခြေလက်တွေကွေး၍ ဒုက္ခခံကာ နေရသော်လည်း လုံခြုံသလို ခံစားရသည်။

အပြင်ဘက်မှ တံခါးထုရိုက်သံမှာ ရပ်နားသွားသည် မရှိ၊ ဆက်လက်၍ အဆက်မပြတ် ထုရိုက်နေဆဲ . . .။

"ဒုန်း!. . ဒုန်း!. . ဒုန်း!. . ဒုန်း!. . ."







# အခန်း (၁၀)

သူငယ်ချင်းဖြစ်သူတိမ်လွှာထံ ဖုန်းခေါ်သော်လည်း ဖုန်းမအား၍ မခေါ်တော့ဘဲ ကွန်ဒိုရှေ့မှာပဲ ကားကိုရပ်လိုက်သည်။

သူငယ်ချင်းအိမ်ပြောင်းတုန်းက ကေသွယ် တစ်ခေါက်သာရောက်ခဲ့သည်။ ကြားမှာ တစ်ခေါက်မှမရောက်ဖြစ်ခဲ့. . ။ ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်သဖြင့် စိတ်ကသာရောက်၍ လူကတော့ လှမ်းနိုင်ဘဲ ဖုန်းဖြင့်သာ အဆက်အသွယ် ပြုခဲ့ရသည်။ စိတ်တော့ရှု

www.burmeseclassic.com



နေမိသည်။ တိမ်လွှာတစ်ယောက်တည်း အဆင်မှ ပြေပါ့မလားဟု တွေးပူမိခဲ့၏။

ယခုလည်း တကူးတက လာဖို့အစီအစဉ် မရှိသော်လည်း မင်္ဂလာဆောင်တစ်ခုမှအပြန် လမ်းကြုံနေ၍ ဝင်ကြည့်ခြင်းသာဖြစ်သည်။ အခန်းဝမှ လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ သံစုံမြည်သံလေး တစ်ခုက ရိုက်ခတ်ပျံ့လွင့်သွားသည်။ သို့သော် မည်သူမှ တံခါးလာမဖွင့်။ နောက်တစ်ကြိမ်ထပ်နှိပ်၍ ခဏစောင့်နေလိုက်သည်။ ထူးခြားမှုမရှိ. .။

"အပြင်သွားနေတာများလား"

တတိယအကြိမ်မြောက် လူခေါ်ဘဲလ် ထပ်နှိပ်ရန် လက်ရွယ်လိုက်စဉ်မှာပင် 'ကလစ်' ဟူသောအသံနှင့်အတူ တံခါး 'ဂျောက်' ခနဲပွင့်လာခဲ့သည်။ အထဲမှ သူနှင့်သက်တူရွယ်တူ ကောင်မလေးတစ်ယောက် ထွက်လာ၏။

"ဟို. . ဒါ. . တိမ်လွှာရဲ့ အခန်းပါနော်"

"ဟုတ်ပါတယ်. . ဝင်ပါအစ်မ"

ထိုမိန်းကလေး တံခါးဖွင့်ပေးလိုက်သဖြင့် ကေသွယ် အခန်း ထဲ ဝင်လာခဲ့လိုက်သည်။ ကေသွယ့်စိတ်ထဲ နည်းနည်းထူးခြားနေသ လို ခံစားလိုက်ရသည်။ သူငယ်ချင်းတိမ်လွှာက အေးအေးဆေးဆေ နေလို၍ တစ်ယောက်တည်းနေကြောင်း သူသိထားသည်။ ဒီမိန်း လေးနှင့် အတူနေသည်ဟု ကေသွယ်သိမထားခဲ့။ တစ်နေ့ညက ဖု ပြောခဲ့ကြသည့်တိုင် ထိုအကြောင်းကို တိမ်လွှာက ထုတ်မပြောခဲ့. .

"တစ်ကိုယ်ရေတကာယ တစ်ယောက်တည်းပဲဟာ၊ ဘာ ချက်စားစရာမှာလဲ၊ ထမင်းဆိုင်မှာပဲ ဝယ်စားလိုက်တာပေါ့ ပိုတော





ကောင်းသေး"

ဖုန်းထဲမှာ တိမ်လွှာက ထိုသို့ပြောခဲ့သည်။ ထို့အတွက်လည်း သူတစ်ယောက်တည်း နေသည်ဟုသာ ကေသွယ် ထင်ထားခဲ့၏။

ယခုတော့ ထိုသို့မဟုတ်။

"တိမ်လွှာကော ညီမ"

"သူ ဒီနားသွားတယ်၊ ပြန်လာတော့မှာပါအစ်မ"

"ညီမက ဘယ်သူလဲဟင်၊ တိမ်လွှာနဲ့ ဘယ်လိုပတ်သက်လဲ"

မိန်းကလေးက နှုတ်ခမ်းလေးအနည်းငယ်ကွေးကာ. .

"ညီမက သူ့အခန်းဖော်ပါ"

"သြော်. ."

သူငယ်ချင်း တိမ်လွှာက အခုလို အခန်းဖော်တစ်ယောက် ရှိနေခြင်းကို ဘာကြောင့်များ လျှို့ဝှက်ထားပါသနည်း။

ကေသွယ် အနည်းငယ် စိတ်ဝင်စားသွားမိသည်။

"တို့. . အိမ်သာ ခဏတက်ချင်တယ်. ."

"သြော်. . . ရပါတယ် နောက်ကိုဝင်သွားပါ"

ကေသွယ် နောက်ဖေးသို့ လျှောက်လာခဲ့သည်။ ရေချိုးခန်းအတွင်းရှိ ကြိုးတန်းပေါ်တွင် အနီရောင်ပန်းပွင့်ကြီးများပါသော. . မွေးပွသဘက်တစ်ထည်ကို ဖြန့်လှန်းထား၏။ အိမ်သာမှ ပြန်အထွက်တွင် တိမ်လွှာအိပ်ခန်းရှိရာ လှည့်ကြည့်လိုက်သည်။ တံခါးပိတ်ထား၍ ဧည့်ခန်းသို့ ပြန်ထွက်လာကာ ဆက်တီမှာ ပြန်ထိုင်နေလိုက်၏။

ယခုအချိန်မှာတော့ သူက ဧည့်သည်ဖြစ်နေသည်။ ဧည့်သည်က ဧည့်သည်လိုနေတာပဲ ကောင်းမည်ဟု. . ကေသွယ်တွေးလိုက်ပြီး တိမ်လွှာဆီ ဖုန်းခေါ်နေလိုက်သည်။ ဖုန်းကလည်း ဆက်

www.burmeseclassic.com



သွယ်မှုရှိယာပြင်ပသို့ ရောက်နေ၍ လက်လျှော့လိုက်ရပြန်သည်။

ထိုစဉ်မှာပင် မိန်းကလေးက ကော်ဖီတစ်ခွက်ကို သူ့ရှေ့လာချပေးသည်။

"ကော်ဖီသောက်လိုက်ပါအုံး၊ ရေနွေးက သိပ်မပူတော့ဘူး"

"ဪ. . . ရပါတယ် ပြဿနာမရှိပါဘူး၊ တို့နာမည်က ကေသွယ်ပါ၊ ဒီအခန်းကို ပြောင်းလာတော့လည်း တို့ပဲအစအဆုံး ကူညီပေးခဲ့ရတာလေ"

"ဟုတ်လား. . တွေ့ရတာ ဝမ်းသာပါတယ်၊ ညီမက ခင်ရှုပါပါ"

"ဪ. . အင်း. ."

ခင်ရှုပါက စကားပြောနေရင်း သူ့လက်ချောင်းများက ထိုင်ခုံကိုခေါက်နေ၏။ ထိုသို့ခေါက်နေရသည်ကိုလည်း ခင်ရှုပါ နှစ်သက်နေပုံပေါ်သည်။

"ဒါနဲ့ ဒီအခန်းမှာနေတာ ကြာပြီလား"

"ဟင့်အင်း တစ်ပတ်လောက်ပဲ ရှိသေးတယ်"

"ကောင်းပါတယ်၊ တိမ်လွှာလည်း အဖော်ရတာပေါ့၊ သူ့ကိုလည်း ပြောပါတယ်၊ တစ်ယောက်တည်း နေမှာထက်စာရင် သူငယ်ချင်းတွေ စုနေပါလို့၊ အရေးအကြောင်းဆို ကူဖော်လောင်ဖက်ရတာပေါ့၊ ဒီလိုပြောတော့ သူကတစ်ယောက်တည်းပဲ နေချင်တယ်တဲ့လေ၊ အခုလို အဖော်ရတာကိုတောင် တို့ကိုအသိမပေးဘူး"

ခင်ရှုပါက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီးနောက် လေသံအေးအေးဖြင့် တုန့်ပြန်၏။

"အင်း. . သူလည်း အလုပ်များတော့ မေ့သွားတာဖြစ်မှာ





ပါ၊ ဪ. . ဒါနဲ့ ညီမ ဟင်းချက်စရာလေး ရှိသေးလို့ ချက်လိုက်ဦးမယ်နော်. . သုံးဆောင်ပါဦး"

"အင်း. . အင်း. . ချက်ပါ. . ချက်ပါ"

ခင်ရှုပါ နောက်ဖေးဝင်သွားပြီး သိပ်မကြာလိုက် ခုတ်ထစ်ကြော်လှော်နေသော အသံများကို ကေသွယ်ကြားနေရ၏။

လူမှုရေးအရ အားနာ၍ ကေသွယ် ကော်ဖီကို သောက်ရန် ပါးစပ်နားအရောက်. . .

"ဗ!. . ဗ!. . ဗ!. ."

ကော်ဖီခွက်ထဲမှ ယင်ကောင်များ ထပျံသွားသည်ကို တွေ့လိုက်သဖြင့် လန့်ဖျပ်ကာ ကော်ဖီခွက် လွတ်ကျသွားတော့သည်။

"ခွမ်း!. ."

ကေသွယ် ကြမ်းပေါ်မှ ကော်ဖီအရောင်ကို ကြည့်လိုက်လေရာ အနီရောင်သွေးများ ဖြစ်နေလေသည်။

"ကော်ဖီခွက် ကွဲသွားတာနဲ့တူတယ်၊ ညီမလုပ်လိုက်မယ်"

ကေသွယ် ဇောချွေးတွေပျံနေလေပြီ။

"တို့. . ပြန်တော့မယ် ခင်ရှုပါ"

"ဟုတ်ကဲ့. . နောက်ကြုံလည်း ဝင်ခဲ့ပါဦး"

ကော်ဖီမသောက်မိလိုက်တာ အတော်ကံကောင်းသွားသည်ဟု ကေသွယ်တွေးရင်း ကွန်ဒိုအပြင် ရောက်ရောက်ချင်းမှာပင် တိမ်လွှာ့ဆီ ဖုန်းခေါ်လိုက်သည်။

သည်တစ်ခါတော့ ဖုန်းက လွယ်လင့်တကူ ချိတ်ဆက်မိသွားသည်။ ကေသွယ်က အဖြစ်တင်မှုများကို တရစပ်ပြောပစ်လိုက်၏။ တစ်ယောက်တည်းနေသည်ဟု ညာထားသည့်အတွက် မကျေမနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ ရန်တွေ့နေခြင်းဖြစ်သည်။

"ကေသွယ် သူငယ်ချင်း နင်မှားနေပြီ၊ ငါက တစ်ယောက်တည်းနေတာပါ"

"ဟဲ့. . . တိမ်လွှာ၊ နင်ဘာတွေ လျှို့ဝှက်နေတာလဲ၊ ငါက အခု နင့်အခန်းက ပြန်လာတာလေ၊ ကော်ဖီတောင် ချတိုက်နေသေးတယ်"

ဟု အစချီ၍. . အော့နှလုံးနာဖွယ်ကောင်းသော ညီစိုစို ကော်ဖီအကြောင်း ပြောပြလိုက်သည်။

"မှားနေပြီ. . တစ်ခုခုတော့ အကြီးအကျယ် မှားနေပြီ၊ ငါ့အခန်းမှာ ငါတစ်ယောက်တည်း နေတာပါ၊ ကျိန်ဆိုကျိန်ဝံ့ပါတယ်၊ ဒါနဲ့ နင်တွေ့ခဲ့တဲ့သူက ဘယ်သူလဲ"

"သူလား. . . ခင်ရှုပါလို့ ပြောတယ်၊ လက်ချောင်းတွေက အငြိမ်မနေဘူးလေ"

"အမလေး!. . ဘုရား. . ဘုရား. ."

၄ ၄ ၄ ၄



ဝပယ့်အိမ်မှ ညစာစားပြီးမှပြန်၍ ကွန်ဒိုသို့ မိုးချုပ်မှရောက်၏။ အခန်းထဲဝင်ရမှာကိုပင် တိမ်လွှာလန့်နေမိသည်။ ဘာပဲဖြစ်ဖြစ် နေစရာဒီအခန်းလေးပဲ ရှိသည်မို့ ဘုရားစာရွတ်ရင်း တံခါးသော့ကို ဖွင့်လိုက်၏။ သော့ဖွင့်ပြီး တံခါးဆွဲဖွင့်လိုက်စဉ်. . တံခါးဘောင်ပေါ်တင်ထားသော စာအိတ်ထူလေးတစ်ခု အောက်သို့ပြုတ်ကျလာ၏။

"ဘာပါလိမ့်. . ဘယ်သူ လာထားသွားတာလဲမသိဘူး၊ ကေသွယ်များ ထားသွားတာလား"

တိမ်လွှာ အံ့ဩစွာဖြင့်. . ထိုစာအိတ်ကို ကောက်ယူကြည့်လိုက်သည်။ အတွင်း၌ စာထူထူတစ်စောင်နှင့် သော့တစ်ချောင်းကို တွေ့ရ၏။

စာရွက်၌ ရှုံ့စက်များ၊ နီကျင်ကျင်အကွက်များ ပေကျံနေသည်ကို တွေ့ရပြီး. . စာခေါက်လေးကို ဖြည်လိုက်သည်နှင့် . တစ်



www.burmeseclassic.com

www.burmeseclassic.com



သောင်းတန်ငွေစက္ကူ အမြောက်အများ ထွက်ကျလာပြန်သည်။

"ဟင်. . ပိုက်ဆံတွေ များလှချည်လား"

ထို့နောက် တိမ်လွှာ စာကိုဖတ်ကြည့်လိုက်၏။

"ဒီသော့နဲ့ အခန်း(၇၁၂)ကိုဖွင့်ပေးပါ၊ အထဲမှာရှိတဲ့ မီးခံသေတ္တာကို ဒီညဆယ့်နှစ်နာရီ မထိုးခင်ဖွင့်ပေးပါ"

ဟူ၍ရေးထားသည်။

(၇၁၂)မှာ ဘေးခန်းဖြစ်ပြီး. . ဘာကြောင့် ထိုအခန်းကို ဖွင့်စေချင်တာလဲ၊ မီးခံသေတ္တာကိုကော ဘာကြောင့် ဖွင့်စေချင်ရတာလဲ၊ အထဲမှာ ဘာရှိလို့လဲ၊ အခု စာလာညှပ်ထားသူကကော ဘယ်သူများလဲ၊ တံခါးကိုထုနေတဲ့ မိန်းမလား. . .။

တိမ်လွှာ အတွေးတို့ဖြင့် ချာချာလည်သွားတော့သည်။

ဓါတ်ပုံဆရာဇော်ထက်ကိုလည်း တိမ်လွှာ မတွေ့တာ ကြာလေပြီ။ ထိုအခန်းထဲဝင်ဖို့ကိုလည်း သော့ကပေးထား၏။ များပြားလှသောပိုက်ဆံတွေလည်း ထည့်ပေးထားသေးသည်။

လျှို့ဝှက်ရှုပ်ထွေးသော အကြောင်းအရာတစ်ခုသည်. . ထိုအခန်း၌ တည်ရှိနေပြီကိုလည်း သူမ ရိပ်စားမိလိုက်သည်။

သိလိုစိတ်များ၊ စိတ်ဝင်စားမှုများက သူမ၏ရင်ထဲ တဖွားဖွား ပေါ်ပေါက်လာပြီး တစ်ခုခုလုပ်ကြည့်ရန် စိတ်ကူးလိုက်၏.

တိမ်လွှာ သူမအခန်းထဲဝင်၍ ရှိသမျှမီးများ အကုန်လိုက်ဖွင့်လိုက်၏။ ခင်ရူပါကို မတွေ့၍. . သက်ပြင်းချမိသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး နာရီလှမ်းကြည့်တော့ ဆယ့်တစ်နာရီပင် ကျော်နေလေပြီ။ တိမ်လွှာ အခန်းထဲမှပြန်ထွက်ကာ ကော်ရစ်တာတစ်လျှောက် ကြည့်လိုက်၏။ ရှင်းလင်းနေတာ ဘယ်





သူမှမရှိ။ ဘေးခန်းဆီသို့ ချဉ်းကပ် သွားပြီး တံခါးဝတွင်ရပ်၍ အသာနားစွင့်ကြည့်သည်။ တံခါးခေါက်ကြည့်သည်။ အခန်းထဲက ဘာသံမှ မကြားရ။ ထို့နောက် တံခါးကို တိမ်လွှာ သော့လှည့်ဖွင့်လိုက်သည်။

"ဂျောက်!"

တံခါးပွင့်သွားလေပြီ။ တထိတ်ထိတ် ရင်အစုံဖြင့် လှုပ်ခါနေသောစိတ်ကိုထိန်းကာ အခန်းထဲဝင်လိုက်သည်။ နံရံမှ မီးခလုတ်ကို ဖွင့်မည်ကြံပြီးမှ မဖွင့်ဖြစ်တော့။ အခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်ရှုအကဲခတ်လိုက်သည်။ အခန်းသည် လူမနေသည့်အလား ရှုပ်ပွကာ မှောင်မည်းနေပြီး စာပွဲခုံတစ်ခုပေါ်တွင် ဖယောင်းတိုင်သုံးချောင်း ထွန်းထားသည်ကိုလည်းတွေ့၏။

လှောင်ပိတ်ကာ ဆိုးရွားသောအနံ့အသက်များက နှာခေါင်းထဲတိုးဝင်လာသဖြင့် တိမ်လွှာ နှာခေါင်းကိုချက်ချင်းလက်ဖြင့် အုပ်လိုက်ရသည်။ တစ်လှမ်းချင်းလျှောက်ဝင်လာရာ ခြေထောက်က တစ်စုံတစ်ခုကို တိုက်မိသွားသည်။

"ဂလောက်!"

ထိုအရာက အဝေးသို့လိမ့်သွား၏။ သေချာကြည့်မှ အရက်ပုလင်းခွံတစ်လုံး ဖြစ်နေသည်။ စိတ်ထဲကြောက်ရွံ့စ ပြုလာသည်။ နံရံတွင် ချိတ်ဆွဲထားသော ကြည့်မှန်ကြီးတစ်ချပ် ကွဲနေပြီး ကပ်ထားသော ပိုစတာများလည်း ပြဲနေသည်မှာ ဆွဲဖြဲထားသည်ထင်၏။

အခန်းထဲ၌ သက်ရှိလူသားတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ မှန်ကွဲစများက နေရာအနှံ့ ပြန့်ကျဲနေသည်။ တချိန်က မှန်ဘောင်ကွပ်ထားသော ဓါတ်ပုံများအားလုံးမှာ တစ်ပုံမှမှန်မရှိတော့။ အခန်းထဲလဲပြိုနေသောခုံများ၊ စားပွဲများကြောင့်လည်း အခန်းသည် ပိ၍



www.burmeseclassic.com

ရှုပ်ပွတာ မွစာကြဲနေခြင်း ဖြစ်သည်။

မှုန်ကွဲစများကို သတိထားရှောင်ကွင်းရင်း မီးခံသေတ္တာကြီး တစ်လုံးကို တွေ့လိုက်ရသည်။ မီးခံသေတ္တာ၏ ပတ်ပတ်လည်တွင် အင်းစမစာရွက်များ ကပ်ထားပြီး မီးခံသေတ္တာအပေါ်တွင်လည်း ဖယောင်းတိုင် အကြီးတစ်တိုင် ထွန်းထားလေသည်။ ဖယောင်းတိုင် ထွန်းထားပုံအရ လောလောလတ်လတ် လူရှိနေသည်မှာကား အသေချာပင်။ သို့သော် အခန်းထဲ၌ ဘယ်သူ့ကိုမှမတွေ့။

မီးခံသေတ္တာကို တကယ်ဖွင့်မည်လုပ်တော့ တိမ်လွှာ မဖွင့်ရဲတော့ပေ။ ကြောက်လန့်ဖွယ် တစ်စုံတစ်ခုသည် မီးခံသေတ္တာထဲ၌ မလွဲမသွေ ရှိနေလိမ့်မည်။ 'တဖြန်းဖြန်း' ထနေသော ကြက်သီးမွေးညှင်းများကလည်း မီးခံသေတ္တာ မဖွင့်ရဲအောင် တွန်းအားပေးနေသကဲ့သို့ ဖြစ်နေ၏။ မီးခံသေတ္တာဘေး ဒူးထောက်ထိုင်ချလိုက်စဉ်. .

"ဒုန်း!. ."

ခပ်အုပ်အုပ် အသံတစ်ခုက မီးခံသေတ္တာထဲမှ ထွက်ပေါ်လာ၏။ တိမ်လွှာ လန့်ဖျပ်ကာ နောက်သို့ခုန်ဆုတ်လိုက်သည်။ ထိတ်လန့်မှုများက သူမတကိုယ်လုံး သိသာစွာ လွှမ်းခြုံသွား၏။ သူထင်ထားသကဲ့သို့ ထိတ်လန့်ဖွယ်အရာတစ်ခုက ကျိန်းသေရှိနေလေပြီ။

တိမ်လွှာ ဆက်လက်၍ သတ္တိမကောင်းနိုင်တော့။ နဂိုကပင် နူးညံ့ပျော့ပြောင်းသူပီပီ ခြောက်ခြားဖွယ်အခန်းထဲ၌ ဆက်မနေရဲတော့ဘဲ ပြေးထွက်ခဲ့ရတော့သည်။









# အခန်း(၁၁)

တိမ်လွှာ သင်တန်းသွားဖို့ ကားစောင့်နေ၏။ သင်တန်းရောက်လျှင် ကောင်းမြတ်နှင့်ဆက်ဆံရေးက ဘယ်လိုပြောင်းလဲသွားမလဲဆိုတာ သိချင်စိတ်စောနေသည်။ ထိုစဉ် ဂျာနယ်ရောင်းသူတစ်ယောက် လမ်းဖြတ်ကူးပြီး မှတ်တိုင်သို့ရောက်လာကာ. . .

"သတင်းထူးတွေ. . သတင်းထူးတွေ၊ မော်ဒယ်ဇူလန်းတျော် ပျောက်နေတာ လသို့သွားပြီ၊ လင်နောက်လိုက်သွားတာလား၊ ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခံရတာလား၊ ဇွဲဇန်ကျော် မိဘတွေ ရဲတိုင်လိုက်ပြီ. . တဲ့. . ”

ဂျာနယ်သမား၏ အော်သံကြောင့် တိမ်လွှာစိတ်ဝင်စားသွားသည်။ သိချင်စိတ်ကြောင့် ထိုဂျာနယ်ကို ဝယ်လိုက်သည်။ ထိုသတင်းပါသည့် မျက်နှာစာအဖွင့်ကို ကြည့်လိုက်မိ၏။ ဇွဲဇန်ကျော်ဆိုသော ခေါ်ဒယ်၏ပုံကိုတွေ့တော့ တိမ်လွှာမျက်လုံးပြူးသွားရသည်။

“ဘုရား. . ဘုရား. . ဒါ. . ဒါ. . ဘေးခန်းတံခါးကို လာထုနေတဲ့ မိန်းမပဲ”

သူမနေထိုင်ရာ ကွန်ဒိုသို့ ဇွဲဇန်ကျော် နေ့တိုင်းလာနေတာ သူ့မိသားစု မသိဘူးလား၊ သူ့ ရဲကိုသတင်းပေးလျှင် ကောင်းမလားတွေးမိသေး၏။ သို့သော် အမှုပတ်မှာစိုး၍ ထိုစိတ်ကူးကို မေ့ပစ်လိုက်ရသည်။

ဇွဲဇန်ကျော် ဘာလို့ကိုယ့်အိမ်ကိုယ် မပြန်တာလဲ၊ နေ့တိုင်းမြင်တွေ့နေရသည်မို့ ဇွဲဇန်ကျော် ပြန်ပေးဆွဲခံရတာ မဟုတ်မှန်း တိမ်လွှာ သိနေသည်။ ပုံစံကြည့်ရတာလည်း ရွံ့တွေအမြဲပေပြီး ဖိုသီဖတ်သီနဲ့ဆိုတော့ ပုံမှန်မဟုတ်တာလည်း သေချာနေပြန်သည်။

ထိုအချိန်တွင် ကားတစ်စီးရောက်လာသဖြင့် မြေးတက်ခဲ့ရသည်မို့ အတွေးတွေ ပြတ်သွားရ၏။

ကိုယ့်ကိစ္စလည်း မဟုတ်သဖြင့် ကောင်းမြတ်အကြောင်းသာ တွေးနေလိုက်တော့သည်။

ကိုယ်က မြင်မြင်ချင်း စွဲလန်းမြတ်နိုးနေ၍သာ မျက်နှာချိုသုံးပြီး ပြုစားခဲ့သော်လည်း သူနှင့်ပတ်သက်သူမှန်သမျှ အသေဆိုးနှင့်သေကြရသည်ဆိုသည့် နမူနာကြောင့် စိုးရိမ်မိသည်မှာလည်း အမှန်ပင်ဖြစ်သည်။





သို့နှင့် သင်တန်းသို့ရောက်လာခဲ့သည်။ မျက်စိရှင်ရှင်ထားပြီး သင်တန်းထဲဝင်ခဲ့၏။ စာသင်ဆောင်နားရောက်သည်အထိ. . ကောင်းမြတ်၏ အရိပ်အယောင်ကို မတွေ့ရသေး။ တိမ်လွှာ စိတ်ပျက်အားလျော့သွားသည်။

အတန်းထဲရောက်နေပြီလား တွေးကာ. . တွေ့ချင်ဇောနှင့် ခြေလှမ်းတွေ သွက်သွက်လှမ်းလိုက်သည်။ ထိုစဉ်မှာပင် သူ့လက်ကို လှမ်းဆွဲတာ ခံလိုက်ရ၏။ စိတ်တိုသွားပြီး လှည့်ကြည့်လိုက်မှ သူမတွေ့ချင်နေသော ကောင်းမြတ်ဖြစ်နေသည်။

“တိမ်လွှာရယ် အခုမှရောက်လား၊ ကျွန်တော်စောင့်နေတာကြာလှပြီ”

“တွေ့ချင်တဲ့သူက စောင့်ရမှာပေါ့”

ထိုစဉ်. . ကောင်းမြတ်က တိမ်လွှာ့လက်ကိုဆွဲကာ စားသောက်ဆိုင်ရှိရာသို့ ဦးတည်လိုက်သည်။ တိမ်လွှာ အတော်အံ့သြဝမ်းသာသွားသည်။ သူမ ဒါမျိုးစောင့်နေရတာ ကြာပြီလေ. . ။

စားသောက်ဆိုင်ထဲရောက်တော့ မျက်နှာချင်းဆိုင်ထိုင်ကာ ကောင်းမြတ်ကပင် မျက်နှာမလွှဲဘဲ ကြည့်နေတော့၏။

“ကြည့်လှချည်လား ကိုကောင်းမြတ်ရဲ့”

“အမှန်ကို ဝန်ခံရရင် တိမ်လွှာ့ကို ကျွန်တော်စွဲလမ်းသွားပြီဗျာ”

“သွား. . အပိုတွေ”

သိသိကြီးနှင့် တိမ်လွှာ နွဲ့ဆိုးလေး ပြောလိုက်၏။

“ကိုယ် လိမ်မပြောဘူး တိမ်လွှာ၊ အားလုံးထက် ပိုချစ်တယ်ကွာ၊ ခုမှပဲ လက်တွဲဖော် အစစ်ကို ရှာတွေ့သလို ခံစားမိတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်တို တစ်သက်လုံး တွဲထားပေးပါနော် တိမ်လွှာ"

အစွမ်းထက်လှသည့် ပီယမျက်နှာဖုံးအား ညတိုင်းထိုင်ရှိခိုး သင့်သည်ဟု တိမ်လွှာတွေးရင်း ပြုံးလိုက်မိသည်။ ရှက်သွေးဝေဝေနှင့် ကျေနပ်စွာပြုံးပြီး ခေါင်းညိတ်ပြမိသည်။ ပြီးတော့ . . သူတို့တွေ ဖုန်းနံပါတ် အပြန်အလှန်ရိုက်ထည့်ပေးခဲ့သလို အိမ်လိပ်စာတွေလည်း လဲခဲ့ကြသည်။

ဘယ်လောက်များ ကောင်းလိုက်ပါသလဲ၊ ချစ်ရေးဆိုဖို့မလို၊ အဖြေပေးစရာလည်းမလိုဘဲ ချစ်သူရည်းစားဖြစ်နိုင်သည်မှာ ပီယမျက်နှာဖုံး အစွမ်းပင် မဟုတ်ပါလား။ ကောင်းမြတ်အား အပိုင်သိမ်းသွင်းနိုင်ပြီမို့ တိမ်လွှာ တအားပင်ကျေနပ်ပြုံးပျော်သွား၏။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

ထိုအချိန်တွင် ခုံကိုလက်နှင့်ခေါက်သည့်အသံ ကြားရ၍ တိမ်လွှာ စိုးထိတ်သွားသည်။ သိပ်မကြာလိုက် တိမ်လွှာ စိုးရိမ်သည့်အတိုင်း တကယ်ဖြစ်လာသည်။ ကောင်းမြတ်ကျောကုန်းမှာ မီးခိုးတွေ အူထွက်လာတာကို သူတစ်ယောက်တည်း မြင်နေရ၏။

ကောင်းမြတ်က သိပုံမရ. .၊ ကြည့်နေရင်းနှင့်ပင် မီးခိုးများ ပါးလျားသွားပြီး လူသဏ္ဍာန်ပေါ် လာသည်။ ကောင်းမြတ်ကျောပေါ် ကုန်းပိုးစီးထားသည့် မိန်းမမှာ ခင်ရှုပါဆိုသူပင်. .။

ခုတော့ ရုပ်ပျက်ဆင်းပျက်နှင့်မို့ အသက်ရှင်စဉ်က ဘယ်လောက်လှခဲ့သလဲဆိုတာ မှန်းကြည့်၍မရတော့။ ခင်ရှုပါက မျက်ထောင့်နီကြီးနှင့် သူမကိုလှမ်းကြည့်နေသည်မို့ တိမ်လွှာ သွေးပျက်ပြီး ချွေးထွက်အောင် လန့်သွားသည်။

"ကို. . ကိုကောင်းမြတ်. . ရှင့်. . ရှင့် ကျောပေါ်မှာ ခင်ရှု



ပါ"

တိမ်လွှာ လှမ်းအော်လိုက်၍ ကောင်းမြတ်ဖြတ်ခနဲ လှည့်ကြည့်သည်။

"ဘာတွေပြောနေတာလဲ တိမ်လွှာ"

"ခင်ရှုပါ. . ကိုကောင်းမြတ်ကျောပေါ် ခိုစီးထားတယ်"

ကောင်းမြတ် သူ့ကျောကုန်းအား လက်ပြန်စမ်းကြည့်သည်။ ဘာမှမရှိ. .။

"တိမ်လွှာကလည်းကွာ ဘာတွေလျှောက်ပြောနေတာလဲ သူကသေသွားပြီပဲ၊ အတိတ်ကအကြောင်းတွေ ကိုယ်အကုန် မေ့ပစ်လိုက်ပြီ၊ သူ့အကြောင်း ဘာမှမပြောပါနဲ့လား. .၊ အ!. . အ!. . အမလေး. . နာလိုက်တာ. ."

ဇက်ပိုးပေါ်မှ စူးစူးရှရှနာကျင်သွားသော ဝေဒနာကို ခံစားလိုက်ရ၍. . ကောင်းမြတ်ညည်းတွားလိုက်သည်။ ဇက်ကိုကိုင်ရင်း သူ့လက်နှင့်သူ နှိပ်နယ်နေရသည်။ တိမ်လွှာမှာလည်း အသက်ထွက်လုမတတ် ထိတ်လန့်သွားသည်မို့ ကောင်းမြတ်ကို ဘာမှမပြောတော့ဘဲ ဆိုင်ထဲမှပြေးထွက်လာခဲ့၏။

"တိမ်လွှာ. . တိမ်လွှာ. . နေဦးလေ. . ဘယ်လဲ"

ကောင်းမြတ်ကို ချစ်သော်လည်း မိန်းမတစ်ယောက် ကုန်းပိုးစီးထားသည့် ယောကျ်ားတစ်ယောက်ဘေးတွင် သူမ ဆက်မနေရဲတော့. .။

ကောင်းမြတ် ပိုက်ဆံရှင်းရတာနှင့်ပင် အချိန်အတော်ကြာသွားသည်။ အားလုံးရှင်းပြီး ပြေးထွက်လာချိန်တွင် တိမ်လွှာအား မတွေ့ရတော့။

www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှာ ကျောင်းမတက်တော့ဘဲ အိမ်သို့တန်းပြန်သွား၏။

ကွန်ဒိုအရောက် လုံခြုံရေးဝန်ထမ်း ဦးတင်ငွေနှင့်ဆုံသည်။

“ဟော. . ပြန်လာပြီလား သမီး”

“ဟုတ်ကဲ့ရှင့်”

“ဒါနဲ့ သမီးက (၇၁၁)မှာနေတာနော်”

“ဟုတ်ပါတယ်. . ဦး”

ဦးတင်ငွေက ပြောသင့်မပြောသင့် စဉ်းစားနေဟန်နှင့် အနည်းငယ်တွေဝေနေပြီး ဝန်းကျင်ကိုလည်း အကဲခတ်နေသေးသည်။

ပြီးမှ. .

“ဟိုလေ. . ဘေးခန်းကလူအကြောင်းကို ပြောပြချင်လို့”

“ရှင်. . ”

သူမ သိချင်နေသော အခန်း(၇၁၂)အကြောင်း သိရမည်ဆိုတော့ တိမ်လွှာ စိတ်ဝင်စားသွားသည်။

“အဲဒီအခန်းက ဓါတ်ပုံဆရာ ဇော်ထက်ကိုတော့ ဦးသိပါတယ်၊ သူခုရက်ပိုင်းမှာ လူမှန်းသူမှန်းမသိအောင် မူးမူးလာတယ်၊ ဦးပဲတွဲပြီး သူ့အခန်းလိုက်ပို့ပေးရတာ. . ၊

အဲဒီလို လိုက်ပို့ပေးတိုင်း သူက ဇူဇန်ရေလို့ မူးမူးနဲ့ တတွတ်တွတ်ခေါ်နေတယ်. . ၊ နောက်ပြီး မော်ဒယ်ဇူဇန်နဲ့တူတဲ့ မိန်းကလေးတစ်ယောက် ညသန်းခေါင်မှာ ကွန်ဒိုကို အမြဲရောက်လာတတ်တယ်၊ ဓာတ်လှေခါးနားအရောက်မှာ ပျောက်ပျောက်သွားတတ်တယ်. . ၊ ဓာတ်လှေခါးက လူတစ်ယောက်ပါသွားသလို ခုနစ်လွှာကို အမြဲတက်သွားလေ့ရှိတယ်၊ မော်ဒယ်ဇူဇန်ကျော် ပျောက်နေတယ်ဆိုရင် ဇော်ထက်နဲ့ ပတ်သက်နေလိမ့်မယ်လို့ ဦးထင်တယ်”





“အင်း. . သမီးလည်း သတိမထားမိဘူး”

“တစ်ခုခုထူးခြားရင်တော့ ပြောပေါ့. . သမီး”

တိမ်လွှာ့အတွက်တော့ နေရာသစ်မှာ အားကိုးစရာ လူတစ်ယောက်ရလိုက်သည်မို့ ဝမ်းသာခဲ့ရ၏။ ဦးတင်ငွေကို နှုတ်ဆက်ပြီး တိမ်လွှာအခန်းသို့ ပြန်လာခဲ့လေသည်။

တိမ်လွှာ ကိုယ့်အခန်းပြန်ရောက်သည့်တိုင် စိုးထိတ်မှုတို့ မပြေသေး၊ စိတ်ချောက်ချားနေ၍လားမသိ၊ ခြိုးခြိုးချွတ်ချွတ် အသံတွေ ကြားနေရသည်ဟု ထင်မိ၏။ စိတ်မလုံ၍ ဟိုဒီလှမ်းကြည့်မိသည်တွင် စာရေးစားပွဲပေါ်မှ ပီယမျက်နှာဖုံးကို မြင်မိသည်။

မျက်နှာဖုံးကို နံရံတွင်ပြန်ချိတ်လိုက်ချိန်တွင် မျက်နှာဖုံး၏ မျက်လုံးနေရာ၌ တစ်စုံတစ်ခု ရိပ်ခနဲ လှုပ်ရှားသွားသည်ကို တိမ်လွှာ မြင်လိုက်ရ၏။ ထို့ကြောင့် ကြောက်ကြောက်နှင့် အမည်းရောင်ဇာ ပဝါလေးဖြင့် မျက်နှာဖုံးကို အုပ်ထားလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း!. . ဒုန်း!. . ဒုန်း!. . "

တစ်ဒုန်းဒုန်းထုသံကြောင့် တိမ်လွှာ အိပ်နေရာမှ လန့်နိုးသွားသည်။ အချိန်ကြည့်တော့ ညဆယ့်တစ်နာရီခွဲနေပြီ။ ဘေးခန်းတံခါးကို ထုနေသံဖြစ်၍ အခန်းတံခါးဖွင့်ကာ တိမ်လွှာ ကြည့်လိုက်၏။

"ဟင်!. . "

ကော်ရစ်တာတစ်လျှောက် ဘယ်သူမှမရှိ. . တိမ်လွှာ ဇဝေဇဝါဖြစ်နေ၏။ ထိုစဉ် ဘေးခန်းတံခါး 'ကျွိ'ခနဲပွင့်သွား၏။ လေတိုက်၍ ပွင့်သွားတာပဲဖြစ်မည်ဟုတွေးရင်း နောက်တစ်ကြိမ် အရဲစွန့်ကာ ထိုအခန်းထဲသို့ ထပ်ဝင်လာခဲ့လိုက်သည်။

အခန်းတွင်းမှာတော့ ဘာမှမပြောင်းလဲ. . ရှုပ်ထွေးပွေလီလျက်၊ မီးခံသေတ္တာပေါ်တွင် စါဆိုဖယောင်းတိုင် ထွန်းထားလျက်ပင် ရှိနေသေးသည်။ အင်းစမများ ကပ်ထားသည့် မီးခံသေတ္တာနားသို့





တိမ်လွှာပြန်ရောက်လာခဲ့သည်။

သေတ္တာနားကပ်၍ နားစွင့်ကြည့်တော့ လှုပ်ရှားသံတစ်ခုတိုးကြားနေရသည်။ အရဲစွန့်ပြီး မီးခံသေတ္တာတံခါးကို ဖွင့်လိုက်၏။

"အမလေး!. . "

မီးရောင်ပြပြနှင့် မြင်လိုက်ရသည်က ကွေးကုပ်ကာ ငုတ်တုပ်ထိုင်နေသော ဓါတ်ပုံဆရာဇော်ထက် ဖြစ်နေတော့သည်။ မျက်လုံးပြူးကြီးများနှင့် ပြန်ကြည့်နေသည်မို့ တိမ်လွှာ ကြောက်လန့်ပြီး ထိုအခန်းထဲမှ ထွက်ပြေးခဲ့ရပြန်သည်။

တိမ်လွှာ အခန်းသို့အပြေးတွင် စင်္ကြန်လမ်း၌ ဇူဇန်ကျော် လျှောက်လာနေတာတွေ့၏။

လျှောက်လာပုံက. . သာမန်လူလို မဟုတ်သည်မို့ တိမ်လွှာ ကြောက်လန့်ကာ တံခါးကိုအသည်းအသန် ဖွင့်နေရသည်။ ထုံးစံအတိုင်း. . အရေးကြီးသည်ဆိုကာမှ သော့ပေါက်ထဲ သော့တံထိုးလို့ကမရ။ ရေစိုအမျိုးသမီးကလည်း တဖြည်းဖြည်းနီး လာလေပြီ။ တိမ်လွှာ ဇောချွေးတွေပျံပြီး အဆုံးစွန်ထိ ကြောက်လန့်လာ၏။

ဘေးခန်းရှေ့တွင် ထိုအမျိုးသမီးရပ်သွားပြီး သူ့ထံစောင်းငဲ့ကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် တိမ်လွှာ အသက်ထွက်လုမတတ် စိုးထိတ်သွားပြီး တံခါးသော့ကို မရ,ရအောင်ဖွင့်တော့သည်။ တံအားလျော့စွာပင် တံခါးပွင့်သွားသည်တွင် တိမ်လွှာ အမြန်ဝင်ပြီး တံခါးကို ကျောဖြင့်တွန်းပိတ်လိုက်လေတော့၏။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၂)

ကောင်းမြတ်ဆက်တာမို့ စိတ်ရှုပ်နေတာတွေ အနည်းငယ် ပြေလျော့သွား၏။

"လာနေပြီ ကိုကောင်းမြတ် ကျောင်းနားရောက်နေပြီ"

"ဟုတ်လား . . ကိုယ် အပေါက်ဝမှာ စောင့်နေတယ်"

ဖုန်းပြောလို့ မပြီးသေးခင်မှာပင် လူကိုလှမ်းမြင်နေရပြီ . . ။ ကောင်းမြတ်လက်လှမ်းပြကာ ပြေးလာ၏။ အနားရောက်လာသော



www.burmeseclassic.com

တောင်းမြတ်က. .

"တိမ်လွှာ ကိုယ်တို့လက်ထပ်ကြရအောင်"

အမှန်ပြောရလျှင် တိမ်လွှာ ကြည်နူးကျေနပ်နေမိ၏။

သို့သော် ကောင်းမြတ်ကိုချစ်ရတာ ပစ်ရမှာလည်း အဆီတဝင်းဝင်း စားရမှာလည်း သဲတရှပ်ရှပ်ဆိုသလို ဖြစ်နေသည်။ ချစ်ရတာနှင့် မကာမိအောင် အန္တရာယ်က ဝိုင်းနေ၏။

အတန်းပြီးတော့ သူတို့နှစ်ယောက် ကန်တော်ကြီးဘက် ဝင်ဖြစ်ကြသည်။ ကောင်းမြတ်က သူကားကို လူရှင်းသည့်နေရာတွင် ရပ်လိုက်၏။ ကောင်းမြတ် လက်ရဲဖက်ရဲဖြစ်လာကာ သူမမျက်နှာပေါ်သို့ အနမ်းမိုးတွေ အဆက်မပြတ်ရွာတော့၏။ တိမ်လွှာလည်း ကောင်းမြတ်၏ ကျွမ်းကျင်ပိုင်နိုင်လှသော အပြုစုအယုယအောက်တွင် အရည်ပျော်ကျသွားသည်။

သမီးရည်းစားပညာတွင် ဒီပလိုမာတောင် မရသေးသည့် တိမ်လွှာမှာ ချစ်ရေးချစ်ရာပါမောက္ခကြီး ကောင်းမြတ်ရင်ခွင်ထဲ၌ မလူးသာမလွန့်သာ ဖြစ်နေရှာ၏။ ပင့်ကူအိမ်ထဲမိနေသည့် လိပ်ပြာတစ်ကောင်လို ဖြစ်နေသည်။

ထိုစဉ် တိမ်လွှာ၏ခါးအောက်ပိုင်းသို့ လက်ကြမ်းကြမ်းကြီးနှစ်ဖက်က လာဖက်လေ၏။

တိမ်လွှာ သတိထားမိလိုက်ပြီ။ သူမကို ဖက်ထားသည်က လက်လေးချောင်းဖြစ်နေသည်။ ကိုယ်ပေါ်တွင် ဖက်ထားသည်က ကောင်းမြတ်လက်များဖြစ်ပြီး ခါးအောက်ပိုင်းမှ လက်နှစ်ဖက်အား ထိတ်လန့်စွာ ငုံ့ကြည့်လိုက်၏။

"ဟင်!. ."





ပြာနှမ်းနေသော လက်နှစ်ဖက်က သူမကိုတင်းကျပ်စွာ ဖက်ထားလေပြီ။ အပေါ် မော့ကြည့်တော့ ကောင်းမြတ်နောက်ကျောအကွယ်မှ မျက်နှာကြီးတစ်ခု ပေါ်လာ၍. . .

"အမလေး!. ."

တိမ်လွှာ လန့်သွားပြီး ကောင်းမြတ်ရင်ခွင်ထဲမှ အတင်းရုန်းထွက်မိသည်။ ရည်းစားဖြစ်သူ မူမျက်သွားသဖြင့် ကောင်းမြတ် မချင့်မရဲ ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ တိမ်လွှာ"

"ကို့နောက်မှာ. ."

"ဟင်. . ဘာလဲ"

ကောင်းမြတ် အလန့်တကြား လှည့်ကြည့်လိုက်စဉ်. . ကားမှန်ကိုခေါက်သံ တဒေါက်ဒေါက် ကြားလိုက်ရသည်။

"ကို့နောက်မှာ ခင်ရူပါ"

"ဘယ်. . ဘယ်မှာလဲ"

ကောင်းမြတ် နောက်ကြည့်မှန်မှတဆင့် သူ့ကျောပေါ်ကြည့်လိုက်ရာ. . ခင်ရူပါ သူ့ကျောပေါ် ရောက်နေသည်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။ လူတစ်ယောက်ကို ကုန်းပိုးထားသလို အလေးချိန်မျိုး ထမ်းပိုးမထားရသော်လည်း မှန်ထဲမှာတော့ ခင်ရူပါကို မြင်နေရ၏။

"အား!. . သွား. . သွား. . ငါ့ကျောပေါ်ကဆင်း. . ဆင်း ခင်ရူပါ. . သွား. . သွား"

ကောင်းမြတ် ကြောက်နေပုံက တိမ်လွှာ ကြောက်ပုံထက် ပိုဆိုးနေ၏။ ဆိုးမည်ဆိုလည်း ဆိုးချင်စရာ၊ သူနှင့်ခင်ရူပါက ထဲထဲ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဝင်ဝင် ပတ်သက်ဆက်နွယ်ခဲ့သည်ကိုး . ။ တိမ်လွှာလည်း ကောင်းမြတ်အတွက် စိုးရိမ်စိတ်ပူသွားသည်မို့ . .

"ကို . . ကို . . ဘုရားဂုဏ်တော် ရွတ်လိုက်"

တိမ်လွှာက ကောင်းမြတ်အား သတိပေးသလို သူကိုယ်တိုင်လည်း ဂုဏ်တော်ရော၊ သမ္ဗုဒ္ဓေပါ အကြိမ်ကြိမ်ရွတ်ဆိုနေလိုက်သည်။ ကောင်းမြတ် ဂုဏ်တော်ကို အထစ်,အထစ် ရွတ်နေ၏။

ငါးမိနစ်ခန့် နှစ်ယောက်ပြိုင်တူ တရားစာများ ရွတ်လိုက်တော့မှ ကောင်းမြတ်ကျောကုန်းမှ အနိုးအငွေ့တွေနှင့်အတူ ခင်ရှုပါ ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

ထိုအခါမှ အမောဖေါက်နေသော ကောင်းမြတ် သက်သာရာရသည်။ ခင်ရှုပါကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ကြသော်လည်း ကောင်းမြတ်က တိမ်လွှာ့အား ကွန်ဒိုရှေ့ထိ ပြန်ပို့ပေးခဲ့၏။

"အခန်းထဲထိ လိုက်ပို့ချင်တယ် တိမ်လွှာ"

တိမ်လွှာ ကောင်းမြတ်မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး

"မပို့နဲ့ ပြန်တော့ . ."

တိမ်လွှာက အမိန့်ပေးသည့်မုံစံဖြင့် ပြောလိုက်တော့ . . ကောင်းမြတ် ခေါင်းညိတ်ပြသည်။

"မနက်ဖြန် တိမ်လွှာကို ကျောင်းပေါက်ဝကပဲ စောင့်နေမယ်နော်"

"အင်း . ."

ကောင်းမြတ် လက်ပြနှုတ်ဆက်ပြီး မောင်းထွက်သွားသည်။ တိမ်လွှာလည်း နွမ်းလျအိမ်ပြန်ခြေလှမ်းများနှင့် ကွန်ဒိုထဲဝင်ခဲ့၏။

"ပြန်လာပြီလား . . သမီး"





ဦးတင်ငွေ လှမ်းနှုတ်ဆက်သဖြင့် တိမ်လွှာ ရယ်ပြလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ် ဓာတ်လှေကားတံခါးကို မျက်နှာမူ၍ လူတစ်ယောက်ရပ်နေ၏။ တိမ်လွှာလည်း ထိုလူ့ဘေးတွင်ရပ်ကာ ဓာတ်လှေကား ဆင်းအလာကို စောင့်နေလိုက်သည်။

ဓာတ်လှေကား တံခါးပွင့်လာလေပြီ။ တခြားစီးမည့်သူလည်း မရှိသဖြင့် သူတို့နှစ်ယောက်ပဲ ဓာတ်လှေကားထဲ ဝင်လိုက်ကြသည်။ နံပါတ်ခုနစ်သို့ အန္နိပ်တွင် လက်ကပြိုင်တူဖြစ်သွားကြသည်။ ဒီတော့မှ ထိုလူကို တိမ်လွှာကြည့်မိသည်။

"ဟင် . . ကိုဇော်ထက်"

ဘာစကားမှမပြောဖြစ်သော်လည်း ဇော်ထက် သူ့ကိုစိမ်းစိမ်းကြီးကြည့်နေတာ မျက်ဝန်းထောင့်မှ မြင်နေရသည်။ ထို့အတွက် . . စိတ်ထဲ မလုံခြုံသလို ခံစားလာရ၏။ ထိုသို့စိုးရိမ်နေစဉ် . . ရိပ်ခနဲ လှုပ်ရှားမှုတစ်ခုကို မြင်လိုက်မိသည်။ သူမလှည့်အကြည့် စိမ်းရွှေရွှေ အနံ့တစ်ခုကို ရှုလိုက်ရပြီး တင်းကြပ်စွာ ပွေ့ဖက်ခြင်းကိုပါ ခံလိုက်ရ၏။

လူတစ်ကိုယ်လုံး ပျော့ခွေသွားပြီး အသိစိတ်တွေ အမှောင်ကျသွားတော့သည်။ တိမ်လွှာ ဘာဆိုဘာမှ မသိတော့။ ဇော်ထက်က သူမအား နောက်မှသိုင်းဖက်ကာ ရင်ခွင်ထဲသွင်း၍ လဲကျမသွားအောင် ထိန်းထား၏။

ဓာတ်လှေကားရပ်သွားချိန်တွင် တိမ်လွှာအား ပခုံးပေါ်တင်ကာ ဇော်ထက် ထမ်းပြီးထွက်လာခဲ့သည်။ ဒီအလွှာကစောင့်ပြီး ဓာတ်လှေကားစီးမည့်သူ မရှိတာသိပြီးသားမို့ ဇော်ထက်လှုပ်ရှားမှုတွေဟာ ရဲတင်းသွက်လက်နေသည်။ သေးသေးသွယ်သွယ် တိမ်လွှာ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးက ဇော်ထက်ပခုံးပေါ် ခွေခေါက်လျက် ပါသွား၏။

တိမ်လွှာ့ကို ဘာရည်ရွယ်ချက်နှင့် ခေါ်လာသလဲဆိုတာ တော့ ဇော်ထက်သာလျှင် သိပေလိမ့်မည်။ အခန်းတံခါးဖွင့်ပြီး ဇော်ထက် ဝင်လာသည်။ အရုပ်အထွေးများကြား တိမ်လွှာ့ကို နံရံတွင် မှီကာ ခဏချထားလိုက်၏။ တိမ်လွှာ သတိရမလာသေး။

သူမ သတိပြန်လည်မလာခင် လုပ်စရာရှိတာတွေ ဇော် ထက် တက်သုတ်ရိုက်လုပ်နေသည်။ ကျောမှီပါသည့် ကုလားထိုင် တစ်လုံးဆွဲယူကာ တိမ်လွှာကို ခုံနှင့်တွဲပြီး လက်မြန်ကြိုးတုပ်ထား လိုက်သည်။

ထိုစဉ်မှာပင် ခေါင်းငိုက်စိုက်ကျနေသော တိမ်လွှာ လှုးလွန့် လာသည်။

"ဟင်. ."

ထိုင်ခုံ၌ ချုပ်နှောင်ခံထားရခြင်းမှ လွတ်မြောက်ဖို့ တိမ်လွှာ ရုန်းကန်လှုပ်ရှားကြည့်သည်။ မြင်တွေ့နေရသည့် အနေအထားအရ ဇော်ထက်အခန်းထဲသို့ သူမ ရောက်နေခြင်းဖြစ်သည်။ ဇော်ထက်ကို တော့ မတွေ့၊ ဇော်ထက်က သူမနောက်တည့်တည့် အခန်းထောင့် မှာ ထိုင်နေတာမို့ တိမ်လွှာမမြင်ရခြင်းဖြစ်သည်။

တိမ်လွှာ ကြိုးကိုမပြုတ်ပြုတ်အောင် လက်ချင်းပွတ်၍ ကြိုး စားသည်။ ဇော်ထက် ထလာကာ အံဆွဲတစ်ခုကို ဆွဲဖွင့်၏။ လိုချင် တာ ရှာတွေ့သွားသောဇော်ထက် တိမ်လွှာ့ထံပြန်လှည့်လာသည်။

"ဟင်. ."

တိမ်လွှာ ဇော်ထက်မျက်နှာကိုကြည့်ပြီး အံ့သြတုန်လှုပ်သွား သည်။





ဇော်ထက် ပီယမျက်နှာဖုံး စွပ်ထားသောကြောင့် ဖြစ်သည်။

သို့သော် ပီယမျက်နှာဖုံးက အကောင်းပကတိတော့မဟုတ် အကျိုးအပဲ့များကို ဆက်ထားခြင်းဖြစ်၏။

ဇော်ထက်ဆီမှာ ဒီလိုမျက်နှာဖုံး ဘာကြောင့်ရှိနေတာလဲ၊ ဘယ်လိုအသုံးပြုဖို့ ရည်ရွယ်ကာ လုပ်ဆောင်ထားသည်လဲ၊ ဘာ ကြောင့်ပဲဖြစ်ဖြစ် ထိုမျက်နှာဖုံးကို မကြည့်မိအောင် တိမ်လွှာ မျက်နှာ လွှဲထားရသည်။ လက်ပြန်တုပ်ခံထားရသည့် ကြိုးကိုလည်း ပြုတ် ထွက်အောင် အဆက်မပြတ် ကြိုးစားနေရသေးသည်။

"မင်းဟာ သိပ်လှတဲ့မိန်းကလေးပဲ၊ ကိုယ့်အခန်းထဲကို မဖိတ် ခေါ်ဘဲ အမြဲလာတတ်တယ်နော်"

တိမ်လွှာမှာ တစ်ဖက်သို့မျက်နှာလွှဲထားရင်းက. . .

"ရှင့်အခန်းထဲ ဘာလို့ဝင်လာသလဲ သိချင်ရင် ကျွန်မပြောပြ မယ်၊ လောလောဆယ် ရှင့်မျက်နှာဖုံးကို ခဏချွတ်ထားလိုက်ပါ လား"

ဇော်ထက်က မျက်နှာဖုံးကို အောက်သို့ဖြည်းညှင်းစွာ ချအ ပြီး. .

"ကဲ. . ရွှေမင်းသမီးလေး ပြောပြမယ်ဆိုတော့လည်း နား ထောင်ရတာပေါ့"

"ကျွန်မကို မီးခံသေတ္တာ လာဖွင့်ခိုင်းတာ ရှင်မဟုတ်လား"

တိမ်လွှာက ပြောရင်း ကြိတ်၍ကြိုးဖြေနေသည်။

"ဟာ. . ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကျုပ်ကကြောက်လို့ အဲဒီအထဲ ဝင်ပုန်းနေတာ၊ ဒါနဲ့ မင်း ငါ့အခန်းသော့ကို ဘယ်လိုရတာ လဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အခန်းတံခါးဘောင်မှာ လာတင်ထားတယ်လေ၊ စာတစ်စောင်ရယ်၊ သော့တစ်ချောင်းရယ်၊ ပိုက်ဆံတွေရယ်"

တိမ်လွှာ တစ်ချက်မဲ့လိုက်ပြီး. .

"စာက ရှင့်အခန်းထဲက မီးခံသေတ္တာကိုဖွင့်ပေးဖို့ရယ်၊ ရှင့်အခန်းသော့ရယ်၊ ပိုက်ဆံပါထည့်ပေးထားသေးတယ်လေ. . ဘာမှန်းသေချာမသိသေးလို့ အဲ့ဒါတွေအကုန် ကျွန်မသပ်သပ်သိမ်းထားတယ်"

ဇော်ထက် သူ့မေးစေ့မှ ပါးသိုင်းမွေးများကို ပွတ်သပ်လျက်

"အင်း. . ထူးတော့ထူးဆန်းနေပြီ၊ ဒီကိစ္စ ငါလည်းမလုပ်နိုင်းပါဘူး၊ တစ်ခုတော့ရှိတယ် ငါဝင်နေတဲ့ မီးခံသေတ္တာကို ဖွင့်ခိုင်းတာဆိုရင်တော့ ဖူဇန်ပဲဖြစ်လိမ့်မယ်"

ထိုနာမည်ကို ကြားလိုက်၍ တိမ်လွှာမျက်လုံးပြူးသွားသည်။

"ဖူဇန်ဆိုတာ ပျောက်နေတဲ့မော်ဒယ် ဖူဇန်ကျော်ကို ပြောတာလား. ."

"ဖူဇန်က ပျောက်နေတာမဟုတ်ဘူး. . . သေသွားပြီ၊ အခုသူနေရာမှာ မင်းအစားဝင်ရတော့မှာလေ၊ ငါ့ရဲ့အထီးကျန်ကမ္ဘာလေး ပြန်လည်ရှင်သန်လာအောင် လုပ်ရလိမ့်မယ်၊ နောက်ပြီး ဖူဇန်ကျော်ရဲ့ရန်ကို ရင်ဆိုင်ဖို့နဲ့ ဘဝကိုပြန်တည်ဆောက်ဖို့ အဖော် လိုနေတယ်၊ မင်းက ဖူဇန်ကျော်ထက်တောင် လှသေးတယ်ဆိုတော့ ငါ့အတွက် ပိုအဆင်ပြေတာပေါ့ကွာ. . ဟင်းဟင်း. ."

"ဒါဆိုရင်တော့ ရှင် မတရားဘူး၊ ရှင်ဟာ သိပ်အတ္တကြီးတဲ့လူ၊ တစ်ကိုယ်ကောင်းဆန်တဲ့လူပဲ၊ ရှင့်အလိုပြည့်အောင် ကျွန်မလိုက်လျောမယ်ထင်လား"





"ကိုယ်ကတော့ မင်းလေးအချစ်ကို မရရအောင်ယူမှာပဲ"

ထိုသို့ပြောပြီး ဇော်ထက်မျက်နှာဖုံးတပ်ကာ အနားကပ်လာသည်။ ငုံ့ထားသော တိမ်လွှာ့မြင်ကွင်းထဲ ဇော်ထက်စီးထားသည့် ရှူးဖိနပ်တစ်စုံ ဝင်လာ၏။ ဇော်ထက်ကတော့ တိမ်လွှာ့မေးဖျားနှင့် ခေါင်းကိုချုပ်ကိုင်ကာ အတင်းဆွဲမော့ပြီး သူနှင့်မျက်နှာချင်းဆိုင်စေသည်။ တိမ်လွှာလည်း မျက်နှာချင်းမဆိုင်ဖြစ်အောင် တောင့်ခံထား၏။

သို့သော် အားချင်းမမျှ၍ ဆက်ပြီးတောင့်မခံနိုင်တော့ဘဲ မျက်နှာမော့လိုက်ရသည်။ ခေါင်းမော့လိုက်ရသော်လည်း မျက်စိကို စုံမှိတ်ထားလိုက်သည်။ ဇော်ထက်က အားသုံးကာ ချုပ်ကိုင်ထားသည့် အပြင် မျက်ခွံများကိုပါ ဆွဲလှန်ပစ်ဖို့ ကြိုးစားလာသည်။ ထိုအဆင့်ထိတော့ တိမ်လွှာအဖြစ်မခံနိုင်. . ။ မျက်လုံးစုံမှိတ်ထားပြီး ကြိုးပြေသွားအောင် ကြိုးစားနေရသည်။

"မင်းလေး ငါ့မျက်နှာကို ကြည့်လိုက်စမ်းပါ"

"မကြည့်ဘူး. . မကြည့်ဘူး. ."

ကြိုးတုပ်ခံထားရသည့် မိန်းမသားတစ်ယောက်အား. . . ယောကျ်ားသားတစ်ယောက်က အနိုင်ကျင့်နေတာ တကယ့်ကို မြင်မကောင်းရှုမကောင်း အဖြစ်ပင်ဖြစ်သည်။ တိမ်လွှာ အရေးနိမ့်ကာ. . လက်လျှော့ရတော့မလို ဖြစ်နေချိန်တွင် တဒုန်းဒုန်းအသံကို အဆက်မပြတ် ကြားလိုက်ရတော့သည်။

"ဒုန်း!. . ဒုန်း!. . ဒုန်း!. . ဒုန်း!. ."

"ဟင်!. . ဖူ. . ဖူဇန်. . လာပြီ"

ထိုအသံကြောင့် ဇော်ထက် အလန့်တကြားဖြစ်ပြီး တိမ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



အား လွတ်လိုက်သည်။ သူ့ပုံစံက အရူးတစ်ယောက်လို ဖြစ်နေ၏။ တံခါးခေါက်သံ ပိုကျယ်လာလေ ဇော်ထက် တမူးရူးထိုး ဖြစ်လာလေ ဖြစ်သည်။

ထိုအချိန်၌ တိမ်လွှာလည်း လက်နှစ်ဖက်ကို မူးတွဲချည်ထား သည့်ကြိုးကို ဖြည်လိုက်နိုင်သည်။ ဇော်ထက် မီးခံသေတ္တာထဲဝင်ဖို့ ကြိုးစားနေချိန်တွင် တိမ်လွှာ တံခါးဆီသို့ ထွက်ပြေး၏။

ဒါကိုမြင်သွားသည့် ဇော်ထက်က မီးခံသေတ္တာထဲ မဝင် တော့ဘဲ တိမ်လွှာကို ပြန်ဖမ်းဖို့ ပြေးလာ၏။ ဖြစ်ချင်တော့ ဇော်ထက် သူလွှင့်ပစ်ထားသော အရက်ပုလင်းခွံကို တက်နင်းမိပြီး . . ချော်လဲ တော့သည်။

"အွတ်!. . ဘုန်း!. . "

တိမ်လွှာ ဒါကိုအခွင့်ကောင်းယူကာ တံခါးဆီပြေးရင်းမှ အပြင်ဘက်တွင် သေနေပြီဆိုသော ဇူဇန်ကျော်ဆိုသည့် သရဲမရှိနေ မှန်း သတိရပြီး ခြေလှမ်းတွေ တန့်သွားရသည်။

ဌ ဌ ဌ ဌ



တစ်ကိုယ်လုံးမိုးရေတွေစိုရွှဲနေသည့် မိန်းမတစ်ယောက် မြရိပ်ဝါကွန်ဒိုထဲ ဝင်ဝင်သွားသည်ကို လုံခြုံရေးတာဝန်ကျ ဦးတင်ဌွေ မြင်နေတာ အချိန်အတော်ကြာပြီ ဖြစ်သည်။ မကြာခဏ ဆိုသလို ထိုပုံစံနှင့်လာတတ်သည်မို့ သတိထားမိခဲ့ခြင်းလည်း ဖြစ်သည်။

ရောက်လာတိုင်းလည်း ညဆယ့်နှစ်နာရီ ထိုးခါနီးအချိန် ဖြစ်နေ၍ မှတ်မှတ်သားသား ဖြစ်နေခဲ့၏။ သူ မေးမြန်းဖို့အလိုက်တွင် ထိုအမျိုးသမီးက ပျောက်သွားတတ်၏။

ဒီညတော့ ထိုမိန်းကလေးဘယ်သူဆိုတာ သူသိအောင်လုပ် မည်ဟုဆုံးဖြတ်ကာ ပြေးလိုက်သွားသည်။ သို့သော် ဓာတ်လှေကား က တက်သွားလေပြီ။ ဦးတင်ဌွေ စောင့်မနေဘဲ ရိုးရိုးလှေခါးမှ ပြေး တက်လာခဲ့သည်။

ခုနစ်လွှာရောက်သည်နှင့် ခါးကြားမှ ရာဘာလက်ဆိုင်တုတ် ကို ဆွဲထုတ်ကာ အသင့်ကိုင်ရင်း ခုနစ်လွှာစင်္ကြံသို့ လျှောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့ရှေ့ခပ်လှမ်းလှမ်း၌ စောစောကအမျိုးသမီးကို တွေ့နေရပြီ။ သာမန်လူတို့ ခြေလှမ်းနှင့်မတူသော ခြေလှမ်းပုံစံဖြင့် လျှောက်လှမ်းနေတာဖြစ်၏။ ဦးတင်ငွေ အခန်းတံခါးတစ်ခုကို ကျောမှီကာ အသာစောင့် ကြည့်နေလိုက်၏။ ထိုမိန်းကလေးက အခန်းနံပါတ် (၇၁၂)ရှေ့တွင်ရပ်ပြီး. . တံခါးကို ထုနှက်လေတော့သည်။

ထိုအချိန်တွင် ဆယ့်နှစ်နာရီ ထိုးသွား၏။ ဦးတင်ငွေ ကြည့်နေစဉ်မှာပင် တံခါးကို ထုနှက်နေသော အမျိုးသမီး ဖြတ်ခနဲ ပျောက်သွား၏။ ဦးတင်ငွေ အံ့အားတသင့် ဖြစ်သွားသည်။ ထိုအမျိုးသမီး လူမဟုတ်မှန်း သိလိုက်၍. . အခန်း(၇၁၂)မှ ဓါတ်ပုံဆရာအတွက် စိုးရိမ်သွားမိသည်။

စင်္ကြံလမ်း၌ ထိုသို့ဖြစ်ပျက်နေစဉ် အခန်းထဲမှ တိမ်လွှာမှာလည်း ဒုက္ခပေါင်းစုံနှင့် ဘေးကျပ်နံကျပ် ဖြစ်နေလေ၏။

အပြင်မှာက တကယ့်သရဲ၊ အထဲမှာက ရာဂသရဲနှင့် ပက်ပင်းဆုံနေရသည့် တိမ်လွှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် လက်နက်တစ်ခုခုအား အသည်းအသန် ရှာဖွေရတော့သည်။ ပြူးပြဲနေအောင် ရှာလိုက်ရာ စားပွဲပေါ်မှ ဓားတစ်လက်ကို တွေ့သွားသည်။

ထိုဓားကို ဆုပ်ကိုင်ပြီး နံရံအားကျောပေးလျက် ဇော်ထက်ကိုရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်သည်။ ဇော်ထက်လည်း လဲနေရာမှထပြီး ဒယိမ်းဒယိုင်နှင့် တိမ်လွှာ့ထံ လျှောက်လာသည်။

တိမ်လွှာ အရဲစွန့်ပြီး အခန်းအပြင်သို့ ပြေးထွက်လိုက်၏။

သရဲမ ဇူဇန်ကျော်ကိုမတွေ့ရ၍ အနည်းငယ်စိတ်သက်သာသွားရ၏။





"ရှင်. . ရှင်. . ရှေ့တိုးမလာနဲ့နော် ကျွန်မ တကယ်ထိုးသိုင်းမှာ"

ခြိမ်းခြောက်သလို ပြောလိုက်သော်လည်း ဇော်ထက်ခြေလှမ်းများက ရပ်မသွား၊ တိုးမြဲတိုးလာလျက်ရှိသည်။ သူမအခန်းဆီ ပြေးဖို့ ကြိုးစားလိုက်သည်။ သို့သော် သူမအခန်းတံခါးရှေ့တွင် ဇူဇန်ကျော်က ရောက်နှင့်နေလေပြီ။

"ဟင်!. ."

ထိုစဉ် ဇော်ထက်အခန်းထဲမှ ထွက်လာသောကြောင့် တိမ်လွှာ့အတွက် ပြေးပေါက်မရှိတော့. . ။ အရက်တွေမူးနေသည့် ဇော်ထက် သိုင်းကွက်နင်းကာ လျှောက်လာရင်း. .

"ကောင်းတယ် အဲဒါအကောင်းဆုံးပဲ၊ မင်း ငါ့ကို ဓားနဲ့ထိုးမှာမဟုတ်လား၊ အဲဒါ အကောင်းဆုံးပဲ၊ ဇူဇန်ကြောင့် ငါအရမ်းခံစားနေရတယ်၊ သတ်. . သတ်ပါ. . ငါ့ကိုသတ်လိုက်ပါ၊ အဲဒါမှ ဒုက္ခအားလုံး ငြိမ်းသွားမှာ"

ဇော်ထက်က စကားတွေအဆက်မပြတ်ပြောရင်း ဆက်လက်တိုးဝင်လာသည်။ ဇော်ထက်ပုံစံက သရဲမဇူဇန်ကျော်ကို မြင်တွေ့ပုံမရ။ သိပ်ကိုနီးကပ်လွန်းနေပြီမို့ တိမ်လွှာ ရှောင်ထွက်လို့မရတော့။

"သတ်လေ. . ငါ့ကို သတ်လိုက်စမ်းပါ"

တတွတ်တွတ်ပြောရင်း ရင်ကော့ဝင်လာသော ဇော်ထက်အား ဘယ်လိုတားရမှန်း မသိတော့။ တိမ်လွှာခေါင်းကိုသာ တွင်တွင်ခါနေမိသည်။ တကယ်ရင်ဆိုင်လာရတော့ တိမ်လွှာ ကြောင့်ထိုးမိုးဖေးစွ လက်ထဲမှဓားလွတ်ကျမသွားအောင်ပင် အတော်ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မူးရူးပြီး လူစိတ်ပျောက်နေပြီဖြစ်သည့် ဇော်ထက်က တိမ်လွှာ ဘာမှမလုပ်ရဲဘူးဆိုတာ သိသွားသဖြင့် အချိုသပ်ရန် ဓားကိုင်လက်အစုံကို အုပ်မိုးပြီးဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ဓားကိုအတင်းဆွဲယူတော့၏။

ထိုသို့ ဇော်ထက် ဓားကိုအားစိုက်လုလိုက်စဉ်. . တိမ်လွှာ၏ လက်နှစ်ဖက်အား နောက်မှတစ်စုံတစ်ယောက်က ဆောင့်တွန်းပေးလိုက်သဖြင့် ဓားသွားက အားဖြင့်ဆွဲယူလိုက်သော ဇော်ထက်နှလုံးသားသို့ အလိုက်သင့်တိုးဝင်သွားလေတော့သည်။

"ဗွပ်!. . အင့်!. . "

"အမလေး!. . "

တိမ်လွှာ ဓားကိုလွှတ်လိုက်သော်လည်း ဓားက ဇော်ထက် ရင်ဝတွင် စိုက်ဝင်လျှက်. . .

လဲကျသွားသော ဇော်ထက်၏ ဓားဒဏ်ရာမှ သွေးတွေ အဆက်မပြတ် စီးကျလို့နေသည်။ ဇော်ထက် တစ်ချက်နှစ်ချက် အကြောဆွဲပြီး ဇက်လည်ကာ လုံးဝငြိမ်သက်သွားတော့သည်။ ထိုအခါမှ စကြီလမ်းအတိုင်း ဦးတင်ငွေ အပြေးအလွှားမြေးလာပြီး. . .

"ဘယ်. . ဘယ်လိုတွေ ဖြစ်ကြတာလဲ တိမ်လွှာရယ်"

"ဦး. . ဦး. . သမီး. . သမီး မသတ်ဘူးနော်၊ သမီးလက်ကို ဆွဲပြီး သူဟာသူ ထိုးလိုက်တာ"

"အေး. . အေးပါ. . အဲဒါ. . ဦး မြင်ပါတယ်"

ဦးတင်ငွေက ဇော်ထက်အနားဒူးထောက်ထိုင်ကာ လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်သည်။




"သေသွားပြီထင်တယ်"

ဇော်ထက်၏အလောင်းကို သူတို့အတူ ဘေးမှငုံ့ကြည့်ရင်း ကျေနပ်နေသော ဖူဇန်ကျော်ကိုတော့ သူတို့နှစ်ယောက်လုံး မမြင်ကြပေ။

ဒီလိုနှင့် လူသေမှုဖြစ်၍ ရဲများရောက်လာကာ အလောင်းကိုစစ်ဆေးကြ၏။ ဓားမှာ တိမ်လွှာ့လက်ဗွေရာရှိနေ၍ ဖြစ်စဉ်ကိုရှင်းပြနေရသည်။ မျက်မြင်သက်သေအဖြစ် ဦးတင်ငွေကလည်း ကူညီထွက်ဆိုပေးသဖြင့် တိမ်လွှာ သက်သာရာရသွားသည်။

နောက်ဆုံးတော့. . ဇော်ထက် သူ့ကိုယ်သူ သတ်သေသွားသည်ဟု မှတ်ချက်ချကာ အမှုပိတ်လိုက်တော့သည်။

www.burmeseclassic.com







# အခန်း (၁၃)

ဓါစခန်းကိစ္စများ လိုက်ရှင်းပြီးနောက် တိမ်လွှာ စိတ်ပန်းလူပန်း ဖြစ်နေသည်။ ဒီနေ့တော့ တိမ်လွှာ နှစ်ခြိုက်စွာ အိပ်မောကျသွား၏။ ကြုံတွေ့ခဲ့သည့် ထိတ်လန့်စရာဖြစ်ရပ်တွေက အိပ်မက်ထဲအထိပါ လွှမ်းမိုးလို့နေသည်။ ချောက်ထဲလိမ့်ကျသွားသလိုလို.. တောင်ပေါ်မှ ပြုတ်ကျသွားသလိုလို.. ရင်တလှပ်လှပ် အိပ်မက်ဆိုးတွေ ဆက်တိုက်မက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ထဲတွင် ဇူဇန်ကျော် ရောက်လာ၏။ သူက ရန်လိုသည့်ပုံမျိုးမဟုတ်၊ တောင်းပန်တိုးလျှိုးကာ အကူအညီတောင်းသည့် အနေအထားမျိုးနှင့် တွေ့ရသည်။

သူမအလောင်းကို မြရိပ်ဝါကွန်ဒို ဥယျာဉ်ထဲတွင် မြှုပ်ထားကြောင်း၊ အိမ်ကိုအကြောင်းကြား၍ ကောင်းမွန်စွာ သဂြိုဟ်ပြီး အမျှအတန်းဝေပေးဖို့ကို တောင်းဆိုသည်။ တိမ်လွှာက ဇူဇန့်အိမ် ဘယ်မှာရှိမှန်းမသိ၍ ဘယ်လိုလုပ် အကြောင်းကြားပေးရမလဲဟုပင် ပြန်မေးမိသေးသည်။ ဇူဇန်က ဘာမှမပြောတော့ဘဲ အခန်းနံရံပေါ် ဖုန်းနံပါတ်ရေးပေးပြီး ပြန်ထွက်သွားသည်။

မျက်စိထဲ အလင်းရောင်ဖင်ပြီး လှုပ်ရှားသံများကြားရမှ တိမ်လွှာအိပ်ရာက နိုးတော့၏။

တိမ်လွှာလည်း ဒီအခန်းထဲ သိပ်ကြာကြာမနေလိုသည့်အတွက် ရေမိုးချိုး ကိုယ်လက်သန့်စင်ကာ သင်တန်းသွားဖို့ အဝတ်အစားလဲတော့သည်။ ခပ်သွက်သွက်အလှပြင်ပြီး မှန်ကြည့်သည့်အခါမှ နံရံတွင်ရေးထားသော ဂဏန်းများကိုတွေ့မိသည်။

ညကအိပ်မက်ကို သတိရသွားကာ တိမ်လွှာအထိတ်တလန့်ဖြစ်ရပြန်သည်။

ဒီဂဏန်းခြောက်လုံးက ကြိုးဖုန်းနံပါတ်ဖြစ်နိုင်ပြီး ဇူဇန့်ရေးသွားတာပဲ ဖြစ်လိမ့်မည်။ အသေအချာကြည့်မိသည်တွင် ထိုဂဏန်းများအား သွေးနှင့်ရေးထားကြောင်း သတိပြုမိ၏။

ဝိညာဉ်က အိပ်မက်ပေးပြီး ဖုန်းနံပါတ်ရေးပေးကာ အိမ်ထိုအကြောင်းကြားပေးရန် အကူအညီတောင်းလာတာကို ဥပက္ခာမပြုနိုင်သဖြင့် ရေးမှတ်ပြီး ကမန်းကတန်းပင် အခန်းထဲမှထွက်ခဲ့တော့





သည်။ သင်တန်းရောက်မှ ထိုဖုန်းကိုဆက်ကာ လှမ်းပြောရသည်။

"ဟလို. . ."

တစ်ဖက်မှ ဖုန်းကိုင်သူက ဇူဇန့်အမေ ဖြစ်နေသည်။ အကျိုးအကြောင်းရှင်းပြကာ ဇူဇန်ပျောက်နေတာ မဟုတ်ကြောင်း၊ ဇူဇန်သေပြီဖြစ်ကြောင်း၊ သူမအလောင်းကို မြရိပ်ဝါကွန်ဒိုက ပန်းခြံထဲမှာ အမြှုပ်ခံထားရကြောင်း ပြောပြလိုက်သည်။ ရဲကို အကြောင်းကြားပြီး ကောင်းစွာသဂြိုဟ်ပေးရန်လည်း အမှာခြွေနေရသေးသည်။

ဝိညာဉ်တွေကို မေတ္တာပို့ခြင်း၊ ကူညီခြင်းတွေ လုပ်ဆောင်ပြီးမှပဲ စိတ်အေးသွား၏။

စံပယ်နှင့်တွေ့၍ သူ့ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ တပူအေးသွားပြီမို့ ကောင်းမြတ်အတွက်လည်း စိုးရိမ်မိကြောင်း စံပယ့်ကိုပြောလိုက်၏။ စံပယ်က သူအကူအညီပေးမည်ဟု ဆိုလာသည်။

သို့နှင့် ကောင်းမြတ်ကို ဖုန်းဆက်လှမ်းခေါ်ကာ စံပယ်တို့ကိုးကွယ်သည့် ဆရာတော့်ကျောင်းသို့ ဦးစွာထွက်လာခဲ့ကြသည်။ ဒကာရင်း. . ဆရာရင်းဖြစ်နေသည့် စံပယ်၏ အကျိုးအကြောင်းလျှောက်ထားမှုကြောင့် ကောင်းမြတ်၏ဒုက္ခကို ဆရာတော်သိသွား၏။ ဘာမှပူမနေပါနဲ့ဟု အားပေးကာ ငါးပါးသီလခံ ယူစေသည်။

ပြီးနောက် အကျီချွတ်ခိုင်းကာ ကြေးစုတ်နှင့် စမ၊ အင်းကွက်ထိုးပေးသည်။ နာလိုက်မည့်ဖြစ်ခြင်း၊ ခေတ်ပေါ် တက်တူးထိုးသလိုမျိုး အပ်သေးသေးနှင့် မဟုတ်၍ လိမ့်နေအောင်ခံရသည်။

ရည်းစားနှင့် သူငယ်ချင်းရှေ့မှောက်မှာ သိက္ခာမကျအောင် ကောင်းမြတ် အံကြိတ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာပေါ် ကွမ်းရွက်အုပ်ပြီး မန်းမှုတ်ပေးလိုက်ရာ အနည်းငယ် သက်သာသလိုရှိသွားသည်။ တစ်ဆက်တည်းမှာပင် ညာလက်မောင်း၌ အဆောင်လက်ဖွဲ့တစ်ခု ချည်နှောင်ပေးပြီး အစီအရင်ကို လက်စသတ်သည်။

"ကိုင်း. . ဘယ်သရဲ ဘယ်တစ္ဆေ ဘယ်နာနာဘာဝမှ ကပ်လို့မရတော့ဘူး ဟုတ်ပြီလား"

ထိုအချိန်မှစ၍. . ကောင်းမြတ် တစ်ချိန်လုံး ချွတ်မရဖြစ်ခဲ့သော လက်စွပ်လေးမှာ အလွယ်တကူ ချွတ်လို့ရသွားသလို ဇက်ပိုးမှ နာကျင်ကိုက်ခဲနေမှုတွေလည်း ချက်ချင်းပျောက်သွားလေသည်။

စံပယ်က လိုရမယ်ရ ကောင်းမြတ်လက်စွပ်လေးအား လှမ်းတောင်းရင်း. . .

"ပေး. . ပေး. . အဲဒီလက်စွပ်ကို ငါသိမ်းပေးထားမယ်၊ ဒီလက်စွပ်ကြောင့်လည်း နင့်ကိုဟိုက ကပ်ခွစီးလို့ ရနေတာ"

အပြန်တွင် ကောင်းမြတ်ကို တိမ်လွှာ့အိမ်ကို မမောင်းခိုင်းတော့ဘဲ စံပယ့်အိမ်ကိုသာ ပို့ခိုင်းလိုက်သည်။

၅ ၅ ၅ ၅



ဝိညာဉ်ခေါ်ကာ မေးမြန်းသူတွေကုန်အောင် တိမ်လွှာ ထိုင်စောင့်နေရသည်။ ဒီတစ်ခါတော့ တိမ်လွှာက မေးမြန်းသူတွေအနားတွင် ရောက်နေ၏။ စံပယ်လုပ်နေသမျှကို တိမ်လွှာ မျက်တောင်မခတ် လိုက်ကြည့်နေသည်။

"ကဲ. . တွေ့ချင်တဲ့ ကွယ်လွန်သူရဲ့နာမည်၊ အသက်နဲ့ သူ့အသုံးအဆောင် တစ်ခုခုပေး အာရုံပြုကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာမလေး၊ နာမည်က ကျော်စိုး၊ အသက်က လေးဆယ်၊ ဆုံးသွားတာ တစ်လရှိပါပြီ၊ ဒါ သူသုံးခဲ့တဲ့ ရှူးဖိနပ်ပါ"

စံပယ်က ကျော်စိုးဆိုသည့်နာမည်ကို တဖွဖွရွတ်ရင်း မျက်နှာသုတ်ပဝါကို လက်နှစ်ဖက်နှင့်အုပ်ကိုင်ကာ မျက်စိစုံမှိတ်၍ အာရုံပြုနေသည်။ တိမ်လွှာလည်း စံပယ် ဘယ်လိုပဲပြောမလဲဆိုတာ စိတ်ဝင်စား၍ အသေအချာ စောင့်ကြည့်နေမိ၏။

တိမ်လွှာကြည့်နေခိုက်မှာပင် စံပယ့်တစ်ကိုယ်လုံး ဆတ်ခနဲ

www.burmeseclassic.com



တုန်သွားတာ သတိပြုမိ၏။ ထို့နောက်တွင် စံပယ် မျက်ဖြူဆိုက်ပြီး နောက်သို့ ခေါင်းလန်ကျသွားသည်။

တစ်ဆက်တည်းမှာပင် ဇက်ကျိုးနေသလိုမျိုး ဘယ်ဘက်သို့ တစ်ခါ၊ ညာဘက်သို့တစ်ခါ ဇက်လည်ကျလာသည်။ ပခုံးမြောက်တက်မလာဘဲ ပါးက ပခုံးနှင့် ကပ်သွားသည်။ တိမ်လွှာ့နားထဲ အရိုးအဆစ်တွေ တဗျစ်ဗျစ်မြည်သံပါ ကြားမိသလိုရှိ၏။

ပါးစပ်ကလည်း တဟီးဟီး၊ တဟင်းဟင်းနှင့် မာန်ဖီသံတွေ ထွက်ပေါ်လာသည်။ သေသူ ကျော်စိုး၏ဝိညာဉ် ဝင်လာနေပြီလား မပြောတတ်. . .။

"ငါ မကျေနပ်ဘူးဟေ့. . နော်. . မကျေနပ်ဘူး"

ရုတ်တရက် အသံနက်ကြီးနှင့် ထအော်လိုက်သဖြင့် အခန်းထဲမှလူအားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ငါ့ကို ငါ့ချစ်သူနားမကပ်နိုင်အောင် လုပ်တဲ့သူတွေကို. . မကျေနပ်ဘူး"

တိမ်လွှာ မရေမရာတွေးနေစဉ်မှာပင် စံပယ့်အမေ ပြေးဝင်လာကာ. . .

"အနှောင့်အယှက်ဝင်နေပြီ၊ ဒါ ဝိညာဉ်နဲ့ အာရုံခံဆက်သွယ်နေတာ မဟုတ်ဘူး၊ သရဲဝင်ပူးနေတာ"

စံပယ့်မိခင်ရှင်းပြမှ တိမ်လွှာရော၊ လာမေးသူတွေပါ အထိတ်တလန့် ဖြစ်သွားကြ၏။

"နင်ဘယ်သူလဲ၊ ဘာလိုချင်လို့ ဝင်ပူးရတာလဲ"

စံပယ့်မိခင်က ဓလေ့သံမာမာနှင့် မေးလိုက်သည်။ သရဲဝင်ပူးခံနေရသည့် စံပယ်ကလည်း လေသံတင်းတင်း၊ အမူအရာ ကြမ်း





ကြမ်းနှင့် ပြန်ဖြေလေသည်။

"ငါ ခင်ရှုပါပဲ၊ ငါ့ရည်းစားကို ဝင်လုတဲ့ ဟိုကောင်မနဲ့ နင့်သမီးကို ငါလုံးဝမကျေနပ်လို့ ဝင်ပူးပြီးပြောတာဟဲ့"

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလာသဖြင့် တိမ်လွှာ အထိတ်တလန့် ဖြစ်သွားသည်။ ဝင်ပူးသည့်ဝိညာဉ်က ခင်ရှုပါဟုပြောလာသဖြင့် ပိုပြီးကြောက်လန့်သွားရသလို စံပယ့်အတွက်လည်း စိုးရိမ်သွားမိသည်။

"နင်က ဘဝခြားသွားပြီလေ၊ ဘာကိစ္စ လိုက်နှောင့်ယှက်နေတာလဲ"

"ငါ မကျေနပ်ဘူး၊ သူတို့ကို သတ်မယ်"

"အဲဒီလို ကြမ်းလာမယ်ဆိုရင် ငါမညှာဘူးနော်၊ နင့်ဟာနင် ထွက်သွားမလား ငါနှင်ထုတ်ရမလား"

စံပယ့်ကို ပူးဝင်နေသော ခင်ရှုပါက စံပယ်မိခင်အား မျက်ထောင့်နီကြီးနှင့် မကျေမနပ် ကြည့်လိုက်ရင်း. .

"နင်စွမ်းရင် လုပ်လိုက်လေ"

စိန်ခေါ်မှုက ပြင်းထန်လာသဖြင့်. . တိမ်လွှာ ကြည့်နေရင်းအူတုန်အသည်းတုန် ဖြစ်လာတော့သည်။ စံပယ့်အမေလည်း မတတ်သာတော့ဟန်နှင့် ဘိုးတော်ရုပ်ထု၊ နတ်ရုပ်ထုများ တင်ထားသည့် စင်ပေါ်မှ ကြေးလင်ပန်းတစ်ချပ်နှင့် ပုလင်းတစ်လုံးကို ယူလာ၏။

တစ်ကိုယ်လုံး ဖိမ်းထိုးကာ သောင်းကျန်းနေသော စံပယ်အား ပုလင်းထဲမှရေနှင့် ဖြန်းပက်လိုက်သည်။ ရေစက်များ စင်သွား၍ စံပယ် တွန့်တွန့်လူးကာ ငယ်သံပါအောင် အော်တော့၏။ စံပယ့်မိခင်က မညှာဘဲ ကြေးလင်ပန်းအား လက်ခတ်အသေးလေးနှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြုတ် တီးခတ်လိုက်သည်။

"တောင်! . . တောင်! . . တောင်! . . တောင်! . ."

ထိုအသံကို စံပယ် အံကြိတ်၍ခံသည်။ အချိန်ကြာလာသည်နှင့်အမျှ ခံနိုင်စွမ်းအား ကျဆင်းလာဟန်နှင့် နားနှစ်ဖက်ကိုပိတ်ပြီး ဝူးဝူးဝါးဝါး အော်ဟစ်နေရှာသည်။

အသည်းထိတ်စရာ သရဲရှင်ပြင်ကွင်းကို ကြည့်ရင်း တိမ်လွှာ အကြောက်လွန်ကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေလေ၏။ မေးမြန်းဖို့လာသူတွေလည်း ပြေးဖို့ပြင်သူက ပြင်ကုန်ကြသည်။

မခံစားနိုင်တော့သည့်အဆုံး ထိုင်နေရင်းမှ စံပယ်ခုန်လိုက်ရာ မျက်နှာကျက်အထိ မြောက်တက်သွားပြီး ဖုန်းခနဲပြုတ်ကျလေတော့၏။

"ဟာ! . . ဟင်! . . အို! . ."

စံပယ်လည်း ကြမ်းပြင်တွင် ခွေခွေလေး လဲသွားရှာသည်။ စံပယ့်အမေက စံပယ့်အား ပွေ့ထူရင်း ပုလင်းထဲမှရေနှင့် မျက်နှာကို တောက်ဖျန်းပြီး သုံးကြိမ်သပ်ချလိုက်၏။

ဟင်းခနဲ အသံနက်ကြီးနှင့်အတူ စံပယ်ပျော့ခွေသွားသည်။ ထိုအခါမှ တိမ်လွှာလည်း အနားသို့ကပ်ရဲတော့သည်။ စံပယ့်မိခင်က အခြေအနေကို သေချာအကဲခတ်ပြီးမှ . . .

"အင်း . . ဝင်ပူးတဲ့ဝိညာဉ်တော့ ထွက်သွားပြီ"

ခင်ရူပါ ထွက်သွားပြီမို့ စံပယ်လည်း လူးလွန့်ပြီး သတိပြန်ရလာ၏။ စံပယ် သူ့အမေနှင့် အခြားလူများကို ကြောင်တောင်တောင် လိုက်ကြည့်နေသည်။ စံပယ်ခေါင်းယမ်းပြသဖြင့် သူ့မိခင်က မေးမြန်းဖို့စောင့်နေသည့် ဧည့်သည်များဘက်လှည့်၍ . . .





"အားနာပါတယ်ရှင်၊ ဒီနေ့တော့ သမီးလေး လုပ်နိုင်တော့မှာမဟုတ်ပါဘူး"

ဧည့်သည်များလည်း အလိုက်တသိ ထပြန်သွားကြ၏။ လူရှင်းသွားမှ စံပယ်က . . .

"ဘာဖြစ်တာလဲအမေ ဘယ်သူဝင်လာတာလဲ"

"ခင်ရူပါတဲ့ သမီး၊ တော်တော်ကြမ်းတာပဲ"

စံပယ်က တိမ်လွှာဘက်လှည့်ကာ . .

"ခင်ရူပါ ကောင်းမြတ်ကို ကပ်လို့မရတာတော့ သေချာသွားပြီ၊ ဒါကြောင့် တို့ဘက်ကိုလှည့်လာတာ . ."

"သူ အခဲမကျေ ဖြစ်နေတာတော့ အမှန်ပဲ၊ သမီးတို့ သတိထားဖို့တော့ လိုလိမ့်မယ်"

စံပယ့်အမေက တိမ်လွှာတို့အား သတိဝီရိယ ရှိကြဖို့ သတိပေး မှာကြားသည်။ ထိုညက တိမ်လွှာ အိမ်မပြန်ဖြစ်ပဲ စံပယ့် အိမ်တွင်သာ အိပ်ခဲ့ရလေတော့၏။ နောက်နေ့ မနက်စောစောမှ တိမ်လွှာပြန်ခဲ့သည်။

ကွန်ဒိုပြန်ရောက်တော့ ကွန်ဒိုဥယျာဉ်ထဲတွင် ရဲများပြည့်နှက်နေ၏။ သူ့ကိစ္စက ပြီးနေပြီမို့ အပေါ်တက်ဖို့သာ တာဆူနေသော တိမ်လွှာ့အနား ဦးတင်ငွေရောက်လာပြီး . . .

"ပန်းခြံထဲမှာ ရဲတွေ ဇူဇန်ကျော်ရဲ့အလောင်းကို ရှာတွေ့သွားပြီတဲ့ . . သမီး"

တိမ်လွှာ ကြိတ်ပြီးပျော်သွား၏။ အခန်းထဲရောက်သည်နှင့် ဇူဇန်ရေးသွားသော ဖုန်းနံပါတ်ကိုဖျက်ဖို့ အဝတ်စုတ် ရှာသွားရင်း အိပ်ခန်းထဲဝင်လာခဲ့သည်။



www.burmeseclassic.com

"ဟင်! . ."

မြောင်တလင်းခါနေသည့် နံရံကိုကြည့်ပြီး တိမ်လွှာ တအံ့တသြ ဖြစ်သွားရသည်။ မလုံမလဲနှင့် အခန်းထဲ လှည့်ပတ်ကြည့်မိသေး၏။ နောက်မှ . . သူ့ဆန္ဒကို ဖြည့်ဆည်းပေးလိုက်၍ မှုဖန်ကျော်ကျေနပ်သွားပြီဟု တွေးမိပြီး စိတ်သက်သာရာ ရသွားခဲ့တော့သည်။









# အခန်း(၁၄)

ညနေစောင်း စံပယ်လာခေါ်၍ တိမ်လွှာ လိုက်ခဲ့ရပြန်သည်။ စံပယ် ကားကိုကိုယ်တိုင်မောင်းလာကာ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ကိုက်ထား၏။

"စံပယ် ဘာတွေဖြစ်နေတာလဲ၊ ဘယ်သူ့ကို မကျေမနပ်ဖြစ်နေတာလဲ"

"နင်ပြန်သွားပြီး ဟိုကောင်မ အိမ်မှာထပ်သေးသေးကျွန်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကောင်းမြတ်ရဲ့လက်စွပ်က ငါ့ပိုက်ဆံအိတ်ထဲမှာ ရောက်နေတော့ သူက ငါ့အိမ်ကို ဝင်ချင်သလို ဝင်လို့ရနေတာပေါ့၊ နေ့ခင်းက အိပ်နေတုန်း ခင်ရှုပ်ငါ့ကိုလည်ပင်းလာညှစ်တယ်လေ"

စံပယ်မှာ ပြောရင်း ဒေါသတွေအလိပ်လိုက် ထွက်နေ၏။

"ဒီကောင်မကို အမှန့်ချေမှ ရတော့မယ် တိမ်လွှာ"

"အခု ဘယ်သွားနေတာလဲ စံပယ်"

"ရေဝေးကို. ."

စံပယ့်အပြောကြောင့် တိမ်လွှာ ထူးပြီးထိတ်လန့်မနေတော့၊ ဒီကိစ္စတွေအားလုံး ကောင်းမြတ်အားတွေ့တွေ့ချင်း မနေနိုင်မထိုင်နိုင် ကြိုက်ခဲ့မိသည့် သူ့အပြစ်သာလျှင်ဖြစ်သည်။

အသက်ကို အပေါင်ထားကာ လူတစ်ယောက်ကို ချစ်ကြိုက်မိခဲ့ခြင်းအတွက် နောင်တတွေလည်း ရနေပြီ။

ကားပေါ်မှာ သူတို့ လုံးဝစကားမပြောဖြစ်ကြ။ နာရီဝက်လောက်မောင်းလာခဲ့ရာ နေလုံးပျောက်သည်တွင် ရေဝေးသို့ရောက်လာ၏။ ကျန်ရှိသည့် အလင်းရောင်နှင့် လုပ်စရာရှိတာ တက်သုတ်ရိုက်လုပ်ဖို့ ဂူတွေကြားထဲလျှောက်လာရင်း ခင်ရှုပ့်အုတ်ဂူကို ရှာကြသည်။ ရေဝေး၌ ခင်ရှုပ်အုတ်ဂူ ရှိသည်ကို သူမမိဘဆီက စံပယ်သိထားခြင်းဖြစ်သည်။

ကြွေပြားတွင် ထွင်းထုထားသောစာအရ ခင်ရှုပ်၏ဂူဖြစ်တာ သေချာပြီမို့ စံပယ်ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်တော့သည်။

"စံပယ် နင် ဘာတွေလုပ်မှာလဲဟင်"

"နတ်မင်းကြီးလေးပါး အမိန်နဲ့ သူ့ကို နှင်ထုတ်မလို့၊ တစ်ခုခု ဖြစ်လာရင် ငါ့ကို ဒီထဲကရေမန်းနဲ့ ခေါင်းပေါ်က လောင်းချလိုက်"





စံပယ်က ပရိတ်ရေပုလင်း လှမ်းပေးတော့ တိမ်လွှာ စိတ်အားငယ်သွားရသည်။ စံပယ်က သချိုင်းထဲ လုပ်စရာရှိတာတွေ သုပ်နေလေပြီ။

ဆေးဖယောင်းတိုင်တစ်တိုင့် မီးညှိကာ ဂါထာများရေးထားသည့် စာရွက်လေးရွက်အား မီးရှို့လိုက်သည်။ နှုတ်မှ တီးတိုးရွတ်ဆိုရင်း ဂူကို သုံးပတ်,ပတ်သည်။

တိမ်လွှာ မျက်နှာငယ်လေးနှင့် စံပယ်လုပ်သမျှ ငေးကြည့်နေရှာသည်။ ဂူကိုပတ်အပြီးတွင် ရွှေချထားသော ကြိမ်လုံးလေးကို ထုတ်ယူလိုက်ပြန်သည်။ ထို့နောက် ဂူကို ကြိမ်လုံးနှင့် တရွှမ်းရွှမ်းရိုက်နေလေတော့၏။

"ဖြန်း!. . ဖြန်း!. ."

ထိုသို့ ရိုက်နေရင်းနှင့် စံပယ့်မျက်လုံးတွေ နီလာသည်။ တစ်ကိုယ်လုံးလည်း ယိမ်းထိုးလှုပ်ရှားလာ၏။ စံပယ် လက်တစ်ဖက် ဘေးသို့ဆန့်တန်းသွားပြီး တစ်ယောက်ယောက်ကလွဲ၍ ဝှေ့ယမ်းလိုက်သလို လွင့်ထွက်သွားတော့၏။

"ဟင်!. ."

ဝန်းကျင်မှာလည်း အမှောင်အားကောင်းစ ပြုလာပြီ။ လေတိုးသံလား၊ လူညည်းသံလား မကွဲပြားသော အသံကိုလည်း ကြားနေရသဖြင့် တိမ်လွှာကျောချမ်းလာ၏။

ထိုအခါမှ စံပယ်မှာထားတာ သတိရပြီး ပရိတ်ရေပုလင်းတံဖွင့်ကာ စံပယ်အား ဖျန်းပက်လိုက်သည်။ ပိုမိုစိတ်ချရအောင် ဝန်းကျင်သို့လည်း ဖျန်းလိုက်၏။ ထိုသို့ဆောင်ရွက်ပြီးမှ စံပယ့်အား တွဲထူရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း အခြေအနေကောင်းရဲ့လား"

"အင်း. . ခါးအတော်နာသွားတယ်၊ ဒီကောင်မက ငါ့ကိုဝင်ပူးပြီးလုပ်တာ တိမ်လွှာ"

"ဘာမှ ဆက်လုပ်မနေပါနဲ့တော့ စံပယ်ရယ်၊ တိမ်လွှာ ဒီမှာမနေရဲတော့ဘူး"

စံပယ်လည်း မဟာန်နိုင်တော့၍လားမသိ၊ တိမ်လွှာပြောတာခေါင်းညိတ်ထောက်ခံသည်။ လုံးလုံးမှောင်မသွားခင် ဒီကထွက်နိုင်ဖို့နှစ်ယောက်သား ခြေလှမ်းမြင်လိုက်ကြ၏။

ထိုစဉ်မှာ ဂူပေါ်မှဖယောင်းတိုင်နှင့် ကြိမ်လုံးကို ချိုးဖွဲ့ကာသူတို့ဆီပစ်ပေါက်တာကို ခံလိုက်ကြရသေးသည်။

သူတို့နှစ်ယောက် ခြေကုန်သုတ်ရင်း ကားဆီသို့အမြန်ပြန်လာရသည်၊ ရေဝေး ပရဂုဏ်ကျော်မှပဲ စိတ်နှလုံး ဒုန်းဒုန်းချနိုင်တော့သည်။ စံပယ်လည်း လမ်းကိုသာကြည့်ကာ ဂရုတစိုက် မောင်းလာခဲ့၏။ ကားသံမှလွဲ၍ တိတ်ဆိတ်နေခိုက် မှန်ကိုလက်နှင့် ခေါက်သလိုမျိုးအသံကို ကြားလိုက်ကြရသည်။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

ကျောမှိုကာ စိတ်အေးလက်အေး နားနေရှာသည့် တိမ်လွှာလည်း ခေါင်းထောင်ထလာသည်။ သူတို့ အသေအချာ နားစွင့်ကြည့်လိုက်၏။

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

ခေါက်သံက ထွက်ပေါ်နေဆဲ. . .

"ခင်. . ခင်ရှုပါ ပါလာတယ်နဲ့တူတယ်"

"ဟုတ်. . ဟုတ်လား စံပယ်"





ဝေဖန်ပိုင်းခြားသုံးသပ်နေခိုက်မှာပင် ရှေ့လေကာမှန်ထက်မှ ခင်ရှုပါ ဇောက်ထိုးကြီး လျှောဆင်းလာရာ ရှေ့မြင်ကွင်းပိတ်သွားသဖြင့်. . စံပယ် စတီးရာရင်ကို ကယောင်ကတမ်းနှင့် ဆွဲလှည့်မိတော့သည်။

ထိုရလဒ်က လမ်းဘေးမှသစ်ပင်ဆီ ကားခေါင်း ဦးတည်သွားခြင်းပင် ဖြစ်တော့၏။

ဝုန်းခနဲ အသံကြီးနှင့်အတူ ကားရပ်သွားသလို စံပယ်နှင့်တိမ်လွှာလည်း ဆောင့်မိသည့်ဒဏ်ရာများနှင့် သတိလစ်သွားကြတော့သည်။

ကားတိုက်ခံရ၍ လှုပ်ခတ်သွားသော သစ်ပင်ထက်မှ အိပ်တန်းတက်ငှက်များလည်း တဝုန်းဝုန်းထပျံကာ ဆောက်တည်ရာမဲ့ဖြစ်သွားကြလေတော့၏။

ၐ ၐ ၐ ၐ



www.burmeseclassic.com

www.burmeseclassic.com



**ဆေး**ရုံကဆင်းတော့ စံပယ် ကိုးဆယ်ရာခိုင်နှုန်းကောင်းသော်လည်း တိမ်လွှာ ခြေသလုံးအရိုးအက်၍ ကျောက်ပတ်တီးစည်းထားရသည်။ တိမ်လွှာ လမ်းမလျှောက်နိုင်သဖြင့် ဝိုးလ်ချဲကို အားကိုးနေရသည်။

ကောင်းမြတ် သူ့အပေါ် တန်းတန်းစွဲဖြစ်အောင် လုပ်ခဲ့သမျှ အဆိပ်ပြေသွားစေရန် ပီယမျက်နှာဖုံးအား ဖျက်ဆီးပစ်လိုက်မည်ဟု တိမ်လွှာ ရည်ရွယ်ထားလိုက်သည်။

သူ့ကြောင့်ဖြစ်သွား၍ စံပယ် တိမ်လွှာနှင့် လာနေပေးသည်။ ကောင်းမြတ်မှာလည်း အားရင်အားသလို ရောက်ရောက်လာတတ်သည်။ သူမ ဒုက္ခိတဖြစ်နေချိန်တွင် လက်ထပ်ဖို့ကိုသာ ကောင်းမြတ် တောင်းဆိုနေ၏။

ဇာက်ကြောတွေလည်း မတက်တော့၊ ခင်ရူပါလည်း အနား





မကပ်နိုင်၍. . ကုပ်ခွစီးမည့်သူလည်းမရှိတော့. . ။ သို့သော် ခင်ရူပါ၏ နားကျည်းမှုများက တိမ်လွှာ့အပေါ် စုပုံကျသွားတော့သည်။

သို့နှင့် အိမ်ပြန်ရောက်ပြီးနောက်တစ်နေ့ တိမ်လွှာနှင့်စံပယ် မနက်စောစော အပြင်သို့ စိတ်ပြေလက်ပျောက် ထွက်လာကြသည် တိမ်လွှာ့ ဝိုးလ်ချဲအား စံပယ်က တွန်းပေးသည်။

ထိုစဉ် မျှော်လင့်မထားသည့် ကိစ္စတစ်ခု ဖြစ်ပေါ်လာလေ၏။ စံပယ့်ကို မမြင်ရသော တစ်ယောက်ယောက်က လှမ်းဆွဲလိုက်သဖြင့် နောက်သို့လန်ကျကာ ချော်လဲသွား၏။

တိမ်လွှာ လှည့်ကြည့်လိုက်စဉ်မှာပင် သူ့ဝိုးလ်ချဲကို တစ်စုံတစ်ယောက်က တွန်းလိုက်သလို ရွေ့လျားသွား၏။ ကုန်းဆင်းလည်း ဖြစ်နေ၍ ဝိုးလ်ချဲက တဖြည်းဖြည်းမြန်လာကာ. . . ဦးတည်ရာက ကားရှုပ်သည့်လမ်းဆုံသို့ ဖြစ်နေသည်။

ခင်ရူပါ သူ့ကိုသတ်ဖို့ ကြိုးစားနေပြီဆိုတာ တိမ်လွှာသိသွားသည်။

"ကယ်. . ကယ်ကြပါ. . ကယ်ကြပါ"

တစာစာ အော်ဟစ်အကူအညီတောင်းရင်း ဝိုးလ်ချဲ သယ်ဆောင်ရာနောက် ပါသွားသည့်တိမ်လွှာ အလွန်ပင်ကြောက်လန့်ခနေရှာသည်။ ကားလမ်းနှင့် တဖြည်းဖြည်းနီးကပ်လာလေ ပိုပြီးတုန်လှုပ်လာလေ ဖြစ်နေ၏။ လမ်းသွားလမ်းလာများကလည်း တအံ့တသြ ကြည့်နေသည်မှအပ လမ်းအစပ်ရောက်နေသည့်သူ့ကို ကူညီဖို့ အား မထုတ်ကြသဖြင့်. . တိမ်လွှာ စိတ်လျှော့ပြီး ဘုရားကိုသာ အာရုံပြု ထားလိုက်တော့၏။

ထိုအချိန်တွင် လူတစ်ယောက်ပြေးဝင်လာပြီး ဝိုးလ်ချဲ ဘီး

www.burmeseclassic.com



ရှေ့မှဆီးကာ၍ အရှိန်ကိုထိန်းပြီး တိမ်လွှာအား ကယ်တင်ဖို့ကြိုးစားသည်။ ဝိုးလ်ခဲ့လည်း လမ်းဘေးမှာရပ်သွား၏။ ထိတ်လန့်တာတွေပြေသွားပြီး တိမ်လွှာ သေချာကြည့်မိတော့. . .

"ဟင်. . ကို"

"ဟုတ်တယ် တိမ်လွှာ၊ အိမ်မှာမတွေ့လို့. . ဦးတင်ငွေကဒီဘက်သွားတယ်ဆိုလို့ လိုက်လာတာ"

"ကို. . တိမ်လွှာ့ဝိုးလ်ခဲ့ကို ခင်ရူပါ တွန်းလိုက်တာဖြစ်မယ်"

ထိုအချိန်တွင် စံပယ်လည်း နောက်ကပြေးလာနေလေပြီ။ ကောင်းမြတ်လည်း ရပ်နေပြီဖြစ်သော ဝိုးလ်ခဲ့နောက်တလက်ကိုင်ဆီ ပြောင်းကိုင်ရန် လက်လှမ်းလိုက်စဉ်. . .

ရယ်သံကြီးပေါ်လာကာ လှည်းကိုဆောင့်တွန်းတာ ခံလိုက်ရ၏။ လမ်းမအလယ်ပေါ်သို့ ဝိုးလ်ခဲ့ တက်သွားလေတော့၏။

တားတွေကလည်း ဟွန်းသံတတီတီပေးကာ ရှောင်သွားကြ၏။ သို့သော် အရှိန်မထိန်းနိုင်သော ကုန်တင်ကားကြီးတစ်စီးမှာ လမ်းမအလယ်ခေါင် ရောက်နေသော ဝိုးလ်ခဲ့လေးဆီ စလစ်ဆွဲကာ ရောက်လာလေတော့သည်။

"ဘော်!. . ဘွမ်!. . ကျွီ!. . ကျွီ!. . . "

ထိုအခိုက် ကောင်းမြတ် စွန့်စားမှုတစ်ခုကို လုပ်တော့၏။

တိမ်လွှာ့ကို တိုက်လုတိုက်ခင် အချိန်လေးမှာပင် လမ်းမပေါ် ပြေးတက်သွားကာ ဝိုးလ်ခဲ့အား တစ်ဖက်ပလက်ဖောင်းဆီသို့ အားကုန်တွန်းလွှတ်လိုက်၏။ တိမ်လွှာ့ ဝိုးလ်ခဲ့လေး အတိုက်ခံရမည့်ဘေးမှ လွတ်မြောက်သွားသော်လည်း ကောင်းမြတ်မှာ မလွတ်နိုင်တော့. . .





"ဝုန်း!. . "

"အား!. . "

"အမလေး!. . ကို. . ကို. . "

ကောင်းမြတ် လမ်းပေါ်နှစ်ပတ်သုံးပတ် လွှမ်းပျံလိမ့်ထွက်သွားပြီးမှ ပြန်ပြုတ်ကျလာသည်။

"အမလေး. . . သေပါပြီ"

ထိုအဖြစ်အား တစ်ဖက်ပလက်ဖောင်းစပ်တွင် ဝိုးလ်ခဲ့လေးလဲနေသည့်ကြားက တိမ်လွှာ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

စံပယ်အနားရောက်လာကာ ဝိုးလ်ခဲ့ပြန်ထောင်ပေးပြီး လဲကျနေသော ကောင်းမြတ်ဆီရောက်အောင် တွန်းပို့ပေးသည်။

ဒဏ်ရာဗလပွနှင့် ကောင်းမြတ်နားအရောက်. . တိမ်လွှာ လှည်းပေါ်မှ လျှောဆင်းလိုက်၏။

ကောင်းမြတ်ဘေးတွင်ယှဉ်ပြီး ဒူးထောက်လျက်ကျသွားသည်။ တစွတ်စွတ်ခေါ်ရင်း ပွေ့ထူလိုက်ရာ ကောင်းမြတ်ပါးစပ်မှ သွေးတွေ တလဟောစီးကျလာလေတော့၏။

"ကို. . ကို. . တိမ်လွှာကို ထကြည့်ပါဦး. . ကိုရဲ့"

ပီယမျက်နှာဖုံးအား မဖျက်ဆီးရသေးခင်မှာပင် ကောင်းမြတ် လောကကြီးထဲက ထွက်ခွာသွားခဲ့ရလေပြီ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**ကောင်း**မြတ် လူ့လောကကို နှုတ်ဆက်ထွက်ခွာသွားတာ တစ်လပြည့်သွားပြီဖြစ်သည်။ မနက်က သူ့အတွက်ရည်စူးကာ အလှူလေးလုပ်ပေးခဲ့သေးသည်။ ပီယမျက်နှာဖုံးအားလည်း ဖျက်ဆီးပစ်ခဲ့ပြီးပြီ. . ။

တိမ်လွှာ ဒီတိုက်ခန်းတွင် မနေချင်တော့၍ စံပယ်တို့ အိမ်နားပြောင်းနေရန် စီစဉ်ရသည်။ တိမ်လွှာ အိမ်ပြောင်းရန် စီစဉ်သိမ်းဆည်းနေ၏။

ဒီတစ်ခါအိမ်ပြောင်းတော့ ကေသွယ်လည်း မလာသဖြင့် သူတစ်ယောက်တည်းဖြစ်နေ၏။

ကောင်းမြတ်၏ဝိညာဉ်ကို နှုတ်ယူခွင့်ရသွား၍. . ခင်ရှုပါလည်း ကျေနပ်သွားပြီထင်၏။ တမလွန်ဝိညာဉ်လောကမှာ သူတို့ဆုံတွေ့နေကြပြီလားမသိ. . ။





"ဒေါက်!. . ဒေါက်!. . ဒေါက်!. . "

ထိုစဉ် တံခါးခေါက်သံကြားလိုက်၏။ အိမ်ပြောင်းရွှေ့အဖွဲ့ကိုခေါ်ထား၍ သူတို့ရောက်လာကြပြီထင်သည်။

တိမ်လွှာ တံခါးဖွင့်ပေးလိုက်၏။

"ဟင်!. . ကို. . "

အပေါက်ဝမှာ ရပ်နေသည့်ပုဂ္ဂိုလ်က. . ဒဏ်ရာဗလပွနှင့် ကောင်းမြတ်ပဲ ဖြစ်လေတော့သတည်း။ ။



www.burmeseclassic.com